mgyoe.com




# ကမ္ဘာကျော်စစ်ပညာရှင်ကြီး
# ဟန္နီဗော

ရဲဘော်ဖေသန်း
ပြုစုသည်။

mgyoe.com

တတိယအကြိမ်

ကာသေးစစ်ဗိုလ်ချုပ်ကြီး ဟန္နီဗောကို
ကမ္ဘာကကြေသော်လည်း ဉဒါန်းမကြေသော
စစ်ပွဲတကာ အောင်မှုးသခင် ဟူ၍လည်းကောင်း၊
စစ်ပါရမီရှင်၊ စစ်ပါရဂူ ဟူ၍လည်းကောင်း
တင်စားခဲ့ကြပါသည်။
ဟန္နီဗောသည် စစ်အတတ်၌ လိမ္မာပွန်းတီးသော
စစ်ဉာဏ်ကြီးရှင်တစ်ဦး ဖြစ်သည့်အတွက်
ဤစာအုပ်တွင် သူ၏သေနင်္ဗျူဟာကို
ပဓာနထား၍ လေ့လာတင်ပြအပ်ပါသည်။



NF0071
3,800.00 KS

mgyne.com

mgyoe.com

ကမ္ဘာကျော်စစ်ပညာရှင်ကြီးဟန်နီဘော၊ ရဲဘော်ဖေသန်း
စာမျက်နှာ ၃၀၆ မျက်နှာ၊ ၁၃ စင်တီ x ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇန်နဝါရီလ၊ တတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၆ ပြည့်စုံစာအုပ်တိုက်၏ ဒုတိယအကြိမ်မူ၊

ရောင်းဈေး ၃၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာကျော်စစ်ပညာရှင်ကြီး
# ဟန်နီဗော

ရဲဘော်ဖေသန်း
ပြုစုသည်။

တတိယအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | နိဒါန်း | က |
| အခန်း (၁) | ငယ်စဉ်ဘဝ ပတ်ဝန်းကျင် | ၉ |
| အခန်း (၂) | ပွဲမဝင်မီ | ၁၆ |
| အခန်း (၃) | လူနှင့်လက်နက် | ၃၀ |
| အခန်း (၄) | ရှန်းမြစ်သို့ ချီရာဝယ် | ၄၈ |
| အခန်း (၅) | ရေပေါ်သော ဆင်တပ် | ၅၈ |
| အခန်း (၆) | အဲလ်ပကို ကျော်ရာဝယ် | ၆၉ |
| အခန်း (၇) | တောင်ဝင် လျှိုဝင်လမ်း | ၇၃ |
| အခန်း (၈) | ချုံခိုတိုက်ပွဲ | ၈၀ |
| အခန်း (၉) | နောက်ဆုံး အဆီးအတား | ၈၅ |
| အခန်း (၁၀) | သိပ္ပံ့အစွမ်း | ၉၀ |
| အခန်း (၁၁) | ပထမအကြိမ် သွေးမြေကျခြင်း | ၉၉ |
| အခန်း (၁၂) | ထရစ်ဘီးယားစစ်ပွဲ | ၁၀၉ |
| အခန်း (၁၃) | ငါးစာ | ၁၂၀ |
| အခန်း (၁၄) | ထောင်ချောက် | ၁၂၇ |
| အခန်း (၁၅) | ရန်သူကို စစ်ပန်းစေသူ | ၁၃၅ |
| အခန်း (၁၆) | နွားကွဲ ကျားကိုက် | ၁၅၆ |
| အခန်း (၁၇) | ကန္နီးစစ်ပွဲ | ၁၆၆ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| အခန်း (၁၈) | စစ်ချိန်ခွင်ညွှာ ပြောင်းလဲခြင်း | ၁၈၃ |
| အခန်း (၁၉) | ဝိညာဉ်ပျော်ရာ ရေကန်သာ | ၁၉၄ |
| အခန်း (၂၀) | တာရင်တမ်မြို့ | ၂၀၀ |
| အခန်း (၂၁) | ရောမသို့ ချီလေရာ | ၂၂၀ |
| အခန်း (၂၂) | ဒုတိယ ဟန်နီဗော | ၂၂၉ |
| အခန်း (၂၃) | ဟက်(စ်)ဒရူးဗော အီတလီသို့ စစ်ချီခဲ့ခြင်း | ၂၄၄ |
| အခန်း (၂၄) | အချစ်နတ်သမီး အဖရိုဒိုက်ကဲ (သို့မဟုတ်) ကာသေ ကလီယိုပက်ထရာ | ၂၆၀ |
| အခန်း (၂၅) | ဟန်နီဗော စစ်ရှုံးခြင်း | ၂၇၉ |
| အခန်း (၂၆) | ဟန်နီဗော၏ ဘဝနိဂုံး | ၂၉၇ |


■

mgyoe.com

mgyoe.com

# နိဒါန်း

ကာသေ စစ်ဗိုလ်ချုပ်ကြီး ဟန္နီဗောကို ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေသော စစ်ပွဲတကာ 'အောင်မှုုသခင်' (Immortal Conqueror) ဟူ၍ စစ်သမိုင်း သုတေသီတို့က ကမ္ပည်းတင်ခဲ့ကြပြီး တချို့ သမိုင်းကဝိတို့ကမူ စစ်ပါရမီရှင်၊ စစ်ပါရဂူ (Military Genius) စသည့် ဘွဲ့မည်များတို့ဖြင့် တင်စားခဲ့ကြပါသည်။

(Genius) ဆိုသည့် ဝေါဟာရကို ဆရာမောင်ထင်က 'ဉာဏ်ကြီးရှင်' ဟူ၍ လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းက 'သေနင်္ဂဗျူဟာ စစ်ပညာ' တွင် (Military Genius) ကို 'စစ်ပါရဂူ၊ စစ်တေဒဂ်' ဟူ၍ လည်းကောင်း မြန်မာမှုပြုထားသည်ကို သညာပြုလိုက်မိပါသည်။

သို့ဆိုလျှင် သမိုင်းသုတေသီတို့က အဘယ့်ကြောင့် ကာသေ စစ်သူကြီး ဟန္နီဗောအား အထက်ဖော်ပြပါ ဘွဲ့မည်များ အပ်နှင်းကာ ကမ္ပည်းတင်ခဲ့ကြပါသနည်းဟု မေးဖွယ်ရာ ရှိပါ၏။

ယင်းမေးခွန်းကို မဖြေမီ စစ်အောင်နိုင်သော စစ်သူကြီးတို့တွင် ရှိအပ်သည့် အရည်အချင်းများနှင့် စပ်လျဉ်း၍ ခေတ်ဟောင်း၊ ခေတ်သစ် စစ်ပါရဂူတို့၏ အနက်ဖွင့်ဆို

mgyoe.com

mgyoe.com


ချက်များကို ရှေးဦးစွာ လေ့လာရန် လိုအပ်ဦးမည် ထင်ပါသည်။

"တိုက်ပွဲ အောင်နိုင်သော စစ်သူကြီး ဆိုသည်မှာ ဆင်နွှဲအံ့သော တိုက်ပွဲအတွက် လစ်ဟင်းမှု မရှိစေရန် အဘက်ဘက်မှ အကြိမ်ကြိမ်အလီလီ ကြိုတင်ကြံဆထားသူ ဖြစ်သည်။

တိုက်ပွဲ ရှုံးနိမ့်ရသော စစ်သူကြီး ဆိုသည်ကား တိုက်ပွဲမဝင်မီ သာမန်မျှသာ တွေးတောကြံဆထားသူ ဖြစ်သည်။"

(ဆန်ဇု)

အထက်ပါ အဆိုအမိန့်မှာ လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀ ကျော်က တရုတ်စစ်ပါရဂူကြီး ဆန်ဇု ရေးသားခဲ့သည့် စစ်ပညာကျမ်း (The Art of War) ပါ အဆိုအမိန့် တစ်ရပ် ဖြစ်ပါသည်။

တရုတ် စစ်ပါရဂူကြီး ဆန်ဇု ညွှန်းဆိုခဲ့သော အထက်ဖော်ပြပါ 'အရည်အချင်းစံ' မျိုး ကာသေစစ်သူကြီး ဟန်နီဗောတွင် ရှိ၊ မရှိ သူဆင်နွှဲခဲ့သော ကန်နီးစစ်ပွဲကပင် အဖြေပေးခဲ့ပါသည်။ ကန်နီးစစ်ပွဲတွင် ဖြစ်၏။

ရန်သူ့နယ်မြေပေါ်တွင် ဆင်နွှဲရသော စစ်ပွဲလည်း ဖြစ်ပါ၏။

ရန်သူ့အင်အားမှာလည်း မိမိ (ဟန်နီဗော) ၏ အင်အားထက် နှစ်ဆမျှ သာလွန်နေ၏။ ထိုအခြေအနေတွင် ဟန်နီဗောသည် မိမိ၏ မြင်းတပ်ကြီးကို တွင်ကျယ်စွာ အသုံးချနိုင်မည့် စစ်တလင်းကို စိတ်ကြိုက် ရွေးချယ်ကာ မိမိ ကြိုတင်ရွေးချယ်ထားသည့် 'သတ်ကွင်း' ထဲသို့ ရန်သူ မရှောင်မလွှဲသာ စစ်ဆိုင်လာစေရန် ဖန်တီးယူခဲ့သည်။

ထို့ကြောင့် ကန်နီးစစ်ပွဲသည် ကမ္ဘာ့စစ်သမိုင်းတစ်လျှောက်တွင် ကြီးကျယ်ထင်ရှားသော စစ်ပွဲကြီး တစ်ပွဲ

mgyoe.com

mgyoe.com



အဖြစ် ထာဝရ နေရာယူနိုင်ခဲ့ခြင်းလည်း ဖြစ်ပါသည်။ ကာသေစစ်သူကြီး ဟန်နီဗော၏ အောင်ပွဲသည် ကံကြောင့်လည်း မဟုတ်သကဲ့သို့ ရှောင်တခင် ပေါ်ပေါက်လာသည့် အခွင့်အရေးကြောင့်လည်း မဟုတ်သည်မှာ ထင်ရှားလှပါသည်။

ထို့ကြောင့်လည်း 'စစ်ဘုရင်ကြီး နပိုလီယံ' က စစ်အောင်နိုင်သော စစ်သူကြီးတို့၏ အရည်အချင်းနှင့် စပ်လျဥ်း၍ အောက်ပါအတိုင်း မိန့်ဆိုခဲ့ခြင်း ဖြစ်တန်ရာသည်။

> "စစ်သူကြီးတစ်ဦး၏ အောင်မြင်မှုများမှာ မတော်တဆ ပေါ်ပေါက်လာသော အခွင့်အရေးကြောင့် မဟုတ်သကဲ့သို့ ကံကြောင့်လည်း မဟုတ်ချေ။ အမြော်အမြင်ကြီးစွာ ကြိုတင်စီမံတတ်ခြင်းနှင့် မွေးရာပါ အရည်အချင်းတို့ကြောင့်သာလျှင် ဖြစ်သည်။"

ထိုစစ်ပွဲ၌ ရောမနှင့် ယင်း၏ မဟာမိတ် စစ်သည်ပေါင်း ၇၀၀၀၀ ကျော်မျှ ကျဆုံးပြီး မိမိ (ဟန်နီဗော) ဘက်မှ စစ်သည် ၆၀၀၀ ကျော်မျှသာ ကျဆုံးခဲ့သည်။ ထို့ကြောင့် နှစ်ဖက်တပ်မှ ကျဆုံးသူ စုစုပေါင်း ၈၀၀၀၀ နီးပါးမျှ ကျဆုံးသည်ဟု ဆိုရပါမည်။

ယင်းစစ်ပွဲတွင် ကျဆုံးသူ အရေအတွက်မှာ ကြောက်ခမန်းလိလိပင် များပြားခဲ့သည်။ နာရီအနည်းငယ်မျှသာ တိုက်ရသော ဓား၊ လှံ လက်နက်တို့ဖြင့်သာ တိုက်ရသော ကန်နီးစစ်ပွဲတွင် ကျဆုံးသည့် စစ်သည်ဦးရေမှာ ပထမ ကမ္ဘာစစ်နှင့် ဒုတိယ ကမ္ဘာစစ်ကြီး နှစ်စစ်အတွင်း ဗြိတိသျှ လေတပ်မတော်မှ ကျဆုံးခဲ့ရသည့် စစ်သည်အရေအတွက်ထက် များပြားခဲ့လေသည်။ တစ်ဖန် ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့ရသည့် အမေရိကန် ကြည်း၊ ရေ၊ လေ စစ်သည်ဦးရေ၏ သုံးပုံတစ်ပုံနီးပါးမျှပင် ရှိခဲ့သည်။ ကန်နီးစစ်ပွဲတွင်

mgyoe.com

mgyoe.com



အသုံးပြုခဲ့သော 'ဟန္နီဗော' ၏ နည်းဗျူဟာသည် အဏု မြူဖုံးတမျှ အဖျက်စွမ်းအား ကြီးမားလှသည်ဟု စစ်သမိုင်း သုတေသီတို့က ဆိုမှတ်ခဲ့ကြခြင်း ဖြစ်သည်။ စစ်အောင်နိုင်မှုတွင် လူသူအင်အား အနည်းအများကား အကြောင်း မဟုတ်။ စစ်ခံ၊ စစ်ထွက်၊ စစ်တက်၊ စစ်ဆုတ်ခြင်းတို့၌ ပွန်းတီးလိမ္မာခြင်း၊ အမြော်အမြင်ရှိခြင်းတည်း ဟူသော စွမ်းရည်သတ္တိ သေနင်္ဂဗျူဟာသာလျှင် ပဓာနဖြစ်သည်ဟု ဆိုမြဲ ဖြစ်ပါ၏။

> "စစ်တို့၏ သဘောသည် ဗိုလ်ခြေအင်အား နည်းသည်၊ များသည်မှာ အကြောင်းမဟုတ်။ လက်ရုံးရည်၊ နှလုံးရည်၊ ကြံရည် ဖန်ရည်သာမှသာ အကြောင်းရင်း ဖြစ်သည်။"

(ဦးအောင်ဇေယျ)

စစ်သူကြီးတို့၏ အတတ်သည် သေနင်္ဂဗျူဟာ ဖြစ်၏။ အဘယ်နည်း။

> "ကက္ကဋဗျူဟာ၊ စက္ကဗျူဟာ၊ ပဒုမဗျူဟာ စသည့် အစီအရင်တို့ဖြင့် စစ်ခံ၊ စစ်ထွက်၊ စစ်တက်၊ စစ်ဆုတ်ခြင်းတို့၌ ပွန်းပွန်းတီးတီး တတ်သိလိမ္မာစွာ အမြော်အမြင်ရှိသည်ကို သေနင်္ဂဗျူဟာ မည်၏။"

(ဝိပ္ပလ္လာသ လက္ခဏာဒီပနီကျမ်း)

ကာသေစစ်သူကြီး ဟန္နီဗောသည် သေနင်္ဂဗျူဟာ၌ တတ်သိလိမ္မာသူ ဖြစ်၏။ ထို့ကြောင့်လည်း စစ်ဘုရင်ကြီး နပိုလီယံက သူ၏ တပ်မှူးများအား....

> "ငါသည် တပ်မှူးကောင်း တစ်ယောက် ဖြစ်ရန် မဟာအလက်ဇန္ဒား၊ ဟန္နီဗော၊ ဆစ်ပီယို၊ ဂျူးလီယက်ဆီဇာ စသည့် ပုဂ္ဂိုလ်ကြီးတို့၏ အတ္ထုပ္ပတ္တိနှင့် သူတို့ ဆင်နွှဲခဲ့သည့် စစ်ပွဲကြီးများ

mgyoe.com

mgyoe.com



အကြောင်းကို အကြိမ်ကြိမ်အထပ်ထပ် ဖတ်ရှု လေ့လာခဲ့သည်။ သင်တို့လည်း တပ်မှူးကောင်း များဖြစ်လိုလျှင် ထိုပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိနှင့် စစ်ပွဲကြီးများအကြောင်းကို အထပ်ထပ် ဖတ်ရှု လေ့ လာပါလေ" ဟု ဩဝါဒပေးခဲ့ခြင်း ဖြစ်သည်။"

တစ်ဖန် ...

"စစ်သူကြီး တစ်ဦး၌ အခါခပ်သိမ်း ရှိအပ်သော အရည်အချင်းတို့မှာ ပထမ အမှုအခင်းကြီး များ ပေါ်ပေါက်လာပါက ဆုံးဖြတ်ပိုင်နိုင်သည့် ခိုင် ကျည်သော နှလုံးရည်နှင့် ဒုတိယ ကြောက်စိတ် အလျှင်းကင်းသည့် ဘာမထီသော လက်ရုံးတို့ပင် ဖြစ်သည်။"

(ဂျိုမိနီ)

ဟန်နီဗောသည် ရန်သူတော် ရောမတို့ကို ရန်သူ့ နယ်မြေပေါ်၌ပင် အနိုင်ယူအံ့ ဟူသော မိမိပြုခဲ့သည့် ခိုင် ကျည်သော အဓိဋ္ဌာန်အတိုင်း ရန်သူက ထင်မှတ်ထားသော ဥရောပတွင် အမြင့်ဆုံး တောင်တန်းကြီးများ၊ ကျယ်ပြန့် သော စိမ့်မြေကြီးများ၊ ရေအလျဉ်အဟုန်ပြင်းသော မြစ်ကြီး များကို ဖြတ်ကျော်ကာ ရန်သူ့နယ်မြေအတွင်းသို့ အရောက် ဝင်ခဲ့သည်။ ဟန်နီဗောက မိခင်နယ်မြေမှ စတင် စစ်ထွက်ခဲ့ စဉ်က စစ်သည်အင်အား ၁၀၂၀၀၀၀ ပါရှိခဲ့ပြီး 'ရုန်းမြစ်' ကို ဖြတ်ကူးမိသောအချိန်တွင် စစ်သည်အင်အား ၆၀၀၀၀ မျှသာ ရှိတော့ကာ အဲလ်ပတောင်တန်းကြီးကို ဖြတ်ကျော်ပြီး ချိန်၌ စစ်သည်အင်အား ၂၃၀၀၀ မျှ ကျန်ရှိတော့သည်။ သို့တစေ သူ၏ ခိုင်ကျည်သော အဓိဋ္ဌာန်မှ တစ်ရွေးသားမျှ ပင် မလျော့စေရ။ စကားပြန်ပေါင်း တစ်ဒါဇင်ကျော်၏ အကူအညီဖြင့် အမိန့်ပေးခဲ့ရသော လူမျိုးပေါင်းစုံ ပါဝင် သည့် တပ်ကြီးကို တစ်သွေးတစ်သံ၊ တစ်မိန့်တည်းအောက်

mgyoe.com

mgyoe.com

တွင် အစုအစည်းမပြေ အုပ်ချုပ်ကွပ်ကဲနိုင်ခဲ့သည့် သူ၏ ခေါင်းဆောင်မှုစွမ်းရည်စတို့သည် ဟန္နီဗောလ်၏ နလုံးရည်ပင် မဟုတ်ပါလော။ စစ်တက်ရာ၌ ရှေ့ဆုံးက ထွက်ကာ စစ်ဆုတ်ရာ၌ တပ်၏ နောက်ဆုံးမှ ဆုတ်လေ့ရှိပြီး ထိုစဉ်က ကမ္ဘာပေါ်၌ စစ်စည်းကမ်း အကြီးဆုံးနှင့် စစ်အင်အား အတောင့်တင်းဆုံးသော ရောမ လီဂျင်တပ်ကြီးကို ရောမ မြေပေါ်တွင် ၁၆ နှစ်တိုင် ရှုံးပွဲမရှိ၊ အောင်ပွဲဆင်နိုင်ခဲ့သည်မှာ ဟန္နီဗောလ်၏ ဘာမထီသော လက်ရုံးရည်ပင် မဟုတ်ပါလော။ ဟန္နီဗော ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၂၀၀၀ ကျော်ခဲ့ပြီ။ သူ၏ နည်းဗျူဟာတို့သည် ခေတ်သစ် စစ်ပွဲများတွင် အသုံးပြုနေရဆဲ။ ၁၉၁၄ ခုနှစ်က ဂျာမန်တို့ ကျင့်သုံးခဲ့သော ကြောက်မက်ဖွယ် ထိုးစစ်ကြီး၏ (Double Envelope ment Theory) (နဂါးပတ်ဗျူဟာ) သည် 'အော်ဖီး ဒပ်စ်' မြစ်ကမ်းခြေတွင် ဟန္နီဗော ကျင့်သုံးခဲ့သည့် နည်းဗျူဟာကို နည်းမှီခဲ့ခြင်း ဖြစ်သည်။ နဂါးတို့မည်သည် မိမိကိုယ်လုံးဖြင့် ရန်သူကို အထပ်ထပ် ရစ်ပတ်၍ သတ်ဖြတ်ပစ်သည်ကို ရည်ရွယ်၍ (Double Envelopement Theory) (နဂါးပတ်ဗျူဟာ) တွင်သည်ကို လေ့လာရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းကမူ (Encirclement Strategy) (Envelope ment Tactics) ကို ရန်သူအား ဝိုင်းသိမ်း၍ ဝိုင်းဝန်း၍ ဆောပန်းတိုက်သည့်နည်းဟု မြန်မာမှုပြုခဲ့ပါသည်။ ဟန္နီဗော ၏ မဟာဗျူဟာ၊ နည်းဗျူဟာတို့သည် ယခုတိုင် ကမ္ဘာ့စစ်တက္ကသိုလ် အသီးသီးတွင် လေ့လာနေရဆဲ ဖြစ်သည်။ လူသားတို့ အဏုမြူစစ်ပွဲကြီးများ မဆင်နွှဲဖြစ်သေးသမျှ 'ဟန္နီဗော' ၏ မဟာဗျူဟာ၊ နည်းဗျူဟာတို့ကို ကမ္ဘာ့စစ်တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းမှ ထုတ်ပယ်၍ရဦးမည် မဟုတ်ဟု ခေတ်သစ်စစ်ပညာရှင်များက ကောက်ချက်ချကြခြင်းလည်း ဖြစ်ပေသည်။ နိဂုံးချုပ်အနေဖြင့် ဆိုရသော်...

mgyoe.com

mgyoe.com



ဟန္နီဗောသည် စစ်အတတ်၌ လိမ္မာပွန်းတီးသော စစ်ဉာဏ်ကြီးရှင်တစ်ဦး ဖြစ်သည့်အားလျော်စွာ ဤစာအုပ်သည် ဟန္နီဗော၏ သေနင်္ဂဗျူဟာကို ပဓာနထား၍ လေ့လာမည် ဖြစ်ပါသည်။ သို့ရာတွင် လူသားမျိုးနွယ် တစ်ရပ်လုံးကို ပျက်သုဉ်းစေနိုင်သည့် မဟာဗျူဟာ လက်နက်ကြီးများကို ယခု ၂၀ ရာစုနှစ်တွင် ပိုင်ဆိုင်နေသည့်တိုင် လူပုဂ္ဂိုလ်၏ ခေါင်းဆောင်မှုစွမ်းရည် အခန်းကဏ္ဍသည်လည်း မေ့မှိန်သွားသေးသည် မဟုတ်ပေရာ ဟန္နီဗော၏ ခေါင်းဆောင်မှုစွမ်းရည်ကိုလည်း လေ့လာမည် ဖြစ်ပါသည်။ တစ်ဆက်တည်းမှာပင် လူသားတိုင်း အပြစ်မကင်း၊ စိတ်တည်း ဟူသော ဒင်္ဂါးတစ်ချပ်တွင် ခေါင်းတစ်ဖက်၌ စိတ်ယဉ်ရှိပြီး ပန်းတစ်ဖက်၌ စိတ်ရိုင်းရှိမြဲ ဖြစ်သည်။ ဒုစရိုက်ရှိသကဲ့သို့ သုစရိုက်လည်း ရှိမည်မှာ သဘာဝပင်။ ထို့ကြောင့် ကမ္ဘာကျော် စစ်ခေါင်းဆောင်ကြီး ဟန္နီဗော၏ စိတ်စရိုက်ကိုလည်း လေ့လာမည် ဖြစ်ပါသည်။ မြန်မာပြန်သူ၏ ရည်ရွယ်ချက်မှာကား ကမ္ဘာ့ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိကို ယနေ့လူငယ်များ ဖတ်ရှုခြင်းဖြင့် ကမ္ဘာ့သမိုင်းကို လေ့လာနိုင်ရန်ပင် ဖြစ်ပါသတည်း။

မြန်မာပြန်သူ

mgyoe.com



Cremona
Placentia
Bononia
(Bologna)
BOII
SENONES
UMBRIA
PICENI
Faesulae
Arretium
Cortona
Perusia
Spoletium
ILVA
(ELBA)
CORSICA
Alba
Fucens
ADRIATIC SEA
FRENTANI
SAMNIUM
Larinum
Gerunium
Luceria
Cannae
Roma
Capua
Beneventum
Venusia
Nola
Cumae
Neapolis
CAMPANIA
HIRPINI
Metapontum
Tarentum
Brundisium
LUCANIA
Paestum
(Poseidonia)
Thurii
Sybaris
Crotona
BRUTTIUM
SARDINIA
TYRRHENIAN SEA
Messana
Rhegium
SICILY
Lilybaeum
Agrigentum
Syracuse
Carthage
MALTA
100mls
0
100kms


mgyoe.com

mgyoe.com




THE WESTERN MEDITERRANEAN 218BC
showing the different peoples recruited
into Hannibal's army for his march on Rome

mgyoe.com

mgyoe.com





mgyoe.com


mgyoe.com

# THE BATTLE OF CANNAE 216 BC


## Phase 1




## Phase 2





## Phase 3





mgyoe.com

mgyoe.com




THE BATTLE OF
LAKE TRASIMENE 217 BC




THE BATTLE OF ZAMA 202 BC

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com

mgyoe.com

mgyoe.com




**HANNIBAL**
(BC 247-183)

mgyoe.com

mgyoe.com



ကာသေဆင်တပ်ဖြင့် ဟန္နီဗော တိုက်ပွဲဆင်နွှဲဟန်။



စစ်သည်တော်များက ဟန္နီဗော၏ ဆင်တပ်အား ဖောင်ဖြင့် တင်ဆောင်လာစဉ်။

mgyoe.com



mgyoe.com

mgyoe.com



အဲလ်ပတောင်တန်းကို ဖြတ်ကျော်လာသည့် ဟန်နီဗောနှင့် စစ်သည်တော်များ။



တိုက်ပွဲဝင်ရန် ဆင်တပ်ဖြင့် ဟန်နီဗော ချီတက်လာစဉ်။

mgyoe.com



ရောမသို့ ချီတက်ရာတွင် ဟန်နီဗော၏ တပ်များ အဲလ်ပတောင်ကို ဖြတ်ကျော်စဉ်။

mgyoe.com

mgyoe.com



စစ်ချီရန် ဟန္နီဗောရဲ့ တပ်ဖွဲ့များ ပြင်ဆင်နေပုံ။



ရောမသို့ ဟန္နီဗောတပ်များ ချီလာပုံကို ရေးဆွဲထားသည့် ပန်းချီကားချပ်။

mgyoe.com



mgyoe.com

mgyoe.com



ကမ္ဘာကျော် စစ်ပညာရှင်ကြီး ဖြစ်လာမည့် ဟန်နီဘော၏ ငယ်ဘဝ။



ကာသေ၏ အရှင်သခင် ဟန်နီဘော လှေတော်ဖြင့် စစ်ချီပုံ ပန်းချီကားတစ်ချပ်။

mgyoe.com

mgyoe.com

## အခန်း (၁)
## ငယ်စဉ်ဘဝ ပတ်ဝန်းကျင်

ဟန္နီဗော မွေးကင်းစအရွယ်တွင် ရောမသည် ဖွံ့ဖြိုးဆဲနိုင်ငံငယ် အဆင့်မျှသာ ရှိပေသေးသည်။ ထို့ကြောင့်ပင် ဟန္နီဗော၏မျိုးနွယ် ကာသေ တို့က လွန်ခဲ့သော နှစ်ရာပေါင်းများစွာမှ ယခုတိုင် မိမိတို့ ကြီးစိုးခွင့်ရနေ သည့် အနောက်မြေထဲပင်လယ် ရေကြောင်းကုန်သွယ်မှုကို ခြိမ်းခြောက်စ ပြုလာသော တက်သစ်စ နိုင်ငံငယ်တစ်ခု ဖြစ်သော ရောမကို မြင်နေခြင်း လည်း ဖြစ်ပေသည်။

ဖိုနီးရှန်းကို တည်ထောင်ခဲ့သော ရှေးခေတ် ကာသေပြည်သည် မြောက်အာဖရိကရှိ ယခုခေတ် ကျူးနစ်မြို့အနီး၌ တည်ရှိသည်။ ဖိုနီးရှန်း လူမျိုးတို့သည် ရှေးခေတ် ဆီမီးတစ်မျိုးနွယ်မှ ဆင်းသက်လာသည့် လူမျိုးစု ဖြစ်လျက် လက်ဘနွန်နှင့် ပင်လယ်ကြားရှိ အရှေ့မြေထဲ ပင်လယ်ကမ်းရိုး တန်း တစ်လျှောက်၌ အခြေချ နေထိုင်လာခဲ့ကြသူများ ဖြစ်လေသည်။ ယင်းတို့၏ ဆိပ်ကမ်းမြို့ကြီးများ ဖြစ်ကြသော တိုင်ယာနှင့် ဆီဒုန်တို့သည် ခရစ်ယာန် ဓမ္မကျမ်းဟောင်းထက် ကမ္ဗည်းတင်ခြင်းခံရသော ဆိပ်ကမ်းမြို့ ကြီးများ ဖြစ်လေသည်။

ဖိုနီးရှန်းပိုင် 'ဘိုင်ဘလော့(စ်)' သို့မဟုတ် 'ဘစ်ဘလော့(စ်)' အမည် တွင်သော ကျန်ဆိပ်ကမ်းမြို့ကြီး တစ်မြို့လည်း ရှိပေသေးသည်။ ဘစ်

mgyoe.com

mgyoe.com

ဘလော့(စ်)သည် ဂရိဘာသာအရ 'စာအုပ်' ဟု အဓိပ္ပာယ်ရသည်။ ယင်းကို အစွဲပြု၍ ခရစ်ယာန်ဓမ္မကျမ်းကို 'ဘိုင်ဘယ်လ်' ဟု ခေါ်ဝေါ်သမုတ်ခဲ့ခြင်း ဖြစ်သည်ဟု ပညာရှိများ အဆိုရှိလေသည်။ ဘစ်ဘလော့(စ်)မြို့သည် ထို ခေတ်က စက္ကူအဖြစ် အသုံးပြုသော (ပါပိုင်းရပ်စ်) ခေါ် ကျူရွက်များကို ကမ္ဘာ့ဈေးကွက်အနှံ့သို့ တင်ပို့သော အဓိက ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်လေ သည်။

လုံ့လဉဿာဟရှိသော ဖိုနီးရှန်း ကုန်သည်တို့သည် ခရစ်မပေါ်မီ နှစ်ပေါင်း ၁၂၀၀ ခန့်မှ စတင်ကာ အရှေ့မြေထဲပင်လယ်၏ ရေကြောင်း ကုန်သွယ်မှုကို ကြီးစိုးထားနိုင်သည်ဖြစ်ရာ ယင်းတို့၏ မြောက်မြားစွာသော ကုန်တင်သင်္ဘောများသည် လက်ဘနွန်၊ အာရှမိုင်းနား၊ ဂရိ၊ အီတလီ၊ အာဖရိက၊ စပိန်နှင့် မြေထဲပင်လယ်ကျွန်းများ၏ ဆိပ်ကမ်းများတွင် စုန် ချည်ဆန်ချည် ကုန်သွယ်ခြင်းပြု၍ နေနိုင်ခဲ့ကြလေသည်။

စင်စစ် ဖိုနီးရှန်းတို့သည် မျိုးရိုးဗီဇအားဖြင့် ကုန်သည်များသာ ဖြစ် ကြ၍ စစ်သားများ မဟုတ်ကြချေ။ ဤသို့ ရိုးသားသည့် ကုန်သည် မျိုးနွယ် ဘိုးဘေးတို့မှပင် ဟန္နီဗောသည် ဆင်းသက်လာခဲ့ခြင်း ဖြစ်သည်။ ဖိုနီးရှန်း တို့သည် ကိုလိုနီထမ်းပိုးကို ကျွဲပခုံးထမ္ဗျ ထမ်းခဲ့ကြရသူများ ဖြစ်သည်။ ဖိုနီးရှန်းတို့၏ မိခင်မြေကို ကိုးရာစုနှစ်တွင် အာဆီးရီးယန်းတို့က ဝင်ရောက် တိုက်ခိုက်ပြီး ကိုလိုနီပြုကျင့်ခဲ့ရာမှ စတင်ကာ ကိုလိုနီထမ်းပိုးအောက်မှ လွတ်မြောက်သည်ဟူ၍ မရှိခဲ့တော့ချေ။ ဖိုနီးရှားပြည်သည် အာဆီးရီးယား အင်ပိုင်ယာနှင့် အီဂျစ်အင်ပိုင်ယာကြား၌ ညှပ်ပိတ်မိနေသော ကျဉ်းမြောင်း သည့် ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ရာ အင်အားကြီးနိုင်ငံများ နှိပ်စက် ကလူပြုသမျှ လည်စင်းခံနေရသည့် ပြည်ငယ်လေးတစ်ခု ဖြစ်လေသည်။ ထိုအခြေအနေတွင် လွတ်လပ်မှုကို မြတ်နိုးသော ဖိုနီးရှန်းတစ်စုသည် ယခင် သူတို့ ပင်လယ်ရေကြောင်း ကုန်သွယ်မှု စိုးမိုးခွင့်ရခဲ့သော မြေထဲပင်လယ် ကမ်းခြေတစ်လျှောက် သွားရောက် အခြေစိုက်နေထိုင်ခြင်း ပြုခဲ့ကြလေ သည်။ ယင်းသို့ဖြင့် ဖိုနီးရှန်းတို့သည် ဆိုက်ပရပ်(စ်)၊ စစ္စလီ၊ ဆာဒီးနီးယား၊ စပိန်၊ မော်လ်တာနှင့် မြောက်အာဖရိက ကမ်းခြေတစ်လျှောက်၌ တစ်စ တစ်စ တစ်စ ဝင်ရောက် ခိုလှုံလာကြတော့သည်။

mgyoe.com

mgyoe.com

ဤတွင် နယ်သစ်ပယ်သစ် ရှာဖွေအခြေစိုက်ခဲ့သော ဖိုနီးရှန်းတို့နှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုကို လက်ဝါးကြီးအုပ်လိုသော ဂရိတို့ အကြား တင်းမာမှုများ ပေါ်ပေါက်လာခဲ့လေသည်။ ထိုစဉ်က ဂရိတို့သည် ကုန်စည်ဒိုင်များ ဖွင့်နိုင်ရန် အချက်အချာကျသော ဆိပ်ကမ်းမြို့များကို ကိုလိုနီပြုကျင့်နေသော ကာလလည်းဖြစ်ပေရာ သဘာဝအားဖြင့် ကုန်သည် များသာဖြစ်သည့် ဖိုနီးရှန်းတို့သည် ဂရိတို့၏ အနိုင်အထက်ပြုမှုများကြောင့် အတိုက်အခိုက် ရက်စက်သော စစ်သည်ရဲမက်များဘဝသို့ ကူးပြောင်းလာခဲ့ ရတော့သည်။ ဤနည်းဖြင့် အနောက်မြေထဲပင်လယ် ကမ်းရိုးတန်းနှင့် ယင်းဒေသရှိ ကျွန်းများကို လည်းကောင်း၊ ဂရိနှင့် ယင်းဒေသရှိ ကျွန်းများ ကို လည်းကောင်း ချုပ်ကိုင်နိုင်ရေးအတွက် ဂရိ၊ ကာသေတို့အကြား ပြင်းထန် ခါးသီးသော ရေကြောင်းစစ်ပွဲကြီးများ ဖြစ်ပွားခဲ့လေသည်။

ယင်းသို့ရှိရာမှ ဟန္နီဗော မမွေးဖွားမီ နှစ်ပေါင်း ၃၀၀၊ တစ်နည်း ဘီစီ ၅၀၀ သို့ တိုင်သောအခါ ကာသေသည် နီးဝေးမဟူ တိုင်းကြီးပြည် ငယ် ခန့်ညားရသော အင်အားကြီးနိုင်ငံကြီး တစ်နိုင်ငံအဖြစ် ရပ်တည်လာ နိုင်ခဲ့လေသည်။ ကာသေ မာလိန်မှူးတို့သည် ပင်လယ်ရေကြောင်းဆိုင်ရာ ပညာရပ်တွင် ထူးချွန်သူများဖြစ်ရာ မြေထဲပင်လယ် ကမ်းရိုးတန်းသာမက အတ္တလန္တိတ် သမုဒ္ဒရာထဲသို့ပင် ချင်းနင်းဝင်ရောက်ကာ မြောက်အာဖရိက ကမ်းခြေများသို့တိုင် ခရီးဆန့်နိုင်ခဲ့ကြလေသည်။

ဤသို့ ဂရိတို့နှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုပ်ရာမှ ဖြစ်ပွား ခဲ့သော ပဋိပက္ခ အေးမည်ကြံဆဲမှာပင် မြောက်ဘက်ဆီမှ ရောမတို့က ကာသေအား ခြိမ်းခြောက်လာခဲ့ပြန်လေသည်။ ထိုစဉ်က ရောမသည် အင်ပါယာနိုင်ငံကြီးတစ်ခုအဖြစ် တန်ခိုးအာဏာ မကြီးထွားသေးချေ။ ဘီစီ လေးရာစုနှင့် ငါးရာစုက ကာသေတို့အဖို့ ရောမသည် လက်တင်နိုင်ငံ တစ်ခုမျှသာဖြစ်ပြီး တိုင်ဘာမြစ်ဘေးတွင် ထွန်ယက်စားသောက်နေကြ သော လယ်သမားများအဖြစ်သာ မြင်ခဲ့ကြလေသည်။ သို့ရာတွင် ကာသေ တို့ အထင်သေးခဲ့သော ရောမသည် ကာသေတို့ မျက်မှောက်၌ပင် အိမ်နီး ချင်းနိုင်ငံများအပေါ် နယ်မြေချဲ့ထွင်ရေး စစ်ပွဲများ ဆင်နွှဲရာမှ အီတလီ တောင်ပိုင်းသို့တိုင် နယ်ချဲ့လာနိုင်ခဲ့ကြလေသည်။ ထို့ပြင် ရောမသည်

mgyoe.com

mgyoe.com


ရပ်ဝေးရပ်နီး နိုင်ငံများသို့ သံတမန်နည်းဖြင့် မဟာမိတ်ဖွဲ့ကာ ဩဇာအာဏာစက် ဖြန့်ယှက်ထားနိုင်ရုံမျှမက မက်ဆီးနား ရေလက်ကြားသို့ ဖြတ်ကာ စစ္စလီသို့ပင် စိမ့်ဝင်နိုင်ခဲ့ကြလေသည်။

ပထမတွင် ကာသေတို့သည် ခြိမ်းခြောက်လာသော ရန်သူသစ် ရောမနှင့် အကြည်အသာရှိစေရန် ဘီစီ ၅၀၈ တွင် တစ်ကြိမ် ဘီစီ ၃၄၈ တွင် တစ်ကြိမ်၊ နှစ်ကြိမ်တိုင် စာချုပ်များ ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်များအရ စစ္စလီရှိ ကာသေတို့၏ စီးပွားကုန်သွယ်မှုဆိုင်ရာ အခွင့်အရေးတို့ကို ရောမတို့က အသိအမှတ်ပြုခဲ့ကြသည်။ သို့ရာတွင် အီတလီတောင်ပိုင်းရှိ ဂရိကိုလိုနီများနှင့် ပတ်သက်၍ မကျေလည်မှုများ ဖြစ်ပေါ်လာသည်။ ယင်းအရေးအခင်းနှင့် စပ်လျဉ်း၍ ဂရိတို့က ရောမ၏ အကူအညီကို ယူကာ ကာသေအား ရန်စောင်မှုများ ပြုလုပ်လာသည်။ စင်စစ် စစ္စလီသည် အာဖရိကထက် အီတလီနှင့် နီးနေခြင်းသည်ပင်လျှင် ရောမနှင့် ကာသေတို့ သဘောထားကွဲလွဲစရာ အဓိက အကြောင်းတရား ဖြစ်လာရတော့သည်။ နောက်ဆုံးတွင် ကာသေနှင့် ရောမတို့ အတိအလင်း စစ်ဖြစ်ရသည်အထိ ကြီးထွားလာခဲ့ရလေသည်။

စစ္စလီအနီးဝန်းကျင်ရှိ တောင်တန်းတောင်ကြား၊ ပင်လယ်အော်တို့တွင် ကာသေနှင့် ရောမတို့ စစ်ဖြစ်ပွားခဲ့ကြသည်မှာ ၂၄ နှစ်မျှပင် ရှည်ကြာခဲ့လေသည်။ ပထမပိုင်းတွင် ကာသေတို့သည် တိုက်ပွဲတချို့ကို နိုင်ခဲ့သော်လည်း ဘီစီ ၂၅၅ တွင် ရောမဗိုလ်ချုပ် ရီဂူလပ်(စ်)သည် ရေကြောင်းမှ ချီလာကာ မြောက်အာဖရိက ကမ်းခြေသို့ တက်ခဲ့သဖြင့် ကာသေတို့ စစ်ရှုံးသွားခဲ့ရလေသည်။

ဤသို့ ကာသေတို့ အရေးနိမ့်သွားရသော အကြောင်းများတွင် ကာသေ စစ်ခေါင်းဆောင်များနှင့် အရပ်ဘက် အုပ်ချုပ်ရေးပိုင်းမှ ခေါင်းဆောင်များအကြား သဘောထား ကွဲလွဲခဲ့ခြင်းသည်လည်း အကြောင်းတစ်ရပ်အဖြစ် ပါဝင်ခဲ့လေသည်။ ကာသေအစိုးရအပေါ် အပြင်းထန်ဆုံး ဝေဖန်သူမှာ ကာသေ ဗိုလ်ချုပ် ဟမီးလကားဗားကားပင် ဖြစ်လေသည်။

ဟမီးလကားသည် စစ္စလီရှိ ကာသေတပ်များကို ဘီစီ ၂၄၇ တွင် စတင် ဦးစီးကွပ်ကဲခဲ့သည်။ ထိုနှစ်၌ပင် ဟမီးလကား၏ ဇနီးသည် သား

mgyoe.com

mgyoe.com

ယောက်ျားလေး တစ်ယောက်ကို ဖွားမြင်ခဲ့လေသည်။ ထိုကလေးသည် နောင်တွင် ကမ္ဘာကျော် စစ်ဉာဏ်ကြီးရှင် တစ်ဦး ဖြစ်လာမည့် ဟန်နီဗောပင် တည်း။ ဟမီးလကားသည် စစ်ပညာ ထူးချွန်သည့် စစ်ဗိုလ်ချုပ်ကြီး တစ်ဦး ဖြစ်သည့်အားလျော်စွာ ကြည်းကြောင်းချီ စစ်ပွဲများတွင် ရောမတို့အား အနိုင်ရခဲ့ပါ၏။ စစ်ဦးပိုင်းတွင် ရောမတို့သည် ရေကြောင်း၌ပါ အရေးနိမ့်ခဲ့ သည်။ အတန်ငယ် စစ်ညောင်းလာသောအခါ ရောမတို့သည် ရေတပ် စစ်လက်ရုံးဖြင့် တိုက်မှသာ ကာသေတို့အား နိုင်ရာသည်ဟု သဘောပေါက် လာတော့သည်။ သို့ဖြင့် ရောမတို့သည် ရေတပ်အလုံးအရင်းဖြင့် ချီလာကာ စစ္စလီတစ်လျှောက်ရှိ ကာသေပိုင် တပ်မြို့များကို တစ်မြို့ပြီးတစ်မြို့ သိမ်းပိုက် လိုက်တော့သည်။ နောက်ဆုံးတွင်မူ ကာသေတို့သည် ရောမတို့နှင့် ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုနိုင်ရန် စစ္စလီကို ရောမတို့၏ လက်သို့ ထိုးအပ်လိုက်ရလေ တော့သည်။

ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီး၍ မကြာမီပင် ကာသေ ကြေးစား စစ်သည်များက ပုန်ကန်ထကြွကြတော့သည်။ ဤသည်ကို အခွင့်ကောင်း ယူ၍ ရောမသည် ဆာဒီးနီးယားနှင့် ကော်စီကာ အနီးရှိ ကျွန်းစုများကို နောက်ဆက်တွဲ ပြည်နယ်အဖြစ် ရောမ အင်ပါယာ ထီးမိုးအောက်သို့ သွတ် သွင်းလိုက်လေသည်။ ဤနည်းဖြင့် ကာသေသင်္ဘောတို့သည်လည်း အီတလီ မြောက်ပိုင်း ရေပိုင်နက်အတွင်းသို့ ဝင်ခွင့်မရတော့ချေ။ ထိုမှ စစ္စလီနှင့် ဆာဒီးနီးယား ကျွန်းမကြီးများကိုပါ ရောမပိုင်ပြည်နယ်များအဖြစ် သတ်မှတ် လိုက်တော့သည်။ ဤတွင် ပထမ 'ပျူးနစ်' စစ်ပွဲကြီးလည်း ပြီးဆုံးသွားခဲ့ လေသည်။ စစ်၏ အမွေဆိုးအဖြစ်ကား ကာသေစစ်ခေါင်းဆောင်တို့၏ ရင်ဝယ် ကျန်ရစ်ခဲ့သော နာကြည်းချက်ပင် ဖြစ်လေသည်။ ထိုနာကြည်း ချက်ကို အသည်းအူခိုက်မျှ ခံစားရသူမှာ ကာသေ ဗိုလ်ချုပ်ကြီး ဟမီးလ ကားဗားကား ဖြစ်ပါသတည်း။

ယခုသော် စစ္စလီသည် အသိမ်းခံရချေပြီ။ ကော်ဆီကာနှင့် ဆာဒီး နီးယားတို့သည် ဆုံးရှုံးခဲ့ရချေပြီ။ ကာသေတို့အဖို့ ကိုလိုနီ အခိုင်အမာ တည်ထောင်ထားသော စပိန်တစ်ပြည်သာ ကျန်တော့သည်။ သို့ရာတွင် ဆောင်ရွက်နိုင်ဖွယ် တစ်ခုမူ ရှိပေသေး၏။ အခက်အခဲ အကျပ်အတည်း

mgyoe.com

mgyoe.com

ဖြင့်မှု ဆောင်ရွက်ရမည် ဖြစ်၏။ ဤသည်မှာ စပိန်ကို အခြေခံပြီး အီတလီကို ဝင်ရောက် သိမ်းပိုက်ရန်ပင် ဖြစ်သည်။ ဤရည်ရွယ်ချက်ဖြင့် ကာသေတပ်များနှင့် စစ်ပစ္စည်းများကို စပိန်သို့ ပို့ရန် ကာသေအစိုးရက ဗိုလ်ချုပ်ကြီး ဟမီးလကားအား တာဝန်ပေးလိုက်လေသည်။ ဤအစီအစဉ်မှာ ရောမတို့က အာဖရိက သိမ်းပိုက်ရန် ကြံစည်သော စစ်ဆင်ရေး အရေးနိမ့်သွားပြီး မရှေးမနှောင်းတွင် ပေါ်ပေါက်လာသော အစီအစဉ် ဖြစ်လေသည်။

ထိုအချိန်တွင် ဟန္နီဗောဏ် အသက်မှာ ကိုးနှစ်သားမျှသာ ရှိပေသေးသည်။ ဂရိသမိုင်းပညာရှင် လီဗီ၏ အဆိုအရ ဟန္နီဗောလေးသည် သူ့အား စပိန်သို့ခေါ်သွားရန် ကလေးတို့ဘာဝ ဖခင် ဟမီးလကားထံ ပူဆာသည်ဟု ဆိုသည်။ ထို့နောက် ဟန္နီဗောလေးသည် ဖခင်ကြီးနှင့်အတူ ဘုရားဝတ်ကျောင်းသို့ သွားရောက်လျက် ရောမရန်စွယ်ကို အပြီးတိုင် ချေမှုန်းပါမည်ဟု သူရိယနတ်ဘုရား 'ဘားလ်' ထံ တိုင်တည်ကာ အဓိဋ္ဌာန်ပြုခဲ့သည်ဟု ဆိုလေသည်။

ဤသည်၏ နောက်ပိုင်း ပေါ်ပေါက်လာမိသော သမိုင်းအခြင်းအရာတို့နှင့် စပ်လျဉ်း၍ မာ့က္စ(စ်)ဝါဒီတို့က စီးပွားရေးကို အရင်းခံ၍ ပေါ်ပေါက်လာသော အခြင်းအရာများအဖြစ် ကောက်ချက်ချခဲ့ကြသည်။ ယင်း ကောက်ချက်မှာ သဘာဝကျသော်လည်း လူပုဂ္ဂိုလ်၏ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားခြင်းမပြု၍ ပြီးပြည့်စုံသည်ဟု မဆိုနိုင်ချေ။ ဤနေရာ၌ စဉ်းစားဖွယ်တစ်ရပ်ရှိသည်မှာ ကိုးနှစ်သားအရွယ် ကလေးငယ် တစ်ယောက်အနေဖြင့် စီးပွားရေးစစ်ပွဲရှုံးကာမျှ ဖခင်ကြီး စစ်ရှုံး၍ သောကရောက်နေသည်ကို မြင်ကာမျှဖြင့် ဘုရားဝတ်ကျောင်း၌ ဤမျှကြီးကျယ်သော သန္နိဋ္ဌာန်တစ်ရပ် ချမှတ်ခဲ့ပါမည်လား ဆိုသော အချက်ပင် ဖြစ်၏။ ဟန္နီဗော သည် သာမန်ကလေးတစ်ယောက်ဖြစ်ဘိမူ ဝမ်းနည်းမိစဉ် တစ်ခဏ ကလေးတို့သဘာဝ ငိုပစ်လိုက်ကာ မေ့မေ့ပျောက်ပျောက်နေသွားရုံသာ ရှိရပေမည်။ ဤသို့ ဟန္နီဗောသည် အခြား သာမန်ကလေးတစ်ယောက် ဖြစ်ခဲ့လျှင် သမိုင်းလမ်းကြောင်းသည်လည်း တစ်နည်းတစ်ဖုံ ပြောင်းလွဲသွားဖွယ်ရာ ရှိပေသည်။

မည်သို့ရှိစေ ထိုအချိန်ကပင် ကိုးနှစ်သားအရွယ် ဟန္နီဗောလေး၏ ဝိညာဉ်ဝယ် သူကိုယ်တိုင်သော် လည်းကောင်း၊ ကမ္ဘာကသော်လည်း

mgyoe.com

ကောင်း သတိမပြုမိသေးသော အရည်အချင်းများ၊ သန္ဓေတည်နှင့်နေပြီဟု ဆိုရမည် ဖြစ်လေသည်။ ထိုအရည်အချင်းများကား အမုန်းတရားကို ပရိစ္ဆေဒ ရှည်ကြာစွာ ကြောက်ဖွယ်လိလိ သိုမှီးထားနိုင်သော အာဃာတ၊ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်၊ မိမိစစ်သည်များ၏ ချစ်ခင်လေးစားမှုကို ရယူ နိုင်သော စည်းရုံးရေးစွမ်းရည်၊ ထူးချွန်ထက်မြက်သော စစ်ပညာ စသည်တို့ ပါတည်း။

တစ်ဖန် ထိုနေ့က ဘုရားဝတ်ကျောင်းတွင် ကျိန်ဆိုခဲ့ခြင်း၏ ရလဒ် ကား လူ့အသက်ပေါင်းများစွာ သေကျေရခြင်း၊ မြို့တော်ကြီးပေါင်းများစွာ ပျက်စီးရခြင်းနှင့် အင်ပါယာကြီးတစ်ခု ပြိုကွဲပျက်သုဉ်းရခြင်းတို့ပင် ဖြစ်ပေ သတည်း။

■

mgyoe.com

mgyoe.com

# အခန်း (၂)
# ပွဲမဝင်မီ

အကယ်၍သာ ဟမီးလကား သက်ဆိုးရှည်ခဲ့လျှင် အီတလီနိုင်ငံကို ကိုယ်တိုင် တက်ရောက်သိမ်းဖြစ်ဖွယ် ရှိပေသည်။ ယခုသော် ဟမီးလကား သည် ကာသေ ကိုလိုနီ စပိန်ပြည်တွင် ကာကွယ်ရေး စစ်ပွဲများ ဆင်နွှဲနေရ သဖြင့် ကိုးနှစ်သော ကာလ ကုန်လွန်သွားခဲ့ရုံမျှမက လူ့ဘဝကိုပင် ကျောခိုင်း သွားခဲ့ရလေသည်။

ဤသို့ အကြံအစည် အထမမြောက်မီ ဟမီးလကား ကွယ်လွန်သွား ခဲ့ရခြင်းနှင့် ဟန္နီဗောအရွယ်ရောက်ရန် စောင့်ဆိုင်းနေရသည့် ကာလများ ကြားခံသွား၍သာလျှင် အီတလီသည် ကာသေတို့ လက်ထဲသို့ မရောက် သေးခြင်းဖြစ်သည် ဟူ၍ ဂရိသမိုင်းပညာရှင် လီဗီက မှတ်ချက်ချခဲ့လေ သည်။

စပိန်၌ ကုန်လွန်ခဲ့ရသော ကိုးနှစ်အတွင်းမှာပင် ဟန္နီဗောလည်း အရွယ်ရောက်လာခဲ့လေသည်။ တစ်ဖန် သားအဖ လက်ပွန်းတတီး နေထိုင် ခွင့်ရနေစဉ်မှာလည်း ဟမီးလကားသည် အီတလီပြည်သို့ စစ်ချီမည့် သူ၏ အကြံအစည်များကို ပြောပြကာ အဘယ်လမ်းက ချီရမည်၊ အဘယ်ပုံ သိမ်း ရမည် စသည့် စစ်ရေးစစ်ရာများကိုလည်း သားနှင့် ဆွေးနွေးကောင်း ဆွေး နွေးခဲ့ပေလိမ့်မည်။

mgyoe.com

ဘီစီ ၂၂၈ တွင် ဟမီးလကား ကွယ်လွန်သောအခါ သမက်ဖြစ်သူ ဟက်(စ်)ဒရူးဗောသည် စပိန်ရှိ ကာသေတပ်များကို အုပ်ချုပ်ခဲ့ရလေသည်။

ဟက်(စ်)ဒရူးဗောသည် ကိုယ်အမူအရာ၊ နှုတ်အမူအရာ နှစ်လိုဖွယ် ရှိပြီး သံတမန် ပရိယာယ်အရာ၌လည်း လိမ္မာဟန် ရှိသည်။ သူ၏ သန့်ပြန့်သော ရုပ်ရည်သွင်ပြင်ကြောင့်ပင် ဟမီးလကားက မြင်လျှင်မြင်ချင်း သံယောဇဉ် တွယ်ခဲ့သည်။ အတန်ငယ် လက်ရေတစ်ပြင်စီးနေမိသောအခါ သားအဖြစ် မွေးစားခဲ့သည်။ အရွယ်ရောက်သောအခါ သမီးနှင့် လက်ဆက်ပေး၍ သမက်အရာ မြှောက်ခဲ့သည်။ သမိုင်းအထောက်အထား ရှားပါး၍ ဟက်(စ်)ဒရူးဗော၏ ရုပ်ပုံလွှာကို သည်မျှသာ ပုံကြမ်းလောင်းပြနိုင်သည်။ ဝမ်းနည်းဖွယ်ကောင်းသည်မှာ ကာသေ သူကောင်းမျိုးနွယ်များအကြောင်းကို သမိုင်းပညာရှင်တို့က စေ့ငစွာ မှတ်တမ်းမတင်ခဲ့ကြခြင်းပင် ဖြစ်သည်။ ဟန်နီဗော၏ ငယ်စဉ်ဘဝအကြောင်းကိုပင်လျှင် ဂရိသမိုင်းပညာရှင် လီဗီနှင့် ရောမသမိုင်းပညာရှင် ပေါ်လီးဗီးယပ်(စ်)တို့က ယင်းတို့၏ မှတ်တမ်းများတွင် ပိုးတဝါးမျှသာ ဖော်ပြခဲ့လေသည်။ ထို့ကြောင့် နှောင်းခေတ်သုတေသီနှင့် အတ္ထုပ္ပတ္တိ လေ့လာသူတို့အဖို့ ဟမီးလကား၏ဇနီး (ဝါ) ဟန်နီဗောမိခင်၏ မျိုးရိုးဇာတိကို သိခွင့်မရခဲ့ခြင်း ဖြစ်လေသည်။ ထို့ပြင် ဟန်နီဗော၏ ကိုယ်စိတ်နှစ်ပါး ပျိုးထောင်မှုတွင် တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်သော ကာသေသမိုင်းတွင် အဓိကအခန်းမှ ပါဝင်ခဲ့သူလည်းဖြစ်သော ဟမီးလကားဖားကား ကိုယ်တိုင်၏ အကြောင်းကိုသော်မှ ရိုးတိုးရိပ်တိတ်မျှသာ သိခွင့်ရခဲ့လေသည်။ ထို့အတူ ဟန်နီဗော၏ ညီအစ်ကိုများဖြစ်ကြသည့် ဟက်(စ်)ဒရူးဗော (ယောက်ဖဖြစ်သူနှင့် နာမည်တူ)၊ မဟာဗော (မြင်းတပ်မှူး)၊ ဂစ်ဂို (ဗိုလ်ချုပ်တစ်ဦး)၊ စင်နဟု (စစ်ဘက်ဆေးမှူး) တို့၏ အကြောင်းကိုလည်း ကာသေသမိုင်းတွင် သူတို့ ပါဝင်ခဲ့ လှုပ်ရှားခဲ့သော ကဏ္ဍအလိုက်သာ သိခွင့်ရခဲ့လေသည်။ ထိုညီအစ်ကို တစ်စုသည် ဟန်နီဗော၏ စစ်ဆင်ရေး တစ်လျှောက်တွင် အရေးပါသော အခန်းမှ ပါဝင်ကပြခဲ့သူများ ဖြစ်သော်လည်း သမိုင်းသည် ဟန်နီဗော တစ်ဦးတည်းကိုသာ ကွက်၍ အထင်ကရ မီးမောင်းထိုးပြခဲ့လေသည်။

ယင်းညီအစ်ကိုတစ်စု၏ စိတ်ကူးစိတ်သန်း၊ အမြော်အမြင်၊ စည်းကမ်းရှိမှုတို့သည် ယင်းတို့ အောင်မြင်မှု၏ သော့ချက်ပင် ဖြစ်သည်ဟု ဆိုရဖွယ်ရှိ

mgyoe.com

mgyoe.com

သည်။ ယင်းကာသေသူကောင်းမျိုးနွယ်ဝင်တို့သည် ဟန္နီဗောနှင့် တူညီသော ပညာရေး ကျောထောက်နောက်ခံရှိခဲ့မည်ဟု မျှော်လင့်ရပေမည်။ သူတို့ ကိုးကွယ်သော ဘာသာမှာ မိရိုးဖလာဘာသာဖြစ်ပြီး သူတို့၏ ဘုရားမှာ သူရိယနတ်ဘုရား 'ဘားလ်' ဖြစ်လေသည်။ ထိုစဉ်က ဂရိတို့နှင့် အဆက်အဆံများခဲ့၍ ဂရိတို့၏ ယဉ်ကျေးမှုသည် ကာသေတို့၏ ယဉ်ကျေးမှုအပေါ် အတော်အတန် ဩဇာညောင်းခဲ့လေသည်။ ထို့ကြောင့်ပင် ဟန္နီဗောသည် ဂရိဆရာတစ်ဦးထံ၌ ဂရိဘာသာရပ်ကို သင်ကြားခဲ့ပြီး ဂရိစာဆို ဟုမ္မာ၏ မဟာလင်္ကာကြီးများ၊ ဂရိကဗျာလင်္ကာ၊ ဂရိဒဿနိကဗေဒတို့နှင့်လည်း ရင်းနှီးကျွမ်းဝင်ခဲ့လေသည်။ ဟန္နီဗောသည် ဂရိဘာသာစကားနှင့် မိခင်ဘာသာစကားများသာမက အခြား မျိုးခြားဘာသာစကား အတော်များများကိုလည်း ကျွမ်းကျင်စွာ ပြောဆိုနိုင်ခဲ့လေသည်။ စင်စစ် သူနှင့် သူ့လက်အောက် အရာရှိတို့သည် အဆင့်အတန်းမြင့်သော လူ့ယဉ်ကျေးများ ဖြစ်ကြသည်ဟု ဆိုရန် ရှိပေသည်။

ဟန္နီဗော၏ ယောက်ဖ ဟက်(စ်)ဒရူးဗောသည် စပိန်ရှိ ကာသေတပ်များကို အုပ်ချုပ်နေစဉ်အတွင်း ကာသေ အင်ပါယာအတွက် အရေးပါသော မဟာမိတ်သစ် အတော်များများကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည့် တိုင်းနိုင်ငံအရေးအတွက်သည် ကာသေတို့ စစ်ရေးဖြင့် အောင်မြင်ခဲ့သော တိုင်းနိုင်ငံအရေးအတွက်ထက် အဆပေါင်းများစွာ သာလွန်သည်ဟု လီဗီက အမှတ်သညာ ပြုခဲ့လေသည်။

ဤအတောအတွင်း၌လည်း ဟက်(စ်)ဒရူးဗော၏ သံတမန်ရေး ကျွမ်းကျင်မှုကြောင့်ပင် ရောမနှင့်လည်း သဘောတူညီချက်တစ်ရပ် ရရှိခဲ့လေသည်။ ရောမတို့သည် စပိန်ပြည်တွင်းသို့ ကာသေတို့ ထိုးဖောက်ဝင်ရောက်နေသည်ကို တစ်ဖက်မှ စောင့်ကြည့်နေရင်း အခြား တစ်ဖက်မှလည်း ကျွန်းဆွယ်၏ မြောက်ပိုင်းကို ရောမ ဩဇာလွှမ်းမိုးထားနိုင်ရန် အားထုတ်နေခဲ့လေသည်။ တစ်ဖန် ရောမတို့သည် ဂရိ ကိုလိုနီ မာဆေးလီးယား (ခေတ်သစ် မာဆေးလ်) နှင့် မဟာမိတ် ဖွဲ့ထားသည်ဖြစ်၍ ကာသေတို့ မြောက်ပိုင်းသို့ နယ်ချဲ့လာမည့်အရေးကို သောကမကင်း ရှိနေသည်။ ဤအခြေအနေတွင် ရောမသည် မာဆေးလီးယားနှင့် ရင်းနှီးစွာ ဆက်ဆံနေ

mgyoe.com

mgyoe.com


သော စပိန်မြောက်ပိုင်း ကမ်းခြေရှိ စဂွန်တမ် (ယခုခေတ် စဂွန်တို) မြို့ကို ရောမ အင်ပိုင်ယာ ထီးမိုးအောက်သို့ သွတ်သွင်းလိုက်လေသည်။ ဟက်(စ်)ဒရူးဗောနှင့် ရောမတို့ ချုပ်ဆိုခဲ့သော စာချုပ်တွင် ရောမတို့၏ ဩဇာသည် တောင်ဘက်တွင် အေဗရိုမြစ်အထိသာ ပိုင်ဆိုင်စေရမည်ဖြစ်ပြီး ကျန်တောင်ဘက် မြစ်တစ်ဖက်ကမ်းရှိ နယ်မြေမှန်သမျှမှာ ကာသေတို့၏ ဩဇာအောက်တွင် ရှိရမည်ဟု ဖော်ပြထားသည်။ သို့ရာတွင် စဂွန်တမ်မြို့ကိုမူ ရောမတို့က ခြွင်းချက်ထားခဲ့လေသည်။ ဤစာချုပ်ပါ အားနည်းချက်ကို အခွင့်ကောင်းယူ၍ စဂွန်တမ်မြို့ကို ရောမတို့၏ ထီးမိုးအောက်သို့ သွတ်သွင်းလိုက်ခြင်း ဖြစ်လေသည်။

ဤအတောအတွင်း၌လည်း ဟက်(စ်)ဒရူးဗော၏ ခေါင်းဆောင်မှုဖြင့် ကဲလ်တစ်နှင့် အီဗီးရီးယန်း မျိုးနွယ်တို့ကို ကာသေတို့ဘက်သို့ တစ်စတစ်စ သိမ်းသွင်းလာနိုင်ခဲ့လေသည်။

စပိန်တွင် အာဏာတည်ထောင်ရာ၌ ကာသေသည် သံတမန်နည်းအရသာမက စစ်ရေးအရပါ အရေးယူ ဆောင်ရွက်ခဲ့ရလေသည်။ ထို့ကြောင့် ဟန်နီဗောသည် ဖခင် ဟမီးလကားနှင့် ယောက်ဖ ဟက်(စ်)ဒရူးဗောတို့၏ လေ့ကျင့်မှုအောက်တွင် တိုက်ရင်းခိုက်ရင်းဖြင့်ပင် စစ်မြေပြင်၌ ကြီးပြင်းလာခဲ့ရသည်ဟု ဆိုရမည် ဖြစ်သည်။ ဤသည်မှာ ရှေးလူ့အဖွဲ့အစည်းတို့တွင် ယောကျ်ားများသည် အသက်ငယ်ရွယ်စဉ်ကပင် အရွယ်နှင့်မလိုက်အောင် အတွေ့အကြုံ ရင့်ကျက်လျက်ရှိပြီး ကြီးမားသော တာဝန်ကြီးများကို ထမ်းရွက်ရသည့် အစဉ်အလာအရ ဟန်နီဗောသည် ဖခင် ဗိုလ်ချုပ်ကြီးနှင့် ယောက်ဖ ဗိုလ်ချုပ်တို့၏ လက်အောက်တွင် ငယ်ရွယ်နုနယ်စဉ်၌ စစ်မှုဝင်ရောက်ထမ်းခဲ့ရခြင်းကြောင့်လည်း ဖြစ်ပေသည်။ ဤသို့ စစ်ပွဲများတွင် ပါဝင်ဆင်နွှဲရာ၌ ဟန်နီဗောသည် သူ၏ ပင်ကိုသူရသတ္တိနှင့် ကိုယ်ပိုင်နည်းဗျူဟာတို့ကို စွမ်းစွမ်းတမံ ဖော်ထုတ်ပြသနိုင်ခဲ့သဖြင့် သူ၏ ပုဂ္ဂလိကအမည်သည် ကာသေစစ်သည်တို့၏ အလယ်တွင် ပေါ်လွင်ထင်ရှားလာခဲ့ခြင်း ဖြစ်လေသည်။ ထိုကျောထောက်နောက်ခံများကြောင့် ဟန်နီဗောသည် အသက် ၂၀ မပြည့်တတ်မီမှာပင် တပ်မှူးကောင်း တစ်ယောက် ဖြစ်နေပေပြီ။ ယင်းမှာလည်း "စစ်တလင်းသည်သာ စစ်ပညာသင်ကြားရာ အကောင်းဆုံး စစ်တက္ကသိုလ်ဖြစ်သည်" ဟု စစ်ပညာရှင်များက ဆိုမှတ်ထားကြသည် မဟုတ်ပါလား။

mgyoe.com

mgyoe.com


လီဗီ၏ အဆိုအရ ဟန်နီဗော၏ ရုပ်ရည်မှာ ကြံ့ခိုင်သော ခန္ဓာကိုယ် ဖွံ့စည်းပုံမှအစ မျက်လုံး အသက်ဝင်နေပုံအဆုံး ဟမီးလကား၏ ငယ်စဉ် ရုပ်နှင့် ချွတ်စွပ်တူနေသည်ဟု ဆိုသည်။ ထို့ကြောင့် စစ်သက်ရင့်သော ကာသေ စစ်သည်များက ဟန်နီဗောကို ရလိုက်ခြင်းသည် ဟမီးလကား၏ ငယ်စဉ်ဘဝ ကိုယ်ပွားကို ဘုရားသခင်က သူတို့အတွက် တမင် ဖန်ဆင်း ပေးလိုက်သည်ဟူ၍ပင် မှတ်ယူနေကြသည်ဟု ဆိုလေသည်။ ဤတွင် ဟန်နီဗောသည် ဖခင်၏ အရိပ်ကြောင့် အကောင်အထင်ရသည်ဟု ယိုးစွပ် လာသော သံသယကိုလည်း မကြာမီမှာပင် သူ၏ ကိုယ်ပိုင် အရောင် အသွေးများကို လှစ်ပြကာ ဖခင်၏ လောင်းရိပ်ကို ဖယ်ရှားပစ်နိုင်ခဲ့သည်။ ဟန်နီဗော၏ ကိုယ်ပိုင်အရောင်အသွေးများအနက် ထင်ရှားသည့် အချက် တစ်ရပ်မှာ အထက်မှ ပေးအပ်သော အမိန့်ကို ကျိုးနွံစွာ နာခံခြင်းနှင့် မိမိ လက်အောက်ငယ်သားများအားလည်း မိမိအမိန့်ကို ကျိုးနွံပျပ်ဝပ်စွာ နာခံ စေရန် အုပ်ချုပ်အမိန့်ပေးနိုင်ခြင်း စသည့် တာဝန် ထမ်းပိုးစွမ်းနှစ်ဖက်ကို တစ်ချိန်တည်း၊ ထမ်းရွက်နိုင်သော အရည်အချင်းပင် ဖြစ်လေသည်။ တပ် မတော်အတွင်း အထက်အောက် ဆက်ဆံရေး၌လည်း သွေးရင်းဖြစ်သည့် ယောက်ဖ ဗိုလ်ချုပ်၏ မျက်နှာထက် စစ်သည်ရဲဘော်တို့၏ ချစ်ခင်လေးစား မှုကို အကန့်အသတ်မရှိ ရရှိခဲ့ခြင်းပင် ဖြစ်သည်ဟု ဆိုပေသည်။ တစ်ဖန် ယောက်ဖ ဗိုလ်ချုပ်ဘက်မှလည်း ဟန်နီဗော၏ ကိုယ်ပိုင် အရည်အသွေးကို နှစ်ထောင်းအားရရှိလှ၍ တပ်မတော်တွင် ကြီးလေးသော တာဝန်ဝတ္တရား များကို ပေးအပ်စရာရှိတိုင်း လက်အောက်တပ်မှူးများအနက် ဟန်နီဗောကို ပင် တမင်ရွေးချယ်၍ အားကိုးအားထားပြုခဲ့လေသည်။ တစ်ချိန်တည်းမှာ ပင် လက်အောက်ငယ်သား စစ်သည်ရဲဘော်များကလည်း ဟန်နီဗော၏ ကွပ်ကဲဦးစီးမှုအောက်တွင် အခါတစ်ပါးထက် ပိုမို၍ ခံစားကြသည်။ ပိုမို ကြိုးစားကြသည်ဟု လီဗီက မှတ်ချက်ချခဲ့လေသည်။

တပ်မတော် စစ်သည်တို့၏ ချစ်ခင်လေးစားမှုကို မည်မျှခံယူရ သနည်းဟူမူ ဗိုလ်ချုပ် ဟက်(စ်)ဒရူးဗော ကွယ်လွန်သည်နှင့် တစ်ပြိုင်နက် ဟန်နီဗောအား စစ်သည်ဗိုလ်ပါများက ဗိုလ်ချုပ်အရာသို့ တညီတညွတ် တည်း တင်မြှောက်လိုက်ကြသည်အထိပင် ဖြစ်လေသည်။ ကာသေအစိုးရ

mgyoe.com

mgyoe.com

ကလည်း အဆောတလျင် အစည်းအဝေးခေါ်ကာ ကာသေစစ်သည်တို့၏ ဆန္ဒကို အတည်ပြုခဲ့ရလေသည်။ ဤသို့ဖြင့် ဟန်နီဗောသည် အသက် ၂၉ နှစ်အရွယ်တွင် ကာသေ စစ်ဗိုလ်ချုပ်ကြီး ဖြစ်လာခဲ့ရလေသည်။ ဤအချိန်တွင် ဟန်နီဗောသည် စစ်ရည်လည်း ဝ၊ တပ်မတော်၏ ကြည်ညိုလေးစားခြင်းကိုလည်း ခံယူနိုင်သည်ဖြစ်ရာ ဖခင်ကို နံဘေးတွင် သက်သေထား၍ ကျိန်ဆိုခဲ့သော အဓိဋ္ဌာန်ကို အကောင်အထည်ဖော်ရန် အစစ အသင့်ဖြစ်နေပြီဟု ဆိုကြပါစို့။

ဟန်နီဗော၏ ဥပဓိရုပ်နှင့် စပ်လျဉ်း၍ ပုံတူပန်းချီ၊ ရုပ်တုခေါင်းတံဆိပ် ခတ်နှိပ်ထားသော ဒင်္ဂါး စသည့် သမိုင်းအထောက်အထားများ မကျန်ရစ်သဖြင့် ဤအတ္ထုပ္ပတ္တိတွင် ဟန်နီဗော၏ ရုပ်ရည်သွင်ပြင်မှာ မည်သို့မည်နှယ်ရှိမည်ကို မှန်းဆကြည့်နိုင်ရုံသာ တင်ပြနိုင်မည် ဖြစ်ပေသည်။

မည်သို့ပင်ဆိုစေ သူ စိုက်ထူခဲ့သည့် သမိုင်းမှတ်တိုင်များက ဖော်ညွှန်းခဲ့သော 'စံ' အရ ဟန်နီဗော၏ ထင်ရှားသော အရည်အချင်း တစ်ရပ်မှာ လူအများ၏ ချစ်ခင်လေးစားမှုကို ခံယူနိုင်သော အစိတ်အပိုင်းများတွင် စိတ်ပိုင်းဆိုင်ရာ အရည်အချင်းမျှသာမက ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းများပါ ပါဝင်ရမြဲဖြစ်ပေရာ ဟန်နီဗောသည် ဆွဲဆောင်နိုင်သည့် နှစ်လိုဖွယ်ရုပ်ရည်သွင်ပြင်ရှိရမည်ဟု အလွယ်ပင် ခန့်မှန်းနိုင်လေသည်။ ပညာရှိတို့ထားခဲ့သော စာအမွေအရ ညိုသောအဆင်း ရှိမည်။ မရှည်လွန်းသော အရပ်အမောင်းရှိမည်။ ခန္ဓာကိုယ် တောင့်တင်းခိုင်မာ၍ သွက်လက်ဖျတ်လတ်မည်ဟူ၍သာ အကဲဖြတ် ခန့်မှန်းရမည် ဖြစ်ပေသည်။ ကြံ့ခိုင်မှုနှင့် စပ်လျဉ်း၍လည်း နွမ်းနယ်ခြင်းကင်းသော ကာယဗလနှင့် အရှုံးမပေးသော စိတ္တဗလရှိသည် ဟူ၍ စာဖွဲ့ခြင်း ပြုခဲ့ကြရလေသည်။ အစားအစာ စားရာ၌လည်း အရသာထက် အာဟာရဖြစ်ရေးကိုသာ ဦးစားပေး၍ စားသကဲ့သို့ အိပ်စက်ရာတွင်လည်း နပိုလီယံကဲ့သို့ပင် တွေ့ရာနေရာ၊ ရရာအချိန်တွင် ဖြစ်သလို အိပ်စက်တတ်ပေသည်။ ထို့ကြောင့်လည်း ဟန်နီဗောအား အဝေးအနီး ကင်းများတွင် စစ်ဝတ်ရုံကို ခြုံကာ မြေတလင်းပေါ်တွင် အိပ်နေတတ်သည်ကို မကြာခဏ တွေ့ရတတ်လေသည်။ သူ၏ ဝတ်စားဆင်ယင်မှုတို့မှာလည်း အခြားတပ်မှူးတို့၏ ဝတ်စားဆင်ယင်မှုနှင့်မခြား ရှိပြီ။ သူ၏ စစ်ဝတ်

mgyoe.com

mgyoe.com

တန်ဆာမှာလည်း မထင်မရှား သာမန်မျှသာ ဖြစ်သည်။ သူသည် ခြေလျင်တပ်မှူးကောင်း တစ်ဦးလည်း ဖြစ်သကဲ့သို့ မြင်းသည် တပ်မှူးကောင်းတစ်ဦးလည်း ဖြစ်ပေသည်။ စစ်ပွဲဆင်နွှဲရာတွင် ရှေ့တန်းမှ အမြဲပင် ပါဝင်ပြီး စစ်ဆုတ်ရန် အကြောင်းရှိ၍ တပ်ဆုတ်ရာတွင် နောက်ဆုံးမှသာ ဆုတ်ခွာတတ်သူ တစ်ဦးလည်း ဖြစ်ပေသည်။

မိန်းမအတွေ့အကြုံနှင့် ပတ်သက်၍မူ ဖမ်းဆီးရမိသော မိန်းမများနှင့် ဆက်ဆံရာတွင် ဟန္နီဗောဏ် ဆက်ဆံရေးမှာ "အာဖရိကမှာ မွေးခဲ့တယ်လို့တောင် မထင်ရဘူး" ဟု 'ဂျပ်စတင်' က မှတ်ချက်ချခဲ့သည်။ (ယင်းသို့စကား၏ ဆိုလိုချက်မှာ မိန်းမများနှင့် ပတ်သက်၍ ဟန္နီဗောသည် လူနုံလူအ,ထဲက မဟုတ်ဟု ဆိုခြင်းပင် ဖြစ်သည်။) တစ်ဖန် 'အပီးယားနပ်စ်' ကလည်း ဟန္နီဗောသည် 'လူကားနီးယား' တွင် ဆောင်းခိုနေစဉ်အတွင်း ရှေးယခင်က မခံစား မစံစားဖူးသော စည်းစိမ်ချမ်းသာတို့ကို တမေ့တမူး ခံစားစံစားနေခဲ့သည်ဟု ဆိုလေသည်။ ထိုသမိုင်းဆရာ၏ အထောက်အထား မည်မျှခိုင်လုံသည်ကို မသိရသော်လည်း သားတစ်ကွဲ၊ မယားတစ်ကွဲနှင့် ရပ်ဝေးမြေခြားတွင် ၁၇ နှစ်တိုင်တိုင် စစ်တိုက်နေရသော စစ်သားဘဝကို ထောက်ချင့်လိုက်လျှင် ဟန္နီဗောအနေဖြင့် ရံဖန်ရံခါဆိုသလို အလှည့်အပြောင်းကလေးများ ရှာဖွေမိခဲ့မည်မှာလည်း သဘာဝပင် ဖြစ်ပေသည်။ မည်သို့ပင် ဖြစ်စေကာမူ အသောက်လည်း မလွန်၊ အစားလည်း မကြူး၊ ဝတ်စားဆင်ယင်မှု၌လည်း ပလွားခြင်း ကင်းသော ဟန္နီဗောအဖို့ ဖိုမကိစ္စများတွင်လည်း ဆင်ခြင်တုံတရား လက်ကိုင်ထားခဲ့မည် ဆိုသည်ကို တွက်ချင့်၍ ရနိုင်ပေသည်။

စင်စစ် ဟန္နီဗောသည် 'အီမီလစ်' အမည်ရှိ သူကောင်းမျိုးနွယ်ဝင် အမျိုးသမီး တစ်ဦးနှင့် လက်ဆက်ခဲ့သည်။ အီမီလစ်သည် ဒဲလ်ဖီဇာတိ ဖြစ်ပြီး 'ကက်စတူလို' မြို့တွင် ကြီးပြင်းခဲ့သည်။ ကက်စတူလိုမြို့သည် အီမီလစ်၏ ဘိုးဘေးတစ်ဦး တည်ထောင်ခဲ့သော မြို့လည်း ဖြစ်သည်။ အီမီလစ်သည် ဂရိမျိုးနွယ်ထဲမှ ဖြစ်ဖွယ်ရှိသည်။ ဟန္နီဗောနှင့် လက်ထပ်ခဲ့သည်မှာ ဟန္နီဗော အီတလီကို မသိမ်းမီ နှစ်နှစ်အလို၊ ဘီစီ ၂၂၀ ခန့်ကဟု ခန့်မှန်းရသည်။ ဟန္နီဗောနှင့် အီမီလစ်တို့တွင် သားယောကျ်ားလေး တစ်ဦး ထွန်းကားခဲ့သည်။

mgyoe.com

mgyoe.com


အဲလ်ပတောင်တန်းကြီးကို ဖြတ်ကျော်၍ စစ်ချီရမည့် ခရီးတွင် အီမီလစ်က သူမကိုပါ ခေါ်ဆောင်သွားရန် ခင်ပွန်းသည်အား တိုးလျှိုးတောင်းပန်ခဲ့သော်လည်း ဟန္နီဗောက ငြင်းဆန်ခဲ့သည်ဆိုသည့် အထောက်အထားကို ဆီးလီးယပ်ကီတာလီးကပ်(ခ်) ကဗျာတစ်ပုဒ်အရ သိရှိခဲ့ရသည်။ သို့ရာတွင် တိုင်းတစ်ပါးသို့ နှစ်ကာလကြာရှည်စွာ စစ်ချီခဲ့ပြီး ကာသေ့သို့အပြန်တွင် ဟန္နီဗောအား အီမီလစ်က ကြိုဆိုနိုင်ခဲ့သည်အထိ အီမီလစ် သက်ဆိုးရှည်မရှည်ကို သမိုင်းက အထောက်အထား မကျန်ရစ်၍ သိခွင့်မရပါချေ။

ဟန္နီဗောအပေါ် မကောင်းမြင်သူများလည်း ရှိခဲ့ကြသည်။ အထူးသဖြင့် ဂန္ထဝင် စာရေးဆရာများက ဟန္နီဗောအား ရက်စက်ကြမ်းကြုတ်သူ၊ သစ္စာမဲ့သူအဖြစ် ဆိုမှတ်ခြင်း ပြုခဲ့ကြသည်။ ဤအဆိုအမှတ်တို့နှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်ဖွယ် အချက်အလက် များစွာ ရှိလေသည်။

ရှေးဂန္ထဝင်ဆရာတို့၏ ဟန္နီဗောအကြောင်း ထားရစ်ခဲ့သည့် စာပေများကိုကြည့်လျှင် ဟန္နီဗော၏ မဟာရန်သူ ရောမတို့၏ ကျော်ဇောရှိန်ဝါကိုသာ ချီးမွမ်းနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ဟန္နီဗောအကြောင်းကို လေ့လာသူ နှောင်းလူတို့အဖို့ အခက်အခဲများစွာ တွေ့ကြုံရသည်။ ဟန္နီဗောအား ရက်စက်သူအဖြစ် စွပ်စွဲခဲ့ရာ၌လည်း ဟန္နီဗောသည် အမှန်တကယ် ရက်စက်သည်ဟူ၍ပင် ထားဦး၊ သူ့ခေတ်၊ သူ့ကာလ၏ ရက်စက်မှုသည် ယခုခေတ် (ဒုတိယကမ္ဘာစစ်) ၏ ရက်စက်မှုမျိုးနှင့် နှိုင်းစာပါမူ အရေးတယူ ပြောပဖွယ်ပင် မရှိပါချေ။ တစ်ဖန် ဟန္နီဗော ရက်စက်မှုတွင် သူ၏ ကိုယ်ကျိုးတစ်စုံတစ်ရာပါသည် မဟုတ်။ သူ၏ လုပ်ဆောင်ချက်မှန်သမျှသည် နိုင်ငံရေးအရ၊ စစ်ရေးအရ လိုအပ်၍ ဆောင်ရွက်ခဲ့ရခြင်းမျှသာ ဖြစ်သည်။ ပမာအားဖြင့် မိမိ သိမ်းပိုက်အုပ်ချုပ်နေသော နယ်မြေအတွင်း ငြိမ်ဝပ်ပိပြားရန် စည်းကမ်းတင်းကျပ်ရခြင်းမျိုး၊ ရန်သူ့စိတ်ဓာတ်ကို ချိုးနှိမ်ရန် ဆောင်ရွက်ခဲ့ရခြင်းမျိုးများပင် ဖြစ်သည်ကို တွေ့ရသည်။

တစ်ဖန် ဟန္နီဗော သစ္စာမဲ့သည်ဟု ဆိုကြရာ၌လည်း ဆင်ခြင်ဖွယ်ရာ ရှိပါသေးသည်။ **'စစ်တို့၏ သဘော၌ စစ်အောင်ရာ အကြောင်းသည်သာ ပဓာန ဖြစ်သည်'**။ ယင်းစစ်အဘိဓမ္မာကို ဟန္နီဗော ကိုင်ဆွဲသည်။ ဟန္နီဗောသည် ရန်သူ မမျှော်လင့်သော အလုပ်ကို အမြဲ လုပ်ရသည်။

mgyoe.com

mgyoe.com


ပရိယာယ် ကြွယ်ရသည်။ မာယာသုံးရသည်။ စင်စစ် ဟန္နီဗောလ်၏ တပ်သည် တိုင်းတစ်ပါးတွင် လာရောက်တွင်ကျယ်နေသောတပ် ဖြစ်သည်။ ကျောထောက်နောက်ခံမရှိ။ 'ထု' မရှိသော တပ် ဖြစ်သည်။ 'ထု' မရှိသော တပ်၏ စစ်အောင်ရာအကြောင်းသည် လျင်မြန်စွာ ရွေ့လျားနိုင်ခြင်းနှင့် ရန်သူကို အငိုက်ဖမ်းနိုင်ခြင်းသာ ဖြစ်သည် မဟုတ်တုံလေ။ ထိုတောင်းဆိုချက်များအရပင် ဟန္နီဗောအနေဖြင့် ထိုခေတ်အခါ၏ သမားရိုးကျ စစ်ဆင်စစ်ထိုး စစ်ခံနည်းတို့မှ လမ်းခွဲကာ လမ်းသစ်ထွင်၍ လျှောက်ခဲ့ခြင်းသာ ဖြစ်သည်။ ဤတွင် ထိုခေတ်ကာလ၏ စစ်တရားကိုယ်၊ တစ်နည်းဆိုရသော် စစ်ကျမ်းဟောင်းကြီးများသာ အသေဆုပ်ကိုင်ထားသော ရောမတို့အဖို့ စစ်ဉာဏ်ကြီးရှင် ဟန္နီဗောလ်၏ ပရိယာယ်ကို နားမလည်နိုင်အောင် ရှိလာရတော့သည်။ ဟန္နီဗောလ်၏ စစ်သဘော စစ်စရိုက်ကို ရိပ်စားမိစပြုလာသောအခါတွင်မူကား ရောမတို့အဖို့ အချိန်နှောင်းသွားခဲ့ရချေပြီ။ အရေးပါသော စစ်ပွဲကြီးများကို ရှုံးနိမ့်ခဲ့ရပြီ ဖြစ်သည်။ ဤတွင် ရောမတို့သည် နာသာခံခက်ကြီးဖြစ်ကာ ဟန္နီဗောလ်၏ စစ်ပရိယာယ်ကို သစ္စာမဲ့သည် ဟူ၍ သွားပုပ်လေလွင့် အတင်းဆို အပြစ်ဖို့လာကြတော့သည်။

**"စင်စစ် စစ်ပွဲတို့၌ သစ္စာဟူသည် အရေးအရာလော"**

မည်သို့ပင် ဆိုစေကာမူ ဤသို့ ဟန္နီဗောအပေါ် အကောင်းမြင်၊ မကောင်းမြင်ဝါဒီများအကြား ကြားချ၍ စေ့စပ်သည့်တိုင် အကြွင်းတစ်ခုတော့ ကျန်ရစ်ခဲ့သည်။ ယင်းမှာ ဟန္နီဗောသည် မိမိမျိုးနွယ်တူ လူသားတို့၏ အသက်ကို ဖက်ရွယ်လောက်မျှပင် တန်ဖိုးမထားသော သူ၏ သံမဏိ နှလုံးသားပင် ဖြစ်သည်။ ဤအချက်ကို သမိုင်းအထောက်အထားများအရလည်း မငြင်းဆိုသာပါချေ။ သို့ရာတွင် ဤအယူအဆ၌ 'စဂွန်တမ်' မြို့ကို သိမ်းပိုက်စဉ်က ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တို့ကို ထည့်သွင်းစဉ်းစားခြင်းပြုသည် မဟုတ်ချေ။

စဂွန်တမ် အရေးအခင်းဆိုသည် ဤသို့ ဖြစ်သည်။ ဟန္နီဗောသည် ရောမတို့နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုထားသည့်ကြားမှ စာချုပ်ပါ အချက်အလက်တို့ကို ဖောက်ဖျက်ကာ စဂွန်တမ်မြို့ကို သိမ်းပိုက်လိုက်သည်။ စင်စစ် ရောမနှင့် ရင်ဆိုင်စစ်ပြုရန် ဆုံးဖြတ်ချက်ချထားသူ တစ်ဦး

mgyoe.com

mgyoe.com

အဖို့ စာချုပ်ဆိုသည့် စက္ကူစုတ် ဖြစ်သွားရသည်မှာလည်း သဘာဝပင် ဖြစ်သည်။ ဤသို့ ရောမ အင်ပါယာကို စိန်ခေါ်မည် ဟူသော စစ်ရေး ရည်ရွယ်ချက်အရ စစ်ချီတော့မည်ဆိုလျှင် မိမိရန်သူ၏ မဟာမိတ်ဖြစ်သော စဂွန်တမ်သည် မိမိတပ်၏ ညာတောင်ပံ တစ်ဖက်တွင် ရှိနေမည်။ ဤသည်ကို ဖယ်ရှားပစ်ရမည် ဖြစ်သည်။ ယင်းမှာ ပထမ ရည်ရွယ်ချက်၊ ဒုတိယ ရည်ရွယ်ချက်မှာ မြေဆီသြဇာကောင်း၍ သီးနှံကြွယ်ဝသော ပြည်နယ်တစ်ခု ဖြစ်သည့် ထိုပြည်နယ်ကို သိမ်းပိုက်နိုင်လျှင် မိမိတပ်အဖို့ ရိက္ခာလက်နက်များ ရရှိနိုင်မည် ဖြစ်သည်။ ထိုရည်ရွယ်ချက်များအပြင် အခြား ရည်ရွယ်ချက်များ ရှိကောင်းရှိပေဦးမည်။ ယင်းတို့အနက် တစ်ခုမှာ စဂွန်တမ်သည် စပိန်ပြည်တွင်းရှိ ရောမပိုင် ကိုလိုနီတစ်ခုဖြစ်ရာ ထိုရောမပိုင် ကိုလိုနီပြည်နယ်ကို ပြောင်ပြောင်တင်းတင်း တိုက်ခိုက်သိမ်းပိုက်လိုက်ခြင်းအားဖြင့် စပိန်ပြည်မကြီးကိုပင် ကာသေတို့က သိမ်းပိုက်တော့မယောင်၊ ရောမတို့ ထင်ယောင်ဝိုးဝါး ဖြစ်သွားနိုင်သည် ဆိုသော အချက်ပင် ဖြစ်သည်။ ဤသို့သော အယူအဆမျိုး ဟန်နီဘောတွင် ရှိနိုင်သည်။ ရောမတို့ကလည်း ဤအတိုင်းပင် ထင်ခဲ့သည်။ ထိုအထင်အမြင်ကြောင့်ပင် ရောမတို့သည် အသက်ပေါင်းများစွာဖြင့် ပေးလျော်ခဲ့ရလေသည်။

စဂွန်တမ်မြို့ကို လုပ်ကြံရာတွင် ဟန်နီဘောသည် ရှစ်လမျှပင် အားထုတ်ခြင်း ပြုခဲ့ရသည်။ ဤအရေးနှင့် စပ်လျဉ်း၍ ဇာတ်လမ်းတစ်ပုဒ်လည်း ပေါ်ပေါက်လာခဲ့ရလေသည်။ စဂွန်တမ် မြို့သူမြို့သားတို့က ကြံ့ကြံ့ခံ ခုခံတိုက်ခိုက်သည့်ကြားမှ စဂွန်တမ်မြို့ ကျခဲ့ရသည်။ စဂွန်တမ် မြို့သူမြို့သားတို့၏ သတ္တိမှာလည်း အံ့ချီးဖွယ်ပါတည်း။ ရုပ်ပိုင်းဆိုင်ရာအရ စစ်ရှုံးနိမ့်ခဲ့ရသော်လည်း စိတ်ဓာတ်အရမူ အရှုံးမပေး။ မိမိတို့ပိုင် စည်းစိမ်ဥစ္စာ ဘဏ္ဍာတို့ကို စုပုံ၍ မီးတင်ရှို့ကာ သူတို့ကိုယ်တိုင်လည်း အလျှံညီးညီး တောက်လောင်လျက်ရှိသော မီးတောက်မီးလျှံအတွင်း ခုန်ဆင်းကာ ရဲရဲတောက် သေပွဲဝင်ပြသွားခဲ့ကြသည်ဟု ဆိုလေသည်။ စစ်ရှုံးသော်လည်း ဒူးမထောက် လက်မမြှောက်သော ရန်သူပါတည်း။ ဟန်နီဘောသည် သိမ်းပိုက်နိုင်သမျှသော ပစ္စည်းဘဏ္ဍာတို့ကို သိမ်းပိုက်၍ တချို့တစ်ဝက်ကို သူ့စစ်သည်များအား 'ရဲဆု' အဖြစ် ခွဲဝေပေးပြီး ကျန်ဘဏ္ဍာ အများစုကိုမူ

mgyoe.com

mgyoe.com

ကာသေသို့ ပို့လိုက်လေသည်။ ဤသို့ သိမ်းဆည်းရမိသော ပစ္စည်းဘဏ္ဍာများကို ကာသေသို့ ပို့ပေးခြင်းဖြင့် ကာသေအစိုးရ၏ နှစ်လိုကြည်ဖြူမှုကို ရယူနိုင်ခဲ့လေသည်။ အရပ်ဘက်အစိုးရ၏ ကြည်ဖြူထောက်ခံမှုမှာ ဟန္နီဗော အတွက် အမှန်ပင် အရေးတကြီး လိုအပ်ပေသည်။ သူ့ဖခင်ကြီး ဟမီးလကား လက်ထက်ကတည်းက အရပ်ဘက် အစိုးရနှင့် စစ်ခေါင်းဆောင်များအကြား စိတ်ဝမ်းကွဲခဲ့ကြ၍ စစ်ရေးဆောင်ရွက်ချက်မှန်သမျှ အရာမထင်၊ အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်ချည်း မဟုတ်ပါလား။ ဤအချက်သည် ဟန္နီဗော၏ အသည်းတွင် သံမှိုစွဲဘိသို့ စွဲထင်ရစ်လေသည်။ ရောမ ကိုလိုနီဖြစ်သော စဂွန်တမ်ကို သိမ်းသည်ဟု ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ရောမတို့သည် ကာသေတို့ သံတမန် စေလွှတ်ကာ ဟန္နီဗောအား ယင်းတို့လက်သို့အပ်ရန် ရာဇသံပေးလေတော့သည်။ သို့ရာတွင် ကာသေလွှတ်တော်က ရောမတို့၏ တောင်းဆိုချက်ကို ငြင်းဆန်နိုင်သည်အထိ သတ္တိပြခဲ့လေသည်။

ဤ၌ ရောမသံက "ဟန္နီဗောကို အပ်မည်လော၊ စစ်ပြိုင်မည်လော" ဟူ၍ တစ်ခွန်းတည်းသော စကားကိုသာ ပြန်ကြားရန် လွှတ်တော် ရှေ့မှောက်၌ တောင်းဆိုလာသည် ဟူ၍ သမိုင်းပညာရှင် ပေါ်လီးဗီးယပ်က မှတ်တမ်းတင်ခြင်း ပြုခဲ့လေသည်။

ကာသေလွှတ်တော်၏ တစ်ခွန်းတည်းသော အဖြေမှာ "စစ်ပြိုင်မည်" ဟူ၍ပင် ဖြစ်သည်။ ဤအဖြစ်၏အဆုံး၌ ရောမသံသည် ကာသေလွှတ်တော်နှင့် ဆန့်ကျင်ရာအရပ်သို့ ထွက်ခွာသွားခဲ့သည်ဟု အဆိုရှိလေသည်။

ဤနည်းနှင့် ဟန္နီဗောသည် ရောမ အင်ပါယာကို စိန်ခေါ်အံ့သော စစ်ပွဲကြီးအတွက် မိမိ စစ်သည်များ၏ ထောက်ခံမှုကိုသာမက အရပ်ဘက်အစိုးရ၏ ထောက်ခံမှုကိုပါ ရယူနိုင်ခဲ့လေသည်။ ဟန္နီဗော၏ လုပ်ဆောင်ချက်မှန်သမျှကို စေ့စေ့လေ့လာလျှင် သူ လှမ်းခဲ့သော ခြေလှမ်းတိုင်းသည် ကြိုတင်မြော်မြင်ပြီး အစီအစဉ်နှင့် လှမ်းခဲ့သော ခြေလှမ်းများချည်း ဖြစ်သည်ကို တွေ့ရသည်။ သူရသတ္တိနှင့် စစ်စွမ်းရည်အရာ၌မူ သန္ဓေပါ တပ်မှူးကောင်း တစ်ယောက်၏ အရည်အချင်းနှင့် ပြည့်စုံသည်ကို မည်သူမျှ ငြင်း

mgyoe.com

နိုင်မည် မဟုတ်။ သို့ရာတွင် အခြား အရည်အချင်းတစ်ရပ်ဖြစ်သည့် နိုင်ငံရေး မြော်မြင်မှုနှင့် စပ်လျဉ်း၍ကား အလေးဂရုပြုမိသူ နည်းပါးလှပေသည်။ စင်စစ် ဟန်နီဗောသည် စစ်သမိုင်းတွင် မဟာစစ်သူကြီး တစ်ဦးအဖြစ် ဘွဲ့မည် ခံယူနိုင်ခဲ့ခြင်းမှာလည်း သူ၏ နိုင်ငံရေး အမြော်အမြင်၊ သူ၏ စစ်ရေး စီမံချက် ရေးဆွဲခြင်း အတတ်ပညာနှင့် ကြိုတင်ပြင်ဆင်နိုင်မှုတို့အပြင် ချမှတ်ထားသော စီမံချက်ကို ဖြစ်ပေါ်လာသော အခြေအနေနှင့် လိုက်လျောညီထွေရှိစေရန် ရုတ်ခြည်းပြင်ဆင်နိုင်ခြင်း စသည့် ပေါင်းလဒ်တို့ကြောင့်ပင် ဖြစ်သည်။

အထောက်အထားအားဖြင့် ပြရသော် ရောမနှင့် စစ်ပြိုင်ရန် ကာသေလွတ်တော်က ဆုံးဖြတ်လိုက်သည်ဆိုသော သတင်းကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် နယူးကာသေမြို့တွင် ဆောင်းခိုနေသော ဟန်နီဗောသည် သုံ့ပန်းအဖြစ် ဖမ်းဆီးရမိထားသော အီဘားရီးယန်းတို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးကာ ၎င်းတို့အရပ်သို့ ပြန်လွှတ်လိုက်လေသည်။ ဤသို့ အီဘားရီးယန်းတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ခြင်းမှာ နောင်အနာဂတ်တစ်ချိန်တွင် မိမိ စည်းရုံးမှုအောက်သို့ လွယ်လင့်တကူ ဝင်ရောက်လာကြလိမ့်မည် ဟူသော မျှော်လင့်ချက်ကြောင့်ပင် ဖြစ်လေသည်။

ထို့နောက် ဟန်နီဗောသည် စပိန်နှင့် အာဖရိကကြား ဆက်သွယ်ရေး လမ်းကြောင်း မပြတ်တောက်စေရန်နှင့် လုံခြုံမှုရှိစေရန် အစီအမံများ ပြုရပြန်သည်။ ဤသို့ စီမံပြီးသည်နှင့် စစ်သည် စုဆောင်းခြင်း၊ မိမိ အင်ပါယာဝင် ကိုလိုနီမြို့များကို အစောင့်အရံချခြင်း အမှုတို့ကို ပြုရပြန်လေသည်။ ဟန်နီဗော၏ ထိုအစီအမံကို နောင်တစ်ချိန်တွင် ရောမတို့က စံနမူနာယူခဲ့ကြရသည်။ ယင်းမှာ အခြားမဟုတ်။ မိမိ အသစ်သိမ်းဆည်းရမိသော မြို့ရွာနယ်မြေမှ စစ်သည်သစ်များကို စုဆောင်း၍ ထိုစစ်သည်သစ်များကို သူတို့ဇာတိမြေနှင့် ဝေးလံသော အရပ်ဒေသရှိ ကိုလိုနီမြို့များသို့ စေလွှတ်ကာ မြို့စောင့်တပ်အဖြစ် အသုံးပြုသောနည်းပင် ဖြစ်လေသည်။ ဤအစီအမံအတိုင်း ဟန်နီဗောသည် သူ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သော အီဘားရီးယန်းနှင့် ကဲလ်တီဘားရီးယန်းတို့ကို စည်းရုံးသိမ်းသွင်း၍ တပ်သစ်များဖွဲ့ကာ အာဖရိကသို့ ပို့လွှတ်လိုက်လေသည်။ စပိန်မှ အာဖရိကသို့ ပို့လွှတ်

mgyoe.com

mgyoe.com

လိုက်သော တပ်များတွင် ခြေလျင်စစ်သည် ၁၃၈၅၀၊ မြင်းသည် ၁၂၀၀၊ လောက်လွှဲစစ်သည် ၈၇၀ တို့ ပါဝင်လေသည်။ ယင်းတပ်များအနက် တချို့ကို လစ်ဗျားရှိ မိဂါတိုးနီးယား၌ လည်းကောင်း၊ ကျန်တပ်များကို ကာသေ၌ လည်းကောင်း တပ်ဖွဲ့ထားစေသည်။ တစ်ဖန် အာဖရိကမှ စုဆောင်းရရှိသော တပ်သစ်များကို စပိန်သို့ ပို့လွှတ်ကာ သူ၏ညီ ဟက်(စ်)ဒရူးဗောအား အုပ်ချုပ်စေသည်။ ထိုမှတစ်ပါး မိခင်နိုင်ငံနှင့် အဆက်မပြတ်စေရန် ရေတပ်ကိုလည်း ဟက်(စ်)ဒရူးဗောကိုပင် အုပ်ချုပ်စေလေသည်။ ထိုရေတပ်တွင် ခတ်တက် ငါးဆင့်ပါ သင်္ဘော ၅၀ စင်း၊ ခတ်တက် လေးဆင့်ပါ သင်္ဘော နှစ်စင်း၊ ခတ်တက် သုံးဆင့်ပါ သင်္ဘောငါးစင်းနှင့် အခြား အမျိုးအစား သင်္ဘောများလည်း ပါဝင်လေသည်။ လက်ရွေးစင် အာဖရိက စစ်သည်များနှင့် နျူမီဒီယန် မြင်းသည်တို့ကိုကား အီတလီသို့ ချီရာတွင် ဟန်နီဗောနှင့် လိုက်ပါရန် သီးသန့်ပြင်ဆင်ထားရှိလေသည်။

ထို့နောက်တွင်မူ ဟန်နီဗောသည် ညီဖြစ်သူ ဟက်(စ်)ဒရူးဗောနှင့် ခေါင်းချင်းရိုက် တိုင်ပင်ကာ အီတလီပြည် စစ်ချီရေး အစီအမံများကို ရေးဆွဲနေလေသည်။ ထိုစီမံချက်များ ရေးဆွဲပြီးနောက် ဟန်နီဗောသည် သူ မရှိခိုက်တွင် စပိန်ပြည်ကို မည်သို့ အုပ်ချုပ်ထားရမည်၊ ရောမတို့ ရန်ပြုလာလျှင် မည်သို့ ကာကွယ်ရမည် စသည်တို့နှင့် လိုအပ်သည်တို့ကို ညီဖြစ်သူ ဟက်(စ်)ဒရူးဗောအား ညွှန်ကြားလေသည်။ ယင်းညွှန်ကြားချက်များမှာ အောက်ပါ မဟာဗျူဟာပေါ်တွင် အခြေခံလေသည်။

လက်ရှိအခြေအနေအရ ရောမတို့သည် ပင်လယ်ရေကြောင်း စိုးမိုးမှုကို ရရှိနေသည်။ တစ်နည်း ရန်သူသည် မိမိထက် ရေတပ်အင်အား သာလွန်းသည်။ ကာသေဘက်တွင်မူ ရေတပ်အင်အား နည်းပါးသည့်ပြင် ရှိသည့် အင်အားကို အာဖရိကရှိ မိခင်နိုင်ငံနှင့် ဆက်သွယ်ရေးလမ်းကြောင်း မပြတ်စေရန် အသုံးပြုနေရသည်သာမက စပိန်ရှိ ကာသေပိုင် ကိုလိုနီနယ်များကို ကာကွယ်ရန်အတွက်လည်း အသုံးပြုနေရသည်။ ဤ အားနည်းချက်ကို ရန်သူက သိထားသည်။ ယင်းသို့ သိထားသည့်အလျောက် ရောမသည် ယင်းတို့၏ မိခင်နိုင်ငံပိုင်နက်အတွင်းသို့ ကာသေတို့ ရေကြောင်းမှ ချီ၍ ဝင်ရောက်လာနိုင်လိမ့်မည် မဟုတ်ဟု တွက်ချက်ထားကြမည်မှာ အမှန်

mgyoe.com

mgyoe.com


ပင်။ ဤသို့ ရေကြောင်းမှ မချီနိုင်၍ ကြည်းကြောင်းမှ ချီပြန်လျှင်လည်း ရောမပိုင် အီတလီမြေပေါ်သို့ ခြေချနိုင်ရန် မိုင်ပေါင်း ၁၅၀၀ ခန့် ရှည်လျားသော ခရီးကြမ်းမှ ချီတက်ရမည်။ ယင်းခရီးကြမ်း တစ်လျှောက်တွင် ကာသေတို့အား မလိုလားသော ဌာနေ လူမျိုးစုများ၏ ရန်အပြင် ဥရောပတွင် အမြင့်ဆုံးဖြစ်သည့် ပီးရနီးနှင့် အဲလ်ပတောင်တန်းတို့ကို ဖြတ်ကျော်ရမည်။ ထိုတောင်တန်းကြီးများကို ဖြတ်ကျော်ရန်ဆိုသည်မှာ မဖြစ်နိုင်ဆုံးသော အခြင်းအရာသာ ဖြစ်သည်ဟု ရောမတို့က ကံသေကံမတွက်ကြမည်။ သည်အခါ ရောမသည် ကာသေတပ်ကို စပိန်ပြည်တွင်း၌ပင် တိုက်ရန်မရှောင်မလွှဲသာ ဆုံးဖြတ်ရမည် စသည်တို့ ဖြစ်လေသည်။

ဟန်နီဗော ကြိုတင်တွက်ဆထားသည့်အတိုင်းလည်း ရောမတို့က ကာသေတပ်ကို စပိန်ပြည်တွင်း၌ တိုက်ခိုက်ချေမှုန်းရန် ရေတပ်တစ်တပ်ကို စတင်တည်ဆောက်နေလေတော့သည်။ ဤအတောအတွင်း ဟက်(စ်)ဒရူးဗောကလည်း ရေကြောင်းမှချီ၍ ရန်ပြုလာမည့် ရောမတပ်ကို ရင်ဆိုင်ရန် ပြင်ဆင်နေစဉ် အစ်ကိုဖြစ်သူ ဟန်နီဗောကမူ ရောမတို့က မဖြစ်နိုင်ဟု ထင်နေသော အရာကို ဖြစ်အောင် လုပ်ပြရန် စတင် ကြိုးပမ်းနေပြီ ဖြစ်လေသည်။

■

mgyoe.com

mgyoe.com

# အခန်း (၃)
# လူနှင့် လက်နက်

ဟန္နီဘော စစ်ချီရာနောက်သို့ ခြေရာခံမလိုက်မီ ထိုခေတ်ကာလတွင် ဟန္နီဘောအနေဖြင့် ရယူပိုင်ဆိုင်ခွင့်ရှိသော လူသူ၊ လက်နက်၊ ယန္တရား စသည့် စစ်သယံဇာတ ပစ္စည်းများ၏ အခြေအနေနှင့် ဟန္နီဘော စစ်ချီရာ လမ်းတစ်လျှောက်ရှိ မြို့ရွာပြည်နယ်တို့၏ ပထဝီ အနေအထား၊ နိုင်ငံရေး အခြေအနေများကို ဦးစွာ လေ့လာရန် လိုပေဦးမည်။

ဤလေ့လာမှုသည် အမှန်တကယ် လိုအပ်သော လေ့လာမှုလည်း ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ခေတ်သစ် ဗိုလ်ချုပ်နှင့် ခေတ်သစ် တပ်မတော်တို့သည် ဟန္နီဘော ရင်ဆိုင်ခဲ့ရသော အခြေအနေမျိုးနှင့် ကြုံဆုံ ခဲ့ရလျှင် ဟန္နီဘော ကျင့်သုံးခဲ့သည့် မဟာဗျူဟာ၊ နည်းဗျူဟာတို့ဖြင့် လမ်းခွဲ ကာ အခြားနည်းလမ်းဖြင့် ဖြေရှင်းကောင်း ဖြေရှင်းကြမည် ဖြစ်သည်။ ဤသို့ ဖြေရှင်းနိုင်ရန်အတွက်လည်း ယနေ့ခေတ်၏ သိပ္ပံပညာရပ်နှင့် စက်မှု နည်းပညာတို့က အထောက်အကူပြုနေသည် မဟုတ်ပါလား။

ထို့ကြောင့် ဟန္နီဘော ကျင်လည်ခဲ့ရသော ခေတ်ကာလ၊ သူနှင့် လက်တွဲ တိုက်ပွဲဝင်ခဲ့ကြသူများ၊ သူနှင့် ဆန့်ကျင်တိုက်ခိုက်ခဲ့ကြသူများ၊ ယင်းတို့ ကိုင်ဆွဲခဲ့ကြသော စစ်လက်နက်ပစ္စည်းများ စသည့် အကြောင်း အရာတို့သည် ဟန္နီဘော၏ စစ်ရေး အောင်မြင်မှုများကို လေ့လာရာတွင် အခြေခံအားဖြင့် နားလည်သဘောပေါက်ထားရမည့် ကြိုတင် လိုအပ်ချက် များ ဖြစ်ပေသည်။

mgyoe.com

mgyoe.com


မည်သို့ရှိစေ ယင်းကြိုတင်လိုအပ်ချက်များကို အပတ်တကုတ် ရှာဖွေဆည်းပူးသည့်တိုင် ခေတ်ဟောင်းတစ်ခုမှ စစ်ဉာဏ်ကြီးရှင် တစ်ဦး၏ စစ်ရေးဘဝကို သေချာစေ့ငစွာ နားလည်သဘောပေါက်ရန် ဆိုသည်မှာ ခေတ်သစ် သုတေသီတစ်ဦးအဖို့ လွယ်ကူသော ကိစ္စတစ်ရပ် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ယနေ့ခေတ်သည် ဟန်နီဗောခေတ်နှင့် နှစ်ပေါင်း ၂၀၀၀ ကျော်မျှပင် ကွာလှမ်းခဲ့ပြီ ဖြစ်သောကြောင့်တည်း။

ရှေးဦး ပထမ မှတ်သားအပ်သည့် အချက်မှာ ဟန်နီဗောခေတ်တွင် ယနေ့ ကျွန်ုပ်တို့ သိရှိနေသော ဥရောပနိုင်ငံများ မပေါ်ပေါက်သေး ဟူသော အချက်ပင် ဖြစ်သည်။ စင်စစ် ထိုခေတ်တွင် ပြင်သစ်ပြည်၊ အီတလီပြည်၊ စပိန်ပြည်တို့သည် လူမျိုးတစ်မျိုးတည်း နေထိုင်ပြီး အချုပ်အခြာအာဏာပိုင် ဆိုသော တိုင်းနိုင်ငံများအဖြစ် ရပ်တည်နိုင်ခြင်း မရှိသေးချေ။ ထိုခေတ်တွင် တိုက်ဂရစ်မြစ်မှ တိုင်ဘာမြစ်အထိ ဥရောပသည် လွတ်လပ်သော လူမျိုးစု များ မှီတင်းနေထိုင်သည့် မြို့ပြပြည်နယ်ကလေးများစွာဖြင့် အကွဲကွဲအပြား ပြား တည်ရှိနေလေသည်။ ပမာအားဖြင့်ဆိုသော် ထိုခေတ် ရောမတို့က အီဗာရီးယန်းဟုခေါ်သော စပိန်တွင် ယဉ်ကျေးမှု ခေတ်နောက်ကျနေသည့် အီဗာရီးယန်းလူမျိုးများ၊ ဥရောပအနှံ့ စိမ့်ဝင်ခဲ့သော ကဲလ်တစ်လူမျိုးများနှင့် ယင်းလူမျိုး နှစ်မျိုးတို့ သွေးချင်းနှောရာမှ ပေါက်ဖွားခဲ့ကြသော ကဲလ်တီ ဘားရီးယန်းလူမျိုးများ အစရှိသည်ဖြင့် လူမျိုးစုပေါင်းစုံ မှီတင်းနေထိုင်ခြင်း ပြုခဲ့ကြသည်ကို တွေ့ရှိရပေသည်။

ထို့အတူ ယနေ့ ကျွန်ုပ်တို့ ပြင်သစ်နိုင်ငံဟု ခေါ်ဆိုနေကြသော ပထဝီအပိုင်းအခြား၌လည်း ဂေါလတို့က လူများစုအဖြစ် နေရာအနှံ့ နေထိုင်ခြင်း ပြုခဲ့ကြလေသည်။ ထိုမှတစ်ဖန် ဂေါလတို့သည် ဒေသအလိုက် လူမျိုးစုံငယ်ကလေးပေါင်းများစွာ ကွဲသွားကြပြန်ကာ ရန်းမြစ်မှသည် ရိုင်းမြစ်အထိ လည်းကောင်း၊ ပီးရနီးတောင်တန်းမှသည် အဲလ်ပတောင် တန်းအထိ လည်းကောင်း ပျံ့နှံ့သွားခဲ့ကြခြင်း ဖြစ်လေသည်။ စင်စစ် ဂေါလတို့သည် ကဲလ်တစ်မျိုးနွယ်မှ ဆင်းသက်လာသူများသာ ဖြစ်ပေရာ လူမျိုးစုငယ်အလိုက် ဘာသာစကားများစွာ ကွဲပြားနေစေကာမူ ဘာသာ စကားမျိုးရင်း တစ်ခုထဲမှ အခြေခံခဲ့သည် ဆိုသော ဘာသာဗေဒ အထောက်

mgyoe.com

mgyoe.com

အထားများကို တွေ့ရှိခဲ့ရပေသည်။ ဂေါလတို့သည် မြေထဲပင်လယ်ဒေသ၌ အခြေချနေထိုင်ခြင်း ပြုခဲ့ကြသော်လည်း မူလဌာနေ မြေထဲပင်လယ်သား (အီဗာရီးယန်း) တို့ထက် အသားပိုလတ်ကာ အလုံးအထည် ပိုမိုဖွံ့ဖြိုးပြီး အရပ်အမောင်းလည်း ပို၍ ကောင်းကြလေသည်။ စစ်ပွဲတွင် ရဲရင့်ပြီး ထိုးစစ်တွင် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်တတ်သည်။ သို့ရာတွင် စိတ်ဓာတ်ရေးရာအရ အစိုးမရချေ။ အချိန်မရွေး သစ္စာဖောက်တတ်သည်ဟု သတင်းကြီးပေသည်။ သူတို့ ကိုင်ဆွဲသော အဓိကလက်နက်မှာ ဓားရှက်ပြားကြီးသည့် သံဓားရှည် ဖြစ်သည်။ သံကိုယ်ကျပ် အဝတ်အဆင် နည်းလေသည်။

ထိုခေတ် ဂေါလတို့၏ ယဉ်ကျေးမှု အဆင့်အတန်းမှာ စာဆိုဟိုးမား၏ မဟာလင်္ကာကြီးထဲမှ သံခေတ်လူသားတို့၏ ယဉ်ကျေးမှုနှင့် ဆင်တူသည်ဟု ခိုင်းနှိုင်းရဖွယ် ရှိသည်။ ယင်းတို့၏ လူမျိုးစုတစ်ခုစီကို စစ်သားတစ်ပိုင်း ဘုရင်တစ်ပိုင်း အကြီးအကဲ တစ်ဦးစီက အုပ်ချုပ်သည်။ ယင်းခေါင်းဆောင်တို့၏ အရိုက်အရာသည်လည်း အမွေခံသော စနစ်ပေါ်တွင် အခြေခံသည်။ သို့ရာတွင် ယင်းလူမျိုးစုငယ်များသည် စစ်တပ်ပုံသဏ္ဍာန်ဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများကား မဟုတ်ချေ။ စစ်အေးကာလတွင် မြေကို အရင်းအနှီးပြု၍ ထွန်ယက် စားသောက်ကြသော သာမန်လယ်သမား၊ ယာသမားများသာ ဖြစ်ကြပြီး စစ်တိုက်ရန် အကြောင်းပေါ်မှ သာလျှင် ထွန်တုံး၊ ထွန်တံကို စွန့်၍ ဓား၊ လှံ ကိုင်စွဲကြသူများ ဖြစ်လေသည်။ ယင်းတို့၏ မြို့ပြဆိုသည်မှာလည်း ယနေ့ ကျွန်ုပ်တို့ အနက်ဖွင့်ဆိုနေသည့် မြို့ပြဆိုသည်များနှင့် တူသည် မဟုတ်ချေ။

သူတို့၏ မြို့ပြဆိုသည်မှာ စစ်ခံတပ် တစ်ခု ရှိမည်။ ထိုခံတပ်ဘေးတွင် သူကောင်းမျိုးနွယ်တို့ နေထိုင်သော အိမ်များ ရှိမည်။ ခံတပ်၏ ဝန်းကျင်ပတ်ချာတွင် စားကျက်များနှင့် လယ်မြေများ ရှိမည်။ ဤသည်တို့ပင် သူတို့၏ မြို့အင်္ဂါများ ဖြစ်ကြလေသည်။

ထိုအချိန်က ဂရိတို့၏ အခြေအနေကို ကြည့်လျှင် မြေထဲပင်လယ်တစ်ကြောနှင့် ယင်းဒေသအနီးဝန်းကျင်ရှိ ကျွန်းများသည် ယခင်က ဂရိကိုလိုနီများ ဖြစ်ခဲ့ကြသော်လည်း ယင်းကိုလိုနီများကို ဂရိတို့သည် သုံးရာစုကုန်ခန့်မှစ၍ ပေယျာလကန် သဘောထားကာ ဥပေက္ခာပြုခဲ့ကြလေသည်။

mgyoe.com

ထို့ကြောင့် မြေထဲပင်လယ်ဒေသရှိ ဂရိကိုလိုနီဟောင်းတို့သည် ယခင်ကကဲ့သို့ စစ်လိုလားသူများ မဟုတ်တော့ဘဲ ငြိမ်းချမ်းရေးကိုသာ လိုလားတောင့်တကြကာ ကုန်သည်ဘဝဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုနေကြတော့သည်။ မိမိတို့ မြို့ရွာဒေသများကို ပြင်ပရန်မှ ကာကွယ်ရန် လိုအပ်သောအခါများတွင်လည်း လက်နက်နိုင်ငံကြီးများဖြစ်ကြသည့် ရောမနှင့် ကာသေတို့ထံတွင် အကူအညီ တောင်းခံတတ်ကြလေသည်။

ရောမသည် ထိုခေတ်ကာလတွင် အခြား မည်သည့်တိုင်းနိုင်ငံတို့နှင့်မျှ မတူသော နိုင်ငံတစ်ခု ဖြစ်သည်။ ကာသေတို့ကဲ့သို့လည်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုကို ကြီးစိုးသော ကိုလိုနီ စိုက်ထူချဲ့ထွင်သော စနစ်အပေါ်တွင်လည်း အခြေမခံ၊ ကဲလ်တစ်တို့ကဲ့သို့သော သက်ဦးဆံပိုင် စနစ်မည်သော သမ္မတနိုင်ငံအဖြစ် အထီးတည်း ရပ်တည်နေလေသည်။ ရောမ၏ အာဏာပိုင် အဖွဲ့အစည်းမှာ လွှတ်တော်ဖြစ်ပြီး ထိုလွှတ်တော်တွင် မှူးမျိုးမတ်နွယ်များက တစ်ဖက်၊ လူတန်းစားပေါင်းစုံ ပါဝင်သော ပြည်သူလူထုက တစ်ဖက် နိုင်ငံရေးအဖွဲ့အစည်း နှစ်ရပ်အဖြစ် ပါဝင်လေသည်။ ထိုအဖွဲ့အစည်း နှစ်ရပ်အနက် လူတန်းစားပေါင်းစုံ ပါဝင်သော ပလီပီယမ်အဖွဲ့က အုပ်ချုပ်ရေးအာဏာကို ပိုမိုချုပ်ကိုင်ထားနိုင်လေသည်။ စစ်ခေါင်းဆောင်တင်မြှောက်ရာ၌ လည်းကောင်း၊ အာဏာပိုင် ပုဂ္ဂိုလ်များကို ရွေးချယ်ရာ၌လည်းကောင်း၊ လွှတ်တော်အဖွဲ့ဝင် အများစု၏ ဆန္ဒကို မူတည်ကာ ရွေးချယ်လေသည်။ ထိုသို့သော ရောမ သမ္မတနိုင်ငံတွင် မည်မျှပင် စစ်အတတ်တစ်ဖက်ကမ်းခတ်သည် ဖြစ်စေ၊ ဟန်နီဗောကဲ့သို့ စစ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသော စစ်သားကြီးတစ်ဦးအဖို့ အမြဲတမ်း ခန့်ထားခြင်းခံရသည့် စစ်သေနာပတိချုပ်ဖြစ်ရန် ဆိုသည်မှာ လွယ်ကူသော ကိစ္စတစ်ရပ် မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ရောမတို့၏ ဝန်ထမ်းရွေးချယ်ရေး စနစ်ကပင် ထိုအခွင့်အရေးမျိုးကို ပိတ်ပင်ထားခြင်းကြောင့် ဖြစ်လေသည်။ ရောမတို့သည် စစ်ဗိုလ်ချုပ်များကို ရွေးချယ်ခန့်ထားရာတွင် အခြား အရပ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိများကို ရွေးချယ်ခန့်အပ်သကဲ့သို့ပင် လွှတ်တော်အဖွဲ့ဝင်များစု၏ ဆန္ဒအရသာ ရွေးချယ်ခန့်ထားခြင်း ပြုလေသည်။ တာဝန်ထမ်းဆောင်ရမည့် ကာလကို ကန့်သတ်ထားလေသည်။ သမ္မတနိုင်ငံတော်

mgyoe.com

အား ပြင်ပအန္တရာယ် တစ်ခုခုက ခြိမ်းခြောက်ခြင်းပြုလာလျှင် ရောမလွှတ်တော်သည် စစ်ကောင်စစ်ဝန် (စစ်ဗိုလ်ချုပ်ကြီး) နှစ်ဦးကို အရေးပေါ်ခန့်အပ်ကာ တပ်မတော်အား ဦးစီးကွပ်ကဲစေသည်။ စင်စစ် ရောမ စစ်ကောင်စစ်ဝန်တို့သည် စစ်ပညာကို မည်ကာမတ္တမျှသာ တတ်မြောက်ကြပြီး အရပ်သား ဘဝတွင် တရားရေးဝန်ထမ်းများ ဖြစ်ကြသဖြင့် စစ်ပညာထက် အရပ်ဘက် အုပ်ချုပ်ရေး၌သာလျှင် ကျွမ်းဝင်လိမ္မာကြသည်က များလေသည်။

သို့ရာတွင် ရောမတို့သည် စစ်တပ်ဖွဲ့စည်းမှုနှင့် စစ်စည်းကမ်းကြီးမားမှုတွင် ကဲလ်တစ်လူမျိုးတို့ထက် အဆင့်အတန်း မြင့်မားလေသည်။ ယင်းပညာရပ်တို့ကို ရောမတို့က ဂရိတို့ထံမှ အမွေဆက်ခံယူလိုက်ခြင်းဖြစ်သည်။ ရောမ တပ်မတော်၏ အမာခံကျောရိုးမှာ လီဂျင်နရီခေါ် ခြေလျင်စစ်သည်များ ဖြစ်သည်။ ယင်းခြေလျင်စစ်သည်သည် စစ်အေးကာလတွင် သာမန်လယ်သမားဖြစ်ပြီး စစ်အန္တရာယ် ပေါ်ပေါက်လာမှသာလျှင် သံကိုယ်ကျပ်အင်္ကျီ၊ သံခမောက်၊ အလတ်စား သံဓားရှည်၊ လှံလျင်၊ စက်ဝန်းစိတ်သဏ္ဍာန် ဒိုင်း စသည့် ချပ်ဝတ်တန်ဆာနှင့် လက်နက်တို့ကို ကိုင်စွဲကာ သက်ဆိုင်ရာ လီဂျင်တပ်သို့ ဝင်ရောက်လိုက်ခြင်း ဖြစ်သည်။

လီဂျင်တပ်တစ်တပ်လျှင် ခြေလျင်အင်အား ၆၀၀၀ အထိ ပါဝင်သည်။ ယင်းလီဂျင်တပ်တစ်တပ်သည် ခေတ်သစ် ခြေလျင် 'တပ်ပေါင်း' (ဘရိဂိတ်) တစ်တပ်နှင့် ညီမျှသည်။ ခေတ်သစ်တပ်မ (ရဲဂျီးမင်း) တပ်များကဲ့သို့ပင် လီဂျင်တပ်အသီးသီးတွင် သီးခြား သမိုင်းအစဉ်အလာများ ရှိလေသည်။

လီဂျင်တစ်တပ်လျှင် 'ကိုဟော့တ်(စ်)' ကိုးခုဖြင့် ဖွဲ့စည်းပြီး ကိုဟော့တ်(စ်) တစ်ခုလျှင် စစ်သည်အင်အား ၅၀၀ ပါဝင်လေသည်။ အမှတ်စဉ် (၁) တပ်ခွင့်ရသော လီဂျင်တပ်သည် သာမန်လီဂျင်တပ် နှစ်တပ်စာမျှ အင်အားရှိသည်။ ထိုအမှတ် (၁) လီဂျင်တပ်တွင် အင်အားများပြားရခြင်းမှာ လက်ရွေးစင် စစ်သည်များအပြင် ဌာနချုပ် အဖွဲ့ဝင်များကိုပါ စုရုံးဖွဲ့စည်းထားခြင်းကြောင့် ဖြစ်လေသည်။

တစ်ဖန် ကိုဟော့တ်(စ်) တစ်ခုတွင် 'စင်ကျူရီ' ခြောက်ခု ပါဝင်ပြီး စင်ကျူရီ တစ်ခုလျှင် စစ်သည်အင်အား ၈၀ မှ ၁၀၀ ထိ ရှိသည်။ ခေတ်

mgyoe.com

mgyoe.com


သစ် ဖွဲ့စည်းပုံအရ 'တပ်ခွဲ' (ကုမ္ပဏီ) တစ်ခွဲနှင့် ညီမျှသည်။ စင်ကျူရီ တစ်ခုတွင် စင်ကျူရီယန်ခေါ် တပ်ခွဲမှူးတစ်ဦးက အုပ်ချုပ်လေသည်။

ရောမတပ်မတော်သည် မြင်းတပ်ကို အရန် စစ်လက်ရုံးတစ်ခုအဖြစ် အသုံးပြုသော်လည်း စစ်ပွဲတွင်မူ မြင်းတပ်၏ အရေးပါမှုမှာ သာမညသာ ဖြစ်လေသည်။ မြင်းစစ်သည် အသစ်များကို စုဆောင်းရာတွင်လည်း အောက်ခံကိုလိုနီနှင့် မဟာမိတ်နိုင်ငံများမှ စစ်သည်သစ်များဖြင့်သာလျှင် စုဆောင်းလေ့ ရှိလေသည်။ အမှန်မူကား ရောမတပ်မတော်၏ အခြေခံ အုတ်မြစ်သည် ဟန်နီဗောနှင့် ရင်ဆိုင်ခဲ့ရသည့် ခေတ်ကာလမှ နောင်ရာစု နှစ်များစွာတိုင် တောင်သူလယ်သမား လူတန်းစားကို အခြေခံ ဖွဲ့စည်းထား သည့် လီဂျင်တပ်ကြီးများသာ ဖြစ်လေသည်။ ရောမ လီဂျင်တပ်ကြီးများ သည် ကမ္ဘာ့စစ်တပ်များ သမိုင်းတွင် စံတင်ရလောက်အောင် စစ်စည်းကမ်း ကြီးမားသည်။ ထုကြီးထည်ကြီးနှင့် ဖြည်းလေးစွာ စစ်ချီလျက် သံကိုယ်ချပ် ဝတ်စုံ ဝတ်ဆင်ကာ လက်နက်စုံ တပ်ဆင်ထားသော ရောမ လီဂျင်တပ်ကြီး များ စစ်ချီလာပြီဆိုလျှင် မည်သည့်ရန်သူမျှ ကြံ့ကြံ့မခံနိုင်။ ထောင်ပေါင်း များစွာသော ရောမစစ်သည်များသည် အမိန့်သံ တစ်သံတည်းအောက်ဝယ် လူတစ်ယောက်တည်း လှုပ်ရှားနေသည့်အလား စစ်ရေးပြရာတွင် ညီညာ လှသည်မှာ အံ့မခန်း ရှိလှသည်။

ရောမအင်ပါယာကို စိန်ခေါ်အံ့သော ခရီးရှည် ချီတက်မှုကြီးကို ဟန်နီဗော ပြင်ဆင်နေစဉ် ကာလအတွင်း ရောမသည် အီတလီတောင်ပိုင်း စစ္စလီ၊ ဆာဒီးနီးယားနှင့် ကော်ဆီးကားတို့ကို အခိုင်အမာ ချုပ်ကိုင်ထားနိုင်သည့် အခြေအနေတွင် ရှိနေသည်။ တစ်ဖန် ရောမပြည်၏ မြောက်ပိုင်းတွင် မှီတင်း နေထိုင်ကြသော အီတာလျံလူမျိုးများမှာလည်း ရောမ၏ လက်အောက်ခံ မဟုတ်စေကာမူ မဟာမိတ်အဖြစ် တည်ရှိနေဆဲ ဖြစ်သည်။ သို့ရာတွင် မြောက်ပိုင်းအစွန်တွင် နေထိုင်ကြသော ဆီဆာပိုင်ဂေါလနှင့် ထရန်စာပိုင် ဂေါလတို့မှာမူ ရောမတို့ကို သမိုင်းအစဉ်အဆက် ရန်လိုနေကြသူများ ဖြစ် သည်။ ထိုဂေါလတို့သည် လူမျိုးစုချင်း သွေးချင်းကလည်း ဆက်စပ်နေ သည်။ ဤသို့ ရောမအပေါ် ရန်လိုနေသည်မှာလည်း သမိုင်းကျောထောက် နောက်ခံ ရှိလေသည်။ ဤသည်မှာ ယင်းဂေါလတို့သည် အီတလီကို

mgyoe.com

mgyoe.com


ဝင်ရောက်စီးနင်းခဲ့ပြီး ရောမကို တိုက်ခိုက်ခဲ့သည်မှာ နှစ် ၂၀၀ မျှပင် မပြည့်တတ်သေးချေ။ လွန်ခဲ့သော မျိုးဆက် နှစ်ဆက်ခန့်ကလည်း ရောမတို့သည် အက်ဂါဂဲလ်လီ တပ်စ်ကို သိမ်းပိုက်ပြီး အရီမိနီယန် (ခေတ်သစ် ရီမိနီ) တွင် စစ်စခန်းတစ်ခု ဖွင့်လှစ်ခဲ့သည်။ တစ်ဖန် ဟန်နီဗော၏ ကာသေတပ်ကြီးနှင့် မတိုက်ခိုက်မီ ခုနစ်နှစ်ခန့်ကလည်း ရောမတို့သည် မိမိပိုင်နက်ထဲသို့ ကျူးကျော်ဝင်ရောက်လာသော ဂေါလတို့ကို ကဲလ်လမွန် (ဘီစီ ၂၂၅) တွင် ချေမှုန်းနှိမ်နင်းခဲ့သည်။ သို့တစေ ဂေါလတို့သည် ရောမကို အညံ့မခံဘဲ ရန်စောင်မြဲ စောင်နေသည်။ ထိုအခြေအနေများအတွင်း ကာသေတပ်ကြီး ရောမသို့ မချီတက်မီ တစ်နှစ်ခန့်အလိုတွင် ရောမသည် ပိုးတောင်ကြားလွင်ပြင်ကို စောင့်ကြပ်ကြည့်ရှုရန်အတွက် ခရီမိုနာနှင့် ပလာဆင်းတီးယား (ခေတ်သစ် ပီယာဆင်ဇာ) တို့တွင် ကိုလိုနီများ စိုက်ထူခဲ့ရလေသည်။ ဤသည်တို့ကား ရောမနှင့် ဂေါလလူမျိုးစုတို့ တစ်ဦးနှင့်တစ်ဦး ရန်လိုမုန်းတီးနေကြသည့် သမိုင်းကျောထောက်နောက်ခံများပေတည်း။

သို့ဆိုလျှင် ဂေါလတို့ ပျော်ပိုက်ကျက်စားရာ ပိုးတောင်ကြားလွင်ပြင်ဒေသမှ ခေတ္တခွာကာ ထိုဒေသနှင့် မိုင်ပေါင်း ၁၀၀၀ မျှ ကွာဝေးသော ကာသေပြည်သစ်၏ အခြေအနေတို့ကို လေ့လာကြပါစို့။

ဆောင်းဥတု၏ နေ့တစ်နေ့တွင် ဖြစ်သည်။

ဘီစီ ၂၁၉ ခုနှစ်တွင် ကာသေတပ်ကြီးသည် ဆောင်းခိုစခန်းဒြိစတည်းချနေသည်။ ဆိပ်ကမ်းတွင် ကာသေ စစ်သင်္ဘောများနှင့် ကုန်တင်သင်္ဘောတို့သည် ကျောက်ချ ရပ်နားနေကြသည်။ ယင်းအခိုက်တွင် လေးဆင့်တပ် စစ်သင်္ဘောတစ်စီးသည် စည်းချက်ညီသော တက်သံများဖြင့် ဆိပ်ကမ်းအတွင်းသို့ ခံ့ညားစွာ ဝင်ရောက်လာလေသည်။ ပြာလဲ့သော ရေပြင်ကို စီးမိုးနေသည့် ကျောက်တောင်ကုန်းများပေါ်ရှိ ကာသေပြည်သစ်၏ ဘုရားဝတ်ကျောင်းများနှင့် နန်းတော်တို့သည် အနောက် ဂေါယာကျွန်းသို့ ယွန်းစပြုနေပြီဖြစ်သော နေမင်းသူရိန်၏ ရောင်ခြည်အောက်ဝယ် ရှုမငြီးဖွယ် တင့်တယ်နေလေသည်။

ဆိပ်ကမ်းမြင်ကွင်းကို ဆင်ဝင်တစ်ခုထက်မှ လက်ပိုက်ကာ လှမ်းမျှော်ကြည့်နေသည့် လူငယ်တစ်ဦးသည် သင်္ဘောမှာ ကမ်းသို့ကပ်သည်နှင့်

mgyoe.com

mgyoe.com

အားပါးတရ ပြုံးလိုက်ပြီး အိပ်ခန်းတွင်းသို့ ချာခနဲလှည့်၍ ဝင်သွားလေသည်။ ဤသည်မှာ မိသားစုအား သဘော်ဝင်လာသည့်အကြောင်း သတင်းပါးရန်ပင် ဖြစ်ပါ၏။ ထိုလူငယ်မှာ ဟန္နီဗော၏ညီ ဟက်(စ်)ဒရူးဗောပင် ဖြစ်လေသည်။ အစ်ကိုဖြစ်သူ ဟန္နီဗောသည် ယခု ဆိုက်ကပ်လာသည့် သဘော်တွင်ပါလာပြီး ဂဒက်စ် (ခေတ်သစ်ဂဒစ်ဇ်) သူရဲကောင်း ဟာကျူလီ၏ ဝတ်ကျောင်းတော်၌ ယဇ်ပူဇော်ပြီး၍ ပြန်လာခြင်းလည်း ဖြစ်လေသည်။ ညီဖြစ်သူ ဟက်(စ်)ဒရူးဗောတွင် အစ်ကိုဖြစ်သူ ဟန္နီဗောနှင့် ဆွေးနွေးရန် အကြောင်းအချက်များစွာ ရှိနေသည်။ ကုန်လွန်ခဲ့သော လအနည်းငယ်အတွင်းက ဟန္နီဗောသည် ဂေါလလူမျိုးစုတို့ မှီတင်းနေထိုင်ရာဒေသများသို့ အထောက်တော်များကို စေလွှတ်ခဲ့သည်။ ထိုအထောက်တော်တို့၏ တာဝန်မှာ ကာသေတပ်ကြီး ဂေါလတို့၏ ပိုင်နက်ကို ဖြတ်ကျော်လျှင် ဂေါလလူမျိုးစု ခေါင်းဆောင်များက မည်သို့ သဘောထားမည်ကို ထောက်လှမ်းရန်နှင့် လမ်းပန်းခရီးကို စူးစမ်းရန်ပင် ဖြစ်လေသည်။ ယခုဆိုလျှင် အထောက်တော်များ ပြန်ရောက်လာကြပြီဖြစ်၍ ဟက်(စ်)ဒရူးဗောသည် ဟန္နီဗောနှင့် ဆွေးနွေးရန် စိတ်စောနေခြင်း ဖြစ်လေသည်။ ဟန္နီဗောသည် မိသားစုနှင့် မိတ်ဆွေများအလယ်တွင် အပန်းဖြေရင်း ညီဖြစ်သူ ပြောပြသည့် သတင်းများကို နားထောင်နေလေသည်။ အထောက်တော်များ သယ်ဆောင်ခဲ့သော သတင်းများမှာလည်း သတင်းကောင်းချည်း ဖြစ်သည်။

အတန်ငယ်ကြာသောအခါ ဟန္နီဗောသည် သူ၏ ညီအစ်ကိုများဖြစ်ကြသည့် ဟက်(စ်)ဒရူးဗော၊ ဟန်နို၊ မာဂို၊ မဟာဗောနှင့် ဂစ်ဂိုတို့၏ မျက်နှာစုံညီရှေ့တွင် အထောက်တော်များကို တစ်ယောက်ပြီး တစ်ယောက် စစ်မေးလေသည်။ စာရေးတော်များကလည်း အထောက်တော်များ၏ သတင်းပို့ချက်တို့ကို လက်မအားနိုင်အောင် မှတ်တမ်းလိုက်တင်နေကြလေသည်။

ဟန္နီဗောတို့ ညီအစ်ကိုတစ်စုကို ဖခင်ကြီး ဟမီးလကားက 'ခြင်္သေ့ညီအစ်ကို တစ်မြုံ' ဟု ချစ်စနိုးခေါ်ခဲ့သည်။ သူတို့ ညီအစ်ကိုတစ်သိုက်၏ နေလောင်ထားသော မျက်နှာများပေါ်ဝယ် ပျော်ရွှင်ချမ်းမြေ့ခြင်း၊ မိမိကိုယ်မိမိ ယုံကြည်စိတ်ချခြင်း စသည့် အရိပ်လက္ခဏာတို့သည် အထင်းသားပေါ်လွင်နေလေသည်။ ဆက်တိုက် ကြားလိုက်ရသော သတင်းများမှာ ကျေနပ်ဖွယ်ချည်းဖြစ်၍ စိတ်ဓာတ်လည်း လွန်စွာ တက်ကြွနေကြသည်။

mgyoe.com

mgyoe.com

ကြားရသော သတင်းများအရဆိုမူ ရှန်းမြစ်နှင့် ဒူးရင့်စ်မြစ်ကြားတွင် နေထိုင်ကြသည့် ဗိုကွန်တီနှင့် ထရီကိုရီတို့က ကာသေတပ်ကြီး ချီလာလျှင် ကြိုဆိုပါမည်ဟု ကတိစကားဆိုသည်ဟု သိရှိရသည်။ ရှန်းမြစ်ညာဒေသရှိ အဲလ်ဘိုဘရိုဂျစ် လူမျိုးစုတို့ကမူ ကာသေတပ်ကို ကြိုဆိုပါမည်ဟု ကတိဝန်ခံစကား မထားရှိသော်ငြားလည်း ကာသေတပ်ကြီး ချီတက်လာလျှင် ရန်မူမည် မဟုတ်ဟု ဆိုသည်။ တစ်ဖန် အဲလ်ပတောင်တန်းကို ဖြတ်ကျော်သွားရောက်ကာ ထိုဒေသရှိ လူမျိုးတို့နှင့် ဆွေးနွေးခဲ့ကြသော အထောက်တော်များ၏ အဆိုအရလည်း ထိုဒေသရှိ လူမျိုးစုတို့က ယင်းတို့၏ မဟာရန်သူ ရောမကို တိုက်ခိုက်ချေမှုန်းမည့် ကာသေတပ်ကြီးကို ဝမ်းပန်းတသာ ကြိုဆိုရုံမျှမက လူသူလက်နက် ရိက္ခာတို့ကိုပင် ထောက်ပံ့ကြဦးမည်ဟု ကတိပေးကြသည်။

ဟန်နီဗောသည် ပင်ကိုစရိုက်အရ စေ့စပ်သေချာသူဖြစ်သည့်အလျောက် စီမံရေးဆွဲရာတွင်လည်း အနုစိတ်ပင် ရေးဆွဲလေသည်။ ခေတ်သစ် ဗိုလ်ချုပ်ကြီးများကဲ့သို့ပင် ဟန်နီဗောသည် သူ့တပ်ကြီး ဖြတ်ကျော်ချီတက်ရမည့် နယ်မြေဒေသတို့၏ ပထဝီနှင့် နိုင်ငံရေး အခြေအနေတို့ကို ဦးစွာလေ့လာလေသည်။ သို့ရာတွင် ခေတ်သစ် ဗိုလ်ချုပ်တို့၏ စီမံချက်နှင့် မတူညီနိုင်သော ခြွင်းချက်များကား ရှိပါ၏။ ယင်းမှာ မိခင်နိုင်ငံနှင့် ဆက်သွယ်ရေး လမ်းကြောင်းများ ဖွင့်လှစ်မထားနိုင်ခြင်း၊ မိမိရိက္ခာကို မိမိ သယ်ဆောင်မသွားနိုင်ခြင်းတို့ပင် ဖြစ်သည်။ စင်စစ် ကာသေတပ်၏ အခြေအနေမှာ မိမိချီရာ လမ်းတစ်လျှောက်တွင် ရိက္ခာရှာဖွေ ဖြည့်တင်းသွားရမည့် သဘောပင် ဖြစ်လေသည်။

ဤသည်တို့မှာ ရောမ စစ်ယန္တရားနှင့် ဟန်နီဗော ချီတက်ရမည့် လမ်းတစ်လျှောက်ရှိ နယ်မြေဒေသတို့၏ ယေဘုယျ အခြေအနေများတည်း။

ဤတွင် ကာသေပြည်၌ ဟန်နီဗော စုဆောင်းနေသော ကာသေစစ်သည်တို့၏ အထွေထွေ အခြေအနေတို့ကို လေ့လာရန် လိုအပ်လာပြန်သည်။

ဟန်နီဗော၏ ကာသေတပ်တွင် ပါဝင်သော စစ်သည်တို့မှာ ဘာသာစကား တစ်မျိုးတည်းကို ပြောဆိုသော လူမျိုးနွယ်များသော်လည်းကောင်း၊

mgyoe.com

လူမျိုးတစ်မျိုးတည်းသော်လည်းကောင်း မဟုတ်ချေ။ တချို့ကို အာဖရိကမှ လည်းကောင်း၊ တချို့ကို စပိန်မှလည်းကောင်း စုဆောင်းခဲ့ရသော စစ်သည် များသာ ဖြစ်သည်။ တစ်နည်းဆိုသော် လူမျိုးပေါင်းစုံ ပါဝင်သော တပ် ဖြစ်သည်။ ဤအချက်သည်ပင် ကာသေတပ်နှင့် ရောမတပ်တို့၏ အဓိက ခြားနားချက် ဖြစ်လေသည်။ ရောမပြည်သူတို့သည် စစ်အေးကာလတွင် သာမန်ပြည်သူများဖြစ်ကြပြီး စစ်ပူကာလ၌သာ စစ်သားများ ဖြစ်ကြရ သဖြင့် ပြည်သူ့စစ်အသွင်ဆောင်သည့် တစ်နည်း ရောမစစ်တပ်သည်ပင် နိုင်ငံတော်ဖြစ်ပြီး နိုင်ငံတော်သည်ပင် ရောမစစ်တပ် ဖြစ်သည်။ ထို့ကြောင့် ရောမစစ်သည်တို့သည် ရောမနိုင်ငံအပေါ် သစ္စာစောင့်သိရန် တာဝန်ရှိလေ သည်။ ထိုတာဝန်ကပင် ရောမစစ်သည်တို့ကို နှောင်တည်းထားလေသည်။

ကာသေတပ်တို့တွင်မူ ဤတာဝန်များ မရှိချေ။ လူမျိုးပေါင်းစုံပါဝင် သောတပ်ဖြစ်သည့်အားလျော်စွာ မိခင်နိုင်ငံရေး မဟုတ်သော ကာသေနိုင်ငံ အပေါ် အထူးတလည် သစ္စာစောင့်သိရန် မလိုချေ။ သူတို့အား တုပ်ချည် ထားနိုင်သည့် နှောင်ကြိုးမှာ စစ်နိုင်လျှင်ရရှိမည့် ဓနဥစ္စာမှလွဲလျှင် မိမိတို့ တပ်မှူးအပေါ် တွယ်တာသည့် သံယောဇဉ် သို့မဟုတ် ရဲဘော်စိတ်ပင် ဖြစ်လေသည်။ အမှန်မူ သူတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းမှာ စစ်သားဘဝသာဖြစ်ပြီး သူတို့၏ ကျွမ်းကျင်သည့် အတတ်ပညာမှာလည်း စစ်အတတ်ပင် ဖြစ်လေသည်။ ဤသို့သော ရဲဘော်စိတ်မျိုးကို ဒုတိယ ကမ္ဘာစစ်ကြီးက တွေ့ရှိခဲ့ရဖူးပါ၏။ ပမာအားဖြင့် အမေရိကန် ဗိုလ်ချုပ် ပက်တန်း၊ ဗြိတိသျှဗိုလ်ချုပ် မောင့်ဂိုမာရီ၊ ဂျာမန်ဗိုလ်ချုပ် ရွမ်းမဲလ်တို့သည် မိမိတို့ တပ်သားများ၏ ချစ်ခင်လေးစားမှုကို ခံယူနိုင်ခဲ့ကြသည့် တပ်မှူးများ အဖြစ် ထင်ရှားခဲ့သည်။ သို့ရာတွင် ထိုဗိုလ်ချုပ်တို့နှင့် တပ်သားများကြား တွင် ရှိခဲ့ကြသော တွယ်တာမှုမှာ အမေရိကန် စစ်သားများက အမေရိကန် ဗိုလ်ချုပ်တစ်ဦးကို ချစ်ခင်လေးစားခြင်း၊ ဗြိတိသျှ တပ်သားများက ဗြိတိသျှ ဗိုလ်ချုပ်တစ်ဦးကို ချစ်ခင်လေးစားခြင်း၊ ဂျာမန် တပ်သားများက ဂျာမန် ဗိုလ်ချုပ်တစ်ဦးကို ချစ်ခင်လေးစားခြင်း စသည့် အမျိုးသားရေး လက္ခဏာ များ ပါရှိနေသဖြင့် ကန့်သတ်ချက်ရှိသည်ဟု ဆိုရမည် ဖြစ်လေသည်။ စင်စစ်ကား ထိုတပ်သားတို့၏ စိတ်ဓာတ်အခြေခံကို ဆန်းစစ်ကြည့်လျှင်

mgyee.com

mgyoe.com


နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကိုသာ တွေ့ရမည် ဖြစ်လေသည်။ ဤအချက်သည် အထူးတလည် အမှတ်သညာ ပြုထားသင့်သည့် အချက်ပင် ဖြစ်သည်။ ဤအချက်ကို အခြေခံပြီး လေ့လာမှသာလျှင် ဟန္နီဗောစ၏ ခေါင်းဆောင်မှုစွမ်းရည် ပိုမိုပေါ်လွင်လာနိုင်မည်လည်း ဖြစ်လေသည်။

ဟန္နီဗော၏ တပ်ကို စစ်ဆေးကြည့်လျှင် အာဖရိကမှ လူမျိုးစုပေါင်းစုံ၊ စပိန်လူမျိုး၊ နိဂူးရီးယန်းလူမျိုး၊ ဖိုနီးရှန်းလူမျိုးတို့ ပါဝင်သည်ကို တွေ့ရပေမည်။ လူမျိုးစုံပါဝင်သည့်အလျောက် ယဉ်ကျေးမှု၊ ကိုးကွယ်သည့် ဘာသာ၊ ပြောဆိုသည့် ဘာသာစကား စသည့် အခြေခံချင်းလည်း မတူကြချေ။ ဟန္နီဗောသည် သူ့တပ်သားများကို အမိန့်ပေးရာ၌ပင် တစ်ဒါဇင်မကသော စကားပြန်များမှတစ်ဆင့် အမိန့်ပေးခဲ့ရလေသည်။

သို့တစေ လူမျိုးပေါင်းစုံ ပါဝင်သော ဟန္နီဗောတပ်ကြီးသည် ရပ်ဝေးမြေခြားတွင် ၁၇ နှစ်ကျော်မျှ စစ်ဆင်နေခဲ့ကြရသည့်တိုင် စစ်သည်ချင်းစိတ်ဝမ်းကွဲပြားခြင်းမျိုးသော်လည်းကောင်း၊ မိမိတပ်မှူးကို တော်လှန်ဖီဆန်ခြင်းမျိုးသော်လည်းကောင်း မပေါ်ပေါက်ခဲ့ချေ။ သည်မျှဆိုလျှင် ဟန္နီဗော၏ ခေါင်းဆောင်မှုစွမ်းရည်ကို အကဲဖြတ်နိုင်ရပေသည်။

ဟန္နီဗော၏ စစ်တပ်ကြီးတွင် ပါဝင်သည့် လူမျိုး အရေအတွက် အချိုးအစားမှာ စစ်ရှိန်ရလာသည်နှင့်အမျှ ခြားနားမှုများ ရှိလာခဲ့သည်။ ဤသို့ ခြားနားမှု ရှိလာခဲ့ရခြင်းမှာ စစ်ချီရာ လမ်းတစ်လျှောက်တွင် လူမျိုးစုအသစ်များဖြင့် အင်အားဖြည့်တင်းသွားရခြင်းများရှိသကဲ့သို့ ဝင်လာသောလူသစ်များ ပြန်ထွက်သွားခြင်းများလည်း ရှိခဲ့ခြင်းကြောင့် ဖြစ်လေသည်။

မည်သို့ရှိစေ ယခုရောက်နေသော အဆင့်၌မူ ဘီစီ ၂၁၈ စပရင်းရာသီတွင် ကာသေဂျီးနား၌ ဟန္နီဗော စုဆောင်းထားရှိသော စစ်သည်များနှင့် စစ်လက်နက်ပစ္စည်းများကိုသာ ဆန်းစစ်ရန် လိုအပ်ပေဦးမည်။

စစ်စထွက်ချိန်၌ ဟန္နီဗော၏ တပ်တွင် စစ်သည်အင်အား ၁၀၀၀၀၀ ကျော်မျှ ရှိလေသည်။ ယင်း အင်အားအနက် ၉၀၀၀၀ ကျော်မှာ ခြေလျင်စစ်သည်ဖြစ်ပြီး ကျန် ၁၂၀၀၀ မှာ မြင်းသည်များ ဖြစ်သည်။ ခြေလျင်စစ်သည် အများစုသည် စပိန်ပြည်တွင် မှီတင်းနေထိုင်ကြသည်။ အိဗာရီးယန်းနှင့် ကဲလ်တီဘားရီးယန်း လူမျိုးစုများ ဖြစ်ကြလျက် မကြာမီက

mgyoe.com

mgyoe.com

ကာသေတို့နှင့် တိုက်ခိုက်ခဲ့ကြသူများလည်း ဖြစ်လေသည်။ (ဤသို့ ရန်သူဘဝမှ မိတ်ဆွေဘဝသို့ ကူးပြောင်းလာခဲ့ခြင်းမှာလည်း ယင်းလူမျိုးတို့ကို ကာသေတို့က စစ်နိုင်ပြီးနောက် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းကြောင့် ဖြစ်သည်။) ယင်းလူမျိုးစုတို့ စစ်ပွဲတွင် မည်သည့်လက်နက်အမျိုးအစားကို ကိုင်ဆောင်သုံးစွဲခဲ့သည်ဆိုသည်ကိုမူ သမိုင်းအထောက်အထား မကျန်ရစ်၍ အတိအကျ မဖော်ပြနိုင်ချေ။ သို့စေကာမူ ထိုလူမျိုးစုတို့ ကိုင်စွဲသော စစ်လက်နက်များမှာ အလတ်စား ဓားရှည်၊ လှံတံနှင့် ဒိုင်း စသည့် အပေါ့စား လက်နက်များဖြစ်ဖွယ်ရှိသည်ဟု ရှေးသမိုင်းဆရာတို့က ယူဆခဲ့ကြလေသည်။

ဤခြေလျင်စစ်သည်နှင့် မြင်းသည်များမှာ အာဖရိကတွင် နေထိုင်ကြသည့် လူမျိုးစုများ ဖြစ်ကြလေသည်။ ယင်းတို့အနက် စစ်စွမ်းရည်အထက်မြက်ဆုံးနှင့် ကြောက်မက်ဖွယ် အကောင်းဆုံးမှာ နျူမီဒီယန် မြင်းသည်ကျော်များပင် ဖြစ်လေသည်။ ထိုမြင်းသည်များကို ဟက်(စ်)ဒရူး ဗောက ဦးစီးကွပ်ကဲသည်။ ဟက်(စ်)ဒရူးဗောသည် ယခုခေတ်မှ နောင်ခေတ်များတိုင် ပြိုင်စံရှားသည့် မြင်းတပ်မှူးတစ်ဦးအဖြစ် သမိုင်းတွင် ထင်ရှားလေသည်။

နျူမီဒီယန်တို့ကို စနစ်တကျ အုပ်ချုပ်ကွပ်ကဲနိုင်သည်ဆိုခြင်းကပင် ဟက်(စ်)ဒရူးဗော၏ ခေါင်းဆောင်မှု အရည်အချင်းကို အသိအမှတ်ပြုရမည် ဖြစ်ပေသည်။

စင်စစ် နျူမီဒီယန်တို့မှာ သဲကန္တာရတွင် ကျင်လည်ကျက်စားသည့် မြင်းသည်ကျော်များ ဖြစ်ကြသည်။ ယင်းတို့၏ ဘိုးဘေးများသည် ခြေသလုံးအိမ်တိုင်ဘဝဖြင့် ရေကြည်ရာ မြက်နုရာ ဒေသများသို့ လှည့်လည်သွားလာရင်း ကြုံရာ တိုက်ခိုက်လုယက်၍ အသက်မွေးခဲ့ကြသူ ဖြစ်လေသည်။ နောက်တွင် အာဖရိကကမ်းခြေ၌ အခြေချနေထိုင်ခြင်းပြုခဲ့ရာမှ တစ်စတစ်စ ယဉ်ကျေးလာကာ သိုးကျောင်းသားဘဝ၊ လယ်သမားဘဝသို့ ကူးပြောင်းလာခဲ့ကြသူများ ဖြစ်လေသည်။ ဤသို့ စစ်လိုလားသည့် ဘိုးဘေးများမှ ဆင်းသက်လာသူများဖြစ်သည့်အားလျော်စွာ နျူမီဒီယန် လူငယ်တို့သည် စစ်၌သာ ဝါသနာထုံကြပြီး စစ်အတတ်၌သာလျှင် လိမ္မာပွန်းတီးကြရကား အိမ်နီးချင်းဖြစ်သည့် ကာသေနိုင်ငံသည် စစ်စိတ်မာန်ကြွနေသော နျူမီဒီယန်လူငယ်တို့ကို ကြေးစားစစ်သားများအဖြစ် အသုံးချရန် ဝမ်းမြောက်

mgyoe.com

mgyoe.com
ဝမ်းသာ ကြုံဆိုခဲ့ကြသည်။ ရှုမိဒီယန်တို့ ကိုင်စွဲသော အဓိက လက်နက်မှာ လှံလျှင် (ပစ်လှံ) ဖြစ်လေသည်။

ဟန်နီဗော၏ ကာသေတပ်ကြီးတွင် စစ်ဆင်များလည်း ပါရှိလေသည်။ အင်အား ၃၇ စီးရှိပြီး ဌာနေ ဆင်ဦးစီးမှ ကွပ်ကဲလေသည်။ ယင်းဆင်တို့သည် ကာသေတပ်ကြီး၏ အကြီးစား တင့်ကားများ ဟူ၍ပင် ဆိုရဖွယ် ရှိလေသည်။ ဆင်ရေမှာ ထူထဲရကား တော်ရုံ ဓားလှံတို့၏ ဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိလေသည်။ တံပိုးသံကဲ့သို့သော အော်သံနှင့် မြေတုန်ဟည်းမျှသော ခြေသံတို့ဖြင့် ဆင်တပ်ကြီး ချီလာသည်ကို မြင်ရုံဖြင့်ပင် ရန်သူခြေလျင် ရှေ့တန်းသည် ဖွဲ့စည်းမှုပျက်ကာ ပြိုကွဲသွားမြဲ ဖြစ်လေသည်။ ထိုနည်းတူ ရန်သူ့မြင်းများသည်လည်း ဆင်နံ့ရရုံဖြင့်ပင် လန့်ဖျပ်ကုန်ကာ ထိန်းမနိုင်သိမ်းမရ ဖြစ်သွားမြဲတည်း။ ခေတ်သစ် စစ်ဆင်နည်း အမြင်ဖြင့် ကြည့်လျှင် ဆင်တပ်နှင့် စစ်တိုက်ခြင်းကို အထင်ကြီးကောင်းမှ ကြီးမည် ဖြစ်သော်လည်း အလတ်စား ဓားရှည်နှင့် လှံတိုကလေးများကို ကိုင်စွဲတိုက်ခိုက်သည့် စစ်ပွဲတွင် ဆင် ၃၇ စီး ရင်ပေါင်တန်း အပြင်းချီလာသည်ကို မြင်ရုံဖြင့် ရန်သူ့ခြေလျင်စစ်သည်များ မည်မျှစိတ်ဓာတ် ပျက်ပြားသွားမည်ကို အလွယ်ပင် ခန့်မှန်းနိုင်ရာပေသည်။

ဟန်နီဗော အသုံးပြုခဲ့သော ဆင်များမှာ အာဖရိက ပေါက်ဆင် ဖြစ်သည်။ အိန္ဒိယပေါက် ဆင်ဖြစ်သည် စသည်ဖြင့် စစ်သမိုင်းပညာရှင်များကြား ယခုတိုင် အငြင်းပွားဆဲ ရှိနေပေသေးသည်။ နယ်မြေဒေသ နီးစပ်မှုရှုထောင့်မှကြည့်လျှင် ဟန်နီဗောအနေဖြင့် အာဖရိကဆင်များမှာ လေ့ကျင့်ရန် ခက်ခဲသည်ဟု နာမည်ကြီးသည်။ အိန္ဒိယဆင်များမှာမူ အာဖရိက ဆင်များထက် လုံးပတ်၊ ဒေါက်သေးသော်လည်း လေ့ကျင့်ရန် လွယ်ကူပြီး စစ်ဆင်များအဖြစ် အသုံးများလေသည်။ ထို့ပြင် ယင်းခေတ်က ကာသေသည် မြောက်အာဖရိကမှတစ်ဆင့် အီဂျစ်၊ ဆီးရီးယား၊ အိန္ဒိယတို့နှင့် ကုန်သွယ်လမ်းကြောင်းများ ဖွင့်လှစ်ထားနိုင်ပြီဖြစ်၍ အိန္ဒိယဆင်များကို အလိုရှိကလည်း ထိုလမ်းကြောင်းမှ အလွယ်တကူ တင်သွင်းနိုင်သော အခွင့်အရေးများ ရှိလေသည်။

တော်ဝင် ပထဝီဝင်အသင်းကြီး၏ ဥက္ကဋ္ဌဖြစ်သူ ဆာဂါဗင်ဒီဘဲယား ရေးသည့် 'အဲလ်ပတောင်တန်းနှင့် ဆင်များ' ဆိုသည့် စာအုပ်တွင် ဟန်နီဗော
mgyoe.com

၏ ဆင်များမှာ အာဖရိကဆင်များ ဖြစ်ဖွယ်ရှိသည်ဟု ကောက်ချက်ချခဲ့လေသည်။ ထိုကောက်ချက်မှာ ဟန်နီဗောခေတ် (ဘီစီ ၂၂၁) ခန့်တွင် သွန်းလုပ်ခဲ့သည်ဟု ယူဆဖွယ်ရှိသော ဒင်္ဂါးတစ်ပြားပေါ်တွင် အာဖရိကဆင်၏ ကြမ်းအင်လက္ခဏာပါရှိသည့် ဆင်တံဆိပ် ခတ်နှိပ်ထားသည်ကို တူးဖော်တွေ့ရှိခဲ့ရခြင်းအပေါ် အခြေခံသည်ဟု ဆိုလေသည်။

ဟန်နီဗော၏ ကာသေတပ်ကြီးတွင် ဆင်နှင့် မြင်းသာမက ဝန်တင်တိရစ္ဆာန် အများအပြား၊ မြို့စီးယန္တရားကြီးများ၊ မြို့တံခါးဖျက် မောင်းတံကြီးများနှင့် မြို့ရိုးကျော် မျှော်စင်ကြီးများ စသည့် စစ်သုံးယန္တရားကြီးများလည်း ပါဝင်ပေသေးသည်။ ထိုကြီးမားလေးလံသည့် စစ်သုံးယန္တရားကြီးများကိုလည်း နွား သို့မဟုတ် လားများဖြင့် ဆွဲသည်ဟု ယူဆရလေသည်။

ဤသို့ဖြင့် ဆောင်းဥတုကုန်လွန်ရင်း စပရင်းရာသီသို့ ကူးပြောင်းခဲ့လေသည်။ ကာသေ မြို့သူမြို့သားတို့သည် နွေးထွေးသော ဝတ်ရုံ ခြုံထည်တို့ကို စွန့်ခွာကုန်ကြသကဲ့သို့ ကျေးကျွန်တို့အဖို့လည်း နန်းတွင်းအိပ်ခန်းဆောင်တို့တွင် မီးဖိုရသည့် အလုပ်တစ်ခု သက်သာသွားရတော့သည်။ မိန်းမဆောင်မှ သီချင်းညည်းသံတို့ကိုလည်း ကြားရစပြုချေပြီ။ အိမ်၏ ဆည်းလည်းသံဖြစ်သော ကလေးတို့၏ ပြေးလွှားသံ၊ ရယ်မောသံ၊ အော်ဟစ်ဆူညံသံတို့သည် ကာသေမြို့ရိုးရှိ သရဲခိုတို့ကိုပင် ကျော်လွှား ပျံ့လွင့်လျက်ရှိနေလေသည်။

ဟန်နီဗော၏ဇနီး အီမီလစ်သည် နှစ်နှစ်သားအရွယ် သားငယ်ကို ပိုက်ထွေးရင်း လေသာပြတင်းမှ တစ်ဆင့် ပြင်ပရှိ လယ်ကွင်းပြင်များဆီသို့ လှမ်းမျှော်၍ ကြည့်နေလေသည်။ စပျစ်ခြံသမားတို့သည် စပျစ်ပင်ပျိုးများကို ပြုစုနေကြသကဲ့သို့ လယ်သမားတို့သည်လည်း သံလွင်ချုံများ၏ ဟိုမှာဘက်ရှိ လယ်ကွက်များကို ထွန်ယက်နေကြလေသည်။ ရာသီပြောင်းကို အခွင့်ကောင်းယူနေကြပုံပင်။

ထိုမြင်ကွင်းများနှင့် တစ်ဆက်တည်းဆိုသလိုပင် အီမီလစ်သည် အခြား ပြောင်းလဲမှု အသစ်များကိုလည်း သတိပြုနေမိလေသည်။ သူမ ခင်ပွန်း၏ စက္ခုအစုံသည် အခါတစ်ပါးထက် ပိုမိုတောက်ပြောင်နေသည်ဟု ထင်မိသည်။ ခင်ပွန်းသည်၏ ခြေလှမ်းတို့သည် ပိုမို ဖျတ်လတ်နေပုံလည်း

mgyoe.com

mgyoe.com

ရသည်။ သူမအပေါ် ကြင်နာယုယမှု ပိုမိုလာသယောင် ရိပ်ချည်သန်းချည် လည်း တွေ့ရသည်။ ထိုမှတစ်ဖန် ခင်ပွန်းသည် ဗိုလ်ဝင်ခံသည့် နေပြည် တော်သို့ စစ်သည်အသစ်များ လူမျိုးစု အဖွဲ့အစည်းအလိုက် ဝင်လာမစဲ တသဲသဲ ရှိနေကြသည်မှာ ဝေးလံသော တောင်ကုန်းတစ်ခုဆီမှ ကာသေသို့ တူရူပြုနေသည့် လမ်းမကြီးပေါ်တွင် ဖုံထောင်းထောင်းတမျှပင်။

ကိုယ်ခန္ဓာကြံ့ခိုင်သည့် နျူမိဒီယန် မြင်းသည်တော်များနှင့် ယင်းတို့ ၏ စစ်မြင်းချောကြီးများ၊ ခန္ဓာကိုယ် သေးသွယ်သော်ငြား ကြွက်သားချည်း သက်သက်ဖြင့် ကျစ်လျစ်စွာ ဖွဲ့စည်းထားသည့် အသားမည်း အီဗာရီးယန်း ခြေလျင်စစ်သည်များ၊ ဗာလီးယာရစ်ကျွန်းစုသား လောက်လွှဲသမားများ၊ နှုတ်မှ အစဉ်မြည်တွန်နေတတ်သည့် ဝန်တင်လားထိန်းများ၊ အာဖရိက တိုက်သားများ စသည်ဖြင့် ခြေသံမစဲ သဲသဲညံနေသည်။ ရုံခါဆိုသလိုတွင်၌ လည်း နေပြည်တော်၏ အရပ်မျက်နှာ တစ်နေရာဆီမှ တံပိုးသံနှယ် ဆူညံ သော ဆင်အော်သံတို့ကို ကြားနေရလေသည်။

ယင်းသမယကား ဘီစီ ၂၁၈တွင် ဖြစ်၏။ ထိုအချိန်မှာပင် ဟန်နီ ဗောသည် သူ၏ ကြီးမားသော အကြံအစည်ကြီးကို လက်တွေ့ အကောင် အထည်ဖော်ရန် အစစအရာရာ အသင့်ဖြစ်နေပေပြီ။

ယနေ့တွင် နေပြည်တော်သည် အခါတစ်ပါးထက် လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ အီမီလစ်သည် ဆူညံနေသည့် လူသံများ၊ စစ်သည်များ ချီတက် သွားနေကြသည့် ခြေသံများ၊ အော်ဟစ် အမိန့်ပေးသံများ၊ တံပိုးခရာသံများ ကို ကြားနေရလေသည်။

စင်စစ် ထိုအသံများကား သူမ၏ ခင်ပွန်း မြွက်ဆိုမည့် မိန့်ခွန်းကို ကြားနာရန် စုဝေးနေကြသည့် စစ်သည်ဗိုလ်ပါတို့၏ အသံများပေတည်း။

ဟန်နီဗောသည် အချိန်သင့်သည်နှင့် ဗိုလ်ဝင်ခံ စင်မြင့်ပေါ်သို့ လှမ်း တက်လိုက်သည်။ သူ့ကိုယ်ပေါ်မှ သံမဏိ ချပ်ဝတ်တန်ဆာသည် နံနက် ခင်း၏ နေခြည်အောက်ဝယ် ပြိုးပြိုးပြက်ပြက် ရှိနေလေသည်။ မျက်လုံး အစုံသည် ပိုင်ရှင်၏ မိမိကိုယ်မိမိ ယုံကြည်ကိုးစားမှုကို အထင်အရှား ဖော်ပြ နေလေသည်။ တိကျပြတ်သားသော နှုတ်ခမ်းအစုံကလည်း ဆုံးဖြတ်ချက် တစ်ခုကို ယတိပြတ်ချထားသည့် ပိုင်ရှင်၏ မနောကို လှစ်ပြနေလေသည်။

mgyoe.com

mgyoe.com


လက်တစ်ဖက်ကို လေထုထဲသို့ ဝှေ့ယမ်းပြလိုက်သည်နှင့် ထောင်ပေါင်းများစွာသော စစ်သည်ဗိုလ်ပါတို့သည် အပ်ကျသံကြားရမတတ် ငြိမ်သက်တိတ်ဆိတ်သွားလေသည်။ တစ်ချိန်တည်းမှာပင် ဂရိ၊ နျူမီဒီယန်၊ အီဗာရီးယန်းနှင့် အခြားလူမျိုးစု စကားပြန်တို့သည်လည်း စစ်ဗိုလ်ချုပ်ကြီး ဟန်နီဗော၏ မိန့်ခွန်းကို မိမိတို့၏ တိုင်းရင်းဘာသာစကား အသီးသီးဖြင့် ပြန်ဆိုရှင်းလင်းရန် နှုတ်တပြင်ပြင် ရှိနေကြပေပြီ။

ဟန်နီဗောသည် သူ့မိန့်ခွန်းကို စတင်လိုက်ချေပြီ။

"စဂွန်တမ်မြို့ကို လုပ်ကြံခဲ့ရ၏လောဟု အမျက်ရှကာ ငါနှင့်တကွ ကာသေ တပ်မှူးဟောင်းများအား ခြွင်းချက်မရှိ ပေးအပ်ရန် ရောမတို့က ရာဇသံပေးကြောင်း"

ဟန်နီဗောသည် ကာသေ တပ်မှူးဟောင်းများ ဆိုသည့် နေရာအရောက်တွင် မာဂို၊ ဟန်နို၊ ဟက်(စ်)ဒရူးဗောနှင့် မဟာဗောတို့ကို တစ်ယောက်ချင်း လက်ညှိုးညွှန်ပြလိုက်သည်။

ဤတွင် ရောမတို့ တောင်းဆိုချက်ကို သရော်သည့် အသံများသည် စစ်ဗိုလ်ပါတို့ထံမှ ပွက်ပွက်ညံမျှ ထွက်ပေါ်လာတော့သည်။ သည်ခဏမှာပင် ဟန်နီဗောက ပရိသတ် ငြိမ်သွားစေရန် လက်ပြအချက်ပေးလိုက်ရာ မီးကို ရေနှင့် ငြှိမ်းလိုက်သည့်အလား ငြိမ်ကျသွားပြန်လေသည်။

"ငါနှင့် ငါ့ညီနောင်များအား သံကြိုးဖြင့် နှောင်တည်းလျက် ပို့ဆက်လျှင် ပို့ဆက်၊ မပို့ဆက်လျှင် စစ်ပြုမည်ဟု ရောမတို့ သံတမန် စေလွှတ်၍ ရာဇသံပေးပို့သည့်အကြောင်းကို သင်တို့အား ငါ အသိပေး ပြောကြားလိုသည်။"

ဤစကားပိုဒ်အဆုံးတွင် စစ်သည်ဗိုလ်ပါများထံမှ "စစ်ပြိုင်မည်" ဟူသော အသံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

ဟန်နီဗောသည် နှုတ်ရေးလိမ္မာသူ ဖြစ်၏။ ထို့ကြောင့် သူ့စစ်သည်ဗိုလ်ပါတို့၏ ရဲစိတ်ရဲမာန်ကို ပျိုးထောင်နိုင်ရန်အလို့ငှာ ကာသေသတ္တိနှင့် ရောမသတ္တိကို နှိုင်းယှဉ်ပြလျက် သူလိုရာ အထွတ်ခေါင်သို့ ချည်ငင်သလို ယူငင်လာမည်မှာ ယုံမှားဖွယ်ရာ မရှိပြီ။ ဆက်လက်၍လည်း ဖခင် ဗိုလ်ချုပ်ကြီး ဟမီးလကား၏အကြောင်း ပြန်ပြောင်းသတိရစေခြင်းငှာ စစ်သည်

mgyoe.com

mgyoe.com

ဟောင်းများ၏ စိတ်သန္တာန်ဝယ် ပုံရိပ်ပြန်ထင်လာစေသည်အထိ ဓာတ်အိမ် ဓာတ်ဟောင်းများကို နှုတ်ရေးဖြင့် ပြန်လည်ခင်းကျင်း ပြလိုက်ပြန်လေသည်။ စင်စစ် ဤနေရာ၌ စုဝေးရောက်ရှိနေသော စစ်သည်ဗိုလ်ပါ အများစုမှာလည်း ဗိုလ်ချုပ်ကြီး ဟမီးလကား၏ လက်အောက်တွင် အမှုထမ်းခဲ့ဖူးသူများ ဖြစ်သည် မဟုတ်ပါလော။

ထို့နောက်တွင်မူ ဟန္နီဗောသည် စစ်သည်ဗိုလ်ပါတို့အား မိမိတို့ မကြာမီ ချီတက်ရမည့် ခရီးလမ်းပန်း မည်မျှ ခက်ခဲကြမ်းတမ်းမည့် အကြောင်း၊ ချီတက်ရမည့် ကာလကလည်း ရှည်ကြာမည့်အကြောင်း၊ သို့ရာတွင် ဖြတ်သန်းရမည့် နယ်မြေတိုင်းကို တိုက်ခိုက်ဖြတ်သန်းရန် မလိုကြောင်း၊ စင်စစ် ဂေါလတို့သည် သမိုင်းအစဉ်အဆက်အရ ရောမတို့ကို ဆန့်ကျင်တိုက်ခိုက်နေသူများဖြစ်၍ မိမိတို့ တပ်ကြီး ချီလာသည်ကို မြင်ကာမျှဖြင့် လူသူရိက္ခာတို့ဖြင့် ထောက်ကူကြိုဆိုမည် ဖြစ်ကြောင်း ဆက်လက်ပြောကြားလေသည်။

စစ်ချီရာ လမ်းတစ်လျှောက်တွင် တောင်တန်းများကို ဖြတ်ကျော်ရမည်။ တောင်တန်းများလွန်လျှင် အီတလီပြည်သို့ ရောက်မည်။ အီတလီပြည်သည် ဓနဥစ္စာ ကြွယ်ဝချမ်းသာသော တိုင်းနိုင်ငံ ဖြစ်သည်။ ထို့ကြောင့် တိုက်ခိုက်လုယက်ရန် ရွှေငွေရတနာတို့ဖြင့် အလျှံပယ်သော မြို့ရွာ၊ နယ်ပယ်တို့က အသင့်။

သူရဲကောင်းတို့ စိတ်လက်အပန်းဖြေနိုင်စေရန် ပြုစုယုယမည့် သမီးကညာတို့ကလည်း အသင့်၊ ဝမ်းဖြည့်ရန် ဂျုံ၊ ပြောင်း၊ ကျွဲ၊ နွားနှင့် ဝိုင်အရက်တို့ကလည်း အသင့်စောင့်ကြိုင့်လင့်ကာ လက်ယပ်ခေါ်ငင်နေသယောင်သို့ ရှိနေသည်။ အကယ်၍သာ မိမိကို ယုံကြည်စိတ်ချ၍ မိမိ ဦးဆောင်ရာနောက်သို့ နီရဲသော သွေး၊ မာသော အသည်းနှင့် ဓားကောင်းတစ်လက် ပိုင်ဆိုင်သည့် အာဇာနည် ယောက်ျားဖြစ်စေ လောကစည်းစိမ် ဂုဏ်သိန်အပေါင်းကို ရယူပိုင်ဆိုင်ခွင့်ရှိရမည်ဟု မိမိ အာမခံသည် စသည်ဖြင့် ပြောကြားကာ စကားကို ခေတ္တဆိုင်းငံ့ထားလိုက်သည့် တစ်ခဏမှာပင်၊

ထောင်ပေါင်းများစွာသော စစ်သည်ဗိုလ်ပါတို့၏ ခြေဆောင့်သံ၊ ဒိုင်းနှင့် လှံတံ ရိုက်ခတ်သံ၊ အော်ဟစ်ထောက်ခံသံတို့သည် မိုးယံတိုင်ထိ ပွက်ပွက်ညံသွားသည်မှာ မိနစ်အတန်ငယ် ကြာညောင်းသွားလေသည်။

mgyoe.com

ဤတွင် ဟန်နီဗောသည် စစ်သည်ထုကြီးအား ကျေးဇူးတင်စကား ပြောကြားပြီးနောက် စစ်သည်ဟောင်းများအတွက် ရည်ရွယ်၍လည်း အတိတ်က သူနှင့်အတူ ရယူခဲ့ကြသည့် အောင်ပွဲများ အကြောင်းကိုလည်း ပြန်ပြောင်း၍ ပြောပြလေသည်။ ပြီးသည်နှင့် ခက်ထန်သော စစ်မိန့်သံသို့ ပြောင်းကာ စစ်သည်ထုကြီးအား တန်းဖြုတ်ခွင့်ပြုလိုက်သည်။

စစ်သည်တို့ မထွက်ခွာမီ စစ်ထွက်ရန် သတ်မှတ်ထားသောအချိန်၌ အသင့်ဖြစ်စေရန် သတိပေးစကား ပြောကြားလိုက်သေး၏။

မကြာမီသော ကာလမှာပင် ကာသေ ဂိုနီဗာမြို့သည် တံပိုးခရာသံများ၊ စစ်သည်ပေါင်းများစွာ၏ ခြေသံများ၊ မြင်းခွာသံများ၊ ဗိုလ်အကြပ်တို့၏ အမိန့်ပေးသံများ စသည့် ဟန်နီဗော၏ စစ်တပ်ကြီး စစ်ချီသံကို ကြားရပေတော့မည်။

ဟန်နီဗောသည် ထွက်ခွာသွားသော စစ်သည်များအပေါ် ကျက်စား နေမိသော စက္ခုအာရုံကို ကြိုးစား၍ ဖြတ်တောက်လိုက်ပြီး သူ့ခန်းမဆောင်သို့ ပြန်ခဲ့လေသည်။ အီမီလစ်သည် ရွှေလည်တိုင်ဖော့ရိုး ကျိုးလုမတတ် ခင်ပွန်းသည် အပြန်ကို စောင့်မျှော်နေရှာလေသည်။ ဟန်နီဗောသည် ဇနီးသည်အား တယုတယ မွေးလိုက်ပြီး သူမ စိတ်သက်သာရာရစေမည့် စကားတို့ဖြင့် ဖြေသိမ့်နေလေသည်။ သည်းအူလှိုက်မျှ ချစ်ရသော ခင်ပွန်းနှင့် အချိန်ကြာမြင့်စွာ ခွဲခွာရတော့မည်ကို သူ ကြိုတင်သိရှိနေပေပြီ။ ထို့ကြောင့် ဟန်နီဗောသည် ဇနီးသည်၏ စိတ်အာရုံကို တဒင်္ဂမျှဖြစ်စေ ပြောင်းနိုင်စိမ့်သောငှာ သားလေးနှင့် ကစားပြနေလေသည်။ ထိုစဉ်ခိုက်မှာပင် တာဝန်ကျ စစ်သည်တစ်ဦး ဆိုက်ရောက်လာသည်။ တပ်မှူးများ စည်းဝေးကျင်းပရန် အခါသင့်ပြီ ဖြစ်ကြောင်း သတင်းပေးလေသည်။

သည်အခါ အီမီလစ်ခမျာ သူမ၏ အတွေး၊ သူမ၏ ကလေးနှင့် ကျန်ရစ်ခဲ့ရတော့သည်။ ထိုစဉ် နေလည်း ဝင်စပြုချေပြီ။

ထိုခဏဝယ် ကာသေ ဂိုနီဗာမြို့၏ လေသာပြတင်းတို့မှ မီးရောင်တို့သည်လည်း ပြိုးပြက်လာကြလေပြီတည်း။

■

mgyoe.com

mgyoe.com

# အခန်း (၄)
# ရန်းမြစ်သို့ ချီရာဝယ်

ခြေလျင်စစ်သည် လေးဦးစီ ရင်ပေါင်တန်းလျက် မြင်းသည် ၁၂၀၀၀ က ဝဲယာတောင်ပံ တစ်ဖက်တစ်ချက်ကို ရံကာ စစ်ချီတက်ခဲ့သည်။ ကာသေ စစ်ကြောင်းကြီး၏ အလျားသည် ၁၅ မိုင်ခန့်မျှပင် ရှည်လျားလေသည်။ ဤသည်မှာ ဘီစီ ၂၁၈ မေလတွင် ဟန္နီဗော ဦးဆောင်လျက် စစ်ထွက်ခဲ့သည့် ကာသေ စစ်တပ်ကြီး၏ အင်အား ပမာဏပင် ဖြစ်လေသည်။

မြေပြန့်လွင်ပြင်သို့ ရောက်လျှင်မူကား စစ်ကြောင်း၏ မျက်နှာစာကို ဤမျှ ကျဉ်းချုံးထားရန် လိုအပ်မည် မဟုတ်ချေ။ သို့စေကာမူ ၁၀ ယောက်စီ ရင်ပေါင်တန်းလျက် မြင်းတပ်ကို ဝဲယာခြံရံစေသည့်တိုင် စစ်ကြောင်း၏ အလျားမှာ တပ်မြီးမှ လိုက်ပါလာသည့် ဝန်တင်တိရစ္ဆာန်နှင့် စစ်ဆင်တို့ပါ ထည့်သွင်းလိုက်လျှင် ငါးမိုင်မှ ခုနစ်မိုင်အထိပင် ရှည်လျားနေဦးမည်သာ ဖြစ်ပေသည်။

စစ်သမိုင်းတစ်လျှောက်တွင် ဤမျှ ကြီးမားသော စစ်သည်အင်အားကို ဦးစီးကွပ်ကဲကာ စစ်ထွက်နိုင်သည့် စစ်သူကြီးများကို ညွှန်ပြပါဆိုလျှင် စစ်ဘုရင်ကြီး မဟာအလက်ဇန္ဒားမှလွဲ၍ ထိုနေ့က စစ်ထွက်ခဲ့သည့် ဟန္နီဗောကိုပင် ညွှန်ပြရမည် ဖြစ်ပေသည်။

ဝမ်းသာမှုကို ရင်ဝယ်ပိုက် အာဏာကို လက်တွင် ကိုင်၊ စစ်မြင်း တစ်စီးကို နှင်လျက် ဟန္နီဗောသည် တပ်ဦးနှင့် မလှမ်းမကမ်းမှ လိုက်ပါလာ

mgyoe.com

ခဲ့သည်။ စစ်ကြောင်းသည် ကာသေ ဂိုနီဗာမြို့မှ မြွေကြီးတစ်ကောင်အလား ကွေ့ကောက်ထွက်ခဲ့ကာ မြောက်ဘက် တောင်တန်းများဆီသို့ ရှေးရှုလျက် မာဆီယံလွင်ပြင်ကို ဖြည်းလေးစွာ ဖြတ်ကျော်နေလေသည်။ စစ်ကြောင်းသည် ရှည်လျားလွန်းလှ၍ အဆုံးမရှိဟူ၍ပင် ထင်မှတ်ရသည်။

ဟက်(စ်)ဒူးဗောသည် စပိန်ကို စောင့်ကြပ်ရန် နောက်ပိုင်းတွင် ကျန်ရစ်ခဲ့သည်။ သို့ရာတွင် ကျန်ညီများဖြစ်သည့် ဟန်နို၊ မာဂို၊ ဂစ်ဂိုနှင့် မဟာဗောတို့မှာမူ စစ်မြင်းကိုယ်စီဖြင့် ဟန္နီဗောအားမှ လိုက်ပါလာခဲ့ကြလေသည်။ သူတို့သည် တိုက်ပွဲတွင် အကြိမ်ကြိမ် အစမ်းသပ်ခံခဲ့ပြီးသော တပ်မှူးကောင်းများဖြစ်ကြပြီး ဟန္နီဗော စိတ်ကွန့်မြူးရာ လက်တွေ့ အကောင်အထည်ဖော်နိုင်စွမ်းသည့် အဓိက ကိရိယာတန်ဆာပလာများလည်း ဖြစ်ကြလေသည်။

ဟန္နီဗောသည် မြင်းနင်းကွင်းကို အားပြုရပ်လျက် ကိုယ်ကို တစ်ခြမ်းစောင်းကာ တပ်နောက်ပိုင်းမှ လိုက်ပါလာကြသည့် ခြေလျင်စစ်သည်များကို လှမ်းမျှော်ကြည့်လိုက်လေသည်။ ဟန္နီဗော၏ ခြေလျင် စစ်သည်တို့သည် ကမ္ဘာသမိုင်းဇာတ်ခုံဝယ် ပါဝင်ကပြခဲ့ကြရသည့် အခြား ခြေလျင် စစ်သည်များနည်းတူ နောက်ပြောင်ကာ တစ်လှည့်၊ သုန်မှုန်ကာ တစ်လှည့်၊ ညည်းညူကာ တစ်ဖုံ ရှိနေကြလေသည်။

မည်သို့ရှိစေ ထိုခြေလျင် စစ်သည်တို့ပင်လျှင် အတိတ်၊ ပစ္စုပ္ပန် တပ်မတော်တိုင်း၏ အမာခံကျောရိုး စစ်လက်ရုံးဖြစ်သည် မဟုတ်ပါလား။

ထိုခြေလျင်စစ်သည်တို့၏ ရှေ့မှ ဝဲယာတောင်ပံမှ နျူမီဒီယန် မြင်းသည်ကျော်တို့က စောင့်ရှောက်လိုက်ပါလာခဲ့ကြသည်။ ယင်းမြင်းသည်ကျော်များအနက်မှ စစ်စိတ်စစ်မာန် တက်ကြွနေသည့် လူငယ်ပိုင်းသည် ဖြည်းလေးစွာ ချီတက်နေရသည်ကို ငြီးငွေ့လာဟန် တူ၏။ ကျွမ်းကျင်ရာ လိမ္မာဆိုသလို မြင်းရေးအဖုံဖုံ အလီလီပြလျက် အပျင်းဖြေနေကြသည်မှာ ဗိုလ်နှင့် အကြပ်တို့က ထိန်းကွပ်လိုက်မှပင် ရပ်တန့်သွားကြတော့သည်။ သို့စေကာမူ စွန့်စားမှုကြီး၏ ပဏာမဖြစ်၍ ဗိုလ်နှင့် အကြပ်တို့က လူငယ်ပိုင်းကို တတ်နိုင်သမျှ အလိုလိုက်ကြရသည်သာ ဖြစ်ပေသည်။ မိုင်ပေါင်းများစွာ ရှည်လျားသည့် စစ်ကြောင်းကြီး၏အဆုံး မျက်ကွယ်ရာအရပ် ရောက်

mgyoe.com

mgyoe.com

နေသည့် တပ်မြီးတွင် စစ်ဆင်များသည် နှာမောင်းများကို ထက်အောက် ဝဲယာ လှုပ်ယမ်းရင်း လိုက်ပါလာကြသည်။ ဆင်များ ခြေလှမ်းလိုက်တိုင်း မြေတုန်သွားသည်ဟူ၍ပင် ထင်မှတ်ရသည်။ ဆင်များ၏ နောက်ပိုင်း၌ လည်း ဝန်တင် တိရစ္ဆာန်တပ်နှင့် လှည်းတန်းကြီး ရှိနေပေသေး၏။

ယခုဆိုလျှင် ဟန်နီဗော၏ ပထမ ရည်မှန်းချက် အောင်မြင်ပြီးမြောက် သွားပြီဟု ဆိုရချိမ့်မည်။ သူ့တွင် စစ်တပ်ကြီး ရှိပြီ။ အစိုးရ၏ အားပေး ထောက်ခံမှုကိုလည်း ရပြီ။ ထိုတပ်ကြီးကို ဦးစီးကာ ရောမသို့လည်း ဦးတည်ချီတက်နိုင်ပြီ။

သို့စေကာမူ ဟန်နီဗော၏ တပ်ကြီးသည် လူမျိုးပေါင်းစုံ ပါဝင်သော တပ်ကြီးဖြစ်သည့်အပြင် ကြေးစား စစ်သည်များ ရောမ စစ်သည်သစ်များပါ ပါဝင်နေသော တပ်ကြီးဖြစ်ပေရာ ထိုတပ်ကြီးကို မိုင်ပေါင်း ၁၀၀၀ ကျော် ခရီးကြမ်းတစ်လျှောက် နိုင်နင်းစွာ ကွပ်ကဲအုပ်ချုပ်သွားနိုင်ရန် ဆိုသည်မှာ လွယ်ကူသောကိစ္စ မဟုတ်ကြောင်း ဟန်နီဗော သိထားပြီး ဖြစ်လေသည်။

ထိုတပ်ကြီးမျိုးကို မိမိ စိတ်စေရာ လိုက်ပါဆောင်ရွက်မည့် မိမိကိုယ် အင်္ဂါ အစိတ်အပိုင်းသဖွယ် အသုံးပြုနိုင်ရန်ဆိုသည်မှာ လူပုဂ္ဂိုလ်ဆွဲဆောင်မှု တစ်ခုတည်းဖြင့် လည်းကောင်း၊ အမြှောက်အပင့် အချီးအပင့် စကားတို့ဖြင့် လည်းကောင်း၊ လာဘ်လာဘပြု၍ စည်းရုံးသော စည်းရုံးမှုမျိုးဖြင့် လည်း ကောင်း လုံလောက်နိုင်မည် မဟုတ်ချေ။

ဤသည်ကိုပင် သမိုင်းဆရာ အတော်များများက ဟန်နီဗော၏ ပုဂ္ဂိုလ် ရေး ဆွဲဆောင်မှု တစ်ခုတည်းဖြင့်သာ အောင်မြင်စွာ စွမ်းဆောင်နိုင်ခဲ့ သယောင် လွယ်လင့်တကူ ကောက်ချက်ချတတ်ကြသည်ကို တွေ့မြင်နေရ လေသည်။

စာရေးသူ၏ အမြင်တွင်မူ စစ်ရေးအရ ဟန်နီဗော ကြံတိုင်းအောင်ခဲ့ သည်မှာ သူ၏ စိတ်ဓာတ်အင်အားအပေါ်၌သာ အဓိကအားဖြင့် အခြေခံ သည်ဟု ယူဆမိသည်။ ထိုအရည်အချင်းသည် လူတစ်ဖက်သားကို ဆွဲဆောင် နိုင်သည့် အရည်အချင်းထက် လည်းကောင်း ခေါင်းဆောင်မှု စွမ်းရည်ထက် လည်းကောင်း၊ စစ်ရေး အမြော်အမြင် ကြီးမားမှုထက် လည်းကောင်း သာလွန်လေးနက်သည်။ အဆင့်အတန်း မြင့်မားသည်။ ထိုအရည်အချင်း

mgyoe.com

mgyoe.com


မှာ စကားလုံးဖြင့် ပုံဖော်ပြရန် လွန်စွာ ခက်ခဲလှသည်။ အနီးကပ်ဆုံး ခိုင်းနှိုင်းရသော နပိုလီယံတွင်ရှိသည့် သီးခြား အရည်အချင်းမျိုးဟု ဆိုရမည် ထင်၏။ ယင်းမှာ လူတို့၏ အားမာန်နှင့် ပျော့ညံ့စိတ်၊ သတ္တိနှင့် ကြောက်ရွံ့စိတ်၊ ကိုယ်ကျိုးစွန့်လွှတ်စိတ်နှင့် ကိုယ်ကျိုးရှေးရှုစိတ် စသည် ဆန့်ကျင်ဘက်စိတ် နှစ်စိတ်ကို သွေးအေးအေးဖြင့် အမြတ်ထုတ် အသုံးချနိုင်သော သီးခြား အရည်အချင်းပင် ဖြစ်လေသည်။ ထိုအရည်အချင်းကို စိတ်ပိုင်းဆိုင်ရာ မဟာဗျူဟာဟူ၍ပင် အနက်ဖွင့်လျှင် ရနိုးအံ့ ထင်မိပေသည်။

ကာသေ ဂိုနီဗာမှ ထွက်ခဲ့သည့် လမ်းတစ်လမ်းသည် ခြောက်သွေ့သော လွင်ပြင်ကို ဖြတ်သန်းပြီး တောင်နှာမောင်းတစ်ခုကို ဖြတ်ကျော်သွားလေသည်။ ထိုလမ်းသည် တောင်နှာမောင်းမှ ဆင်းခဲ့ပြန်ကာ လွင်ပြင်တစ်ခုကို ထပ်မံဖြတ်သန်းပြီးချိန်၌ မာဆီးလီးယားမြို့သို့ တိုးလျှိုပေါက်သွားလေသည်။ သို့ရာတွင် ထိုလမ်းသည် အလင်ကင်တီမြို့၏ မြောက်ဘက်အရောက်တွင်မူ နှစ်မြွာခွဲထွက်သွားပြီး တစ်မြွာမှာ ပင်လယ်ကမ်းရိုးတန်းကို မခွဲနိုင်မခွာရက် ဆက်လက် ဖက်တွယ်ထားလေသည်။ ကျန်လမ်းမှာမူကား မြောက်အရပ်သို့ တူရူပြုကာ တောင်ခြေတစ်လျှောက် ကွေ့ဝိုက်သွားပြီးနောက် အဲလ်ဗေဒါမြို့အလွန် ဗလင်ဆီယာတွင် ကမ်းရိုးတန်းသို့သွားသည့် လမ်းနှင့် ပြန်လည် ပေါင်းမိလေသည်။ ဗလင်ဆီယာမြို့၏ မြောက်ဘက် ၁၂ မိုင်ခန့်တွင် စဂွန်တမ်မြို့ တည်ရှိလေသည်။ ဟန်နီဗော၏ ကာသေတပ်ကြီးသည် ကာသေ ဂိုနီဗာမှ ထွက်ခဲ့ပြီး အဆိုပါ လမ်းခွဲအရောက်တွင် မြောက်ဘက်သို့ တူရူပြုသော တောင်ခြေလမ်းအတိုင်း လိုက်ခဲ့သည်ဟု ယုံကြည်ရလေသည်။

ဟန်နီဗော၏ တပ်ကြီး စစ်ချီခဲ့သည့် မိုင် ၆၀၀ ခန့်အနက် သုံးပုံတစ်ပုံမှာ စပိန်နယ်နိမိတ်စည်းအတွင်း၌သာရှိပြီး ကျန်ခရီး အများစုမှာလည်း ရန်လိုသော နယ်မြေများသာ ဖြစ်လေသည်။ စင်စစ် ထိုခေတ်ကာလက ကာသေသည် စပိန်တစ်ပြည်လုံးကို စိုးမိုးခွင့်ရခဲ့သေးသည် မဟုတ်ချေ။ စဂွန်တမ်မြို့ကို အခိုင်အမာ ခြေကုပ်ယူထားနိုင်သည်ဟု ဆိုရငြားလည်း အီဗရိုမြစ်၏ မြောက်ဘက်ကမ်းရှိ နယ်မြေများမှာ ကာသေတို့အပေါ် သက်ဘာရန့်မကင်းသော ကဲလ်တစ်လူမျိုးစုတို့ နေထိုင်သည့်ဒေသဖြစ်၍ ထိုနယ်မြေ

mgyoe.com

mgybe.com

ဒေသကို ခြေမကျူးပါဟူ၍လည်း ကာသေတို့က ကတိဝန်တာများ ထားရှိခဲ့ရလေသည်။

တစ်ဖန် ကမ်းရိုးတန်း တစ်လျှောက်တွင်လည်း ကာသေတို့ အာဏာမထူထောင်နိုင်သေးသော အင်ပိုရီယင်နှင့် မာဆီးလီးယားမြို့များလည်း ရှိပေသေးသည်။ ယင်းမြို့ နှစ်မြို့သည် ဂရိ ကိုလိုနီများဖြစ်ကြပြီး ရောမတို့နှင့်လည်း မဟာမိတ်ဖွဲ့ကာ တရင်းတနှီး အဆက်အဆံ ပြုနေကြသည်။

ထို့ကြောင့် ဟန်နီဗောအနေဖြင့် ပီးရနီးတောင်တန်း၏ တောင်ဘက်ဒေသတွင် နေထိုင်သော ကဲလ်တစ်လူမျိုးစုတို့ကို သံတမန်နည်းအရ စည်းရုံးသိမ်းသွင်း၍ဖြစ်စေ၊ စစ်ရေးအရ အနိုင်ယူ၍ဖြစ်စေ ပြုလုပ်ရန် လိုအပ်လာခဲ့လေသည်။ အင်ပိုရီယင်ကိုမှ ထိန်းချုပ်မထားနိုင်လျှင် ယင်းခံတပ်မြို့သည် စပိန်ကို စစ်ဆင်ရန် တာစူနေသည့် ရောမတို့၏ စစ်အခြေစိုက်ခစန်းဖြစ်သွားနိုင်ဖွယ် ရှိပေသည်။

ထိုစစ်ရေး လိုအပ်ချက်အရပင် ဟန်နီဗောသည် တော်တိုဆာမြို့ (သို့မဟုတ်) ယင်းမြို့အနီးဝန်းကျင်မှ အီဗရိုမြစ်ကို ဖြတ်ကူးခဲ့ဖွယ် ရှိလေသည်။ အီဗရိုမြစ်သည် စပိန်တစ်လွှားတွင် ရေစီးအသန်ဆုံးနှင့် အကြီးဆုံးမြစ်တစ်စင်းလည်း ဖြစ်လေသည်။ ယင်းမြစ်သည် ပီးရနီးတောင်တန်းမှ မြစ်ဖျားခံကာ အရှေ့တောင်အရပ်ရှိ တောင်ကြားလွင်ပြင်များကို ဖြတ်သန်းပြီး လိုဂရိုနို၊ ဇာရာဂိုဇာနှင့် တော်တိုဆာမြို့တို့ကို လွန်ကာ စိမ့်မြေချိုင့်ဝှမ်းအင်းအိုင်တို့တွင် မြေလုံးပျောက်၍ မဟာသမုဒ္ဒရာတွင် မြစ်နိဂုံး ချုပ်သွားဖူးလေသည်။ ရောမတို့သည် ကာသေနှင့် ချုပ်ဆိုခဲ့ဖူးသော စာချုပ်အရ ဟန်နီဗော၏ တပ်ကြီးကို အီဗရိုမြစ်၏ တစ်ဖက်ကမ်းဖြစ်သည့် သဘာဝနယ်ခြားစည်းတွင် ဟန့်တားထားနိုင်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ရာတွင် ဖြစ်ပေါ်လာသော အခြေအနေအရမူ ရောမတို့ဘက်မှ နောက်ကျသွားပြီဟု ဆိုရမည် ဖြစ်၏။

လူအင်အား ၁၀၀၀၀၀ ခန့်ပါသော ကာသေတပ်ကြီးသည် အီဗရိုမြစ်ကို ကူးခဲ့ရုံမျှမက ပီးရနီးတောင်တန်းဆီသို့ပင် ဦးတည်ချီတက်နေခဲ့ပြီမဟုတ်ပါလား။

ဟန်နီဗောသည် စစ်သည် ၉၀၀၀၀၊ မြင်းသည် ၂၀၀၀ ဖြင့် အီဗားရပ် (အီဗရို) မြစ်ကို ဖြတ်ကူးခဲ့သည်။ ထို့နောက် အီလာဂရိတစ် ဘာဂူဆီ၊

mgybe.com

အောစ်တိုနီ လူမျိုးစုများနှင့် ပီးရနီးတောင်ခြေရှိ လာဆီတာနီးယား ဒေသတို့ကို အညံ့ခံစေပြီးနောက် ယင်းဒေသတို့ကို ကွပ်ကဲအုပ်ချုပ်ရန် ဟန်နိုအား တာဝန်လွှဲအပ်လိုက်လေသည်။ ဤနည်းဖြင့် စပိန်နှင့် ဂေါလဒေသတို့ကို ဆက်သွယ်ထားသည့် ဆက်သွယ်ရေး လမ်းကြောင်းကို စိုးမိုးထားနိုင်ရန် ဖြစ်လေသည်။ ယင်းနယ်မြေဒေသကို အုပ်ချုပ်ရန်နှင့် လုံခြုံရေးအတွက် ဟန်နိုအား မြင်းသည် ၁၀၀၀၊ ခြေသည် ၁၀၀၀၀ ပေးအပ်လိုက်လေသည်။

ယင်း စစ်ဆင်ရေးမှာ တိုတောင်းသည်ဟု ဆိုရငြားလည်း ပြင်းထန်စွာ တိုက်ခိုက်ခဲ့ရဖွယ်ရှိသည့် အထောက်အထားများ တွေ့ရှိရလေသည်။ ရောမသမိုင်းပညာရှင် ပေါလီးဗီးယပ်၏ အဆိုအရမူ ကြမ်းတမ်းသည့် တိုက်ပွဲအရေအတွက် များပြားစွာ ဆင်နွှဲခဲ့ရပြီး အကျအဆုံးလည်း များခဲ့သည်ဟု ဆိုခဲ့လေသည်။ တိုက်ပွဲများ မည်မျှကြမ်းတမ်း၍ မည်မျှ ကျဆုံးခဲ့ရသည်ကိုမူကား ခန့်မှန်းရန် မလွယ်ကူပါချေ။ သို့ရာတွင် အကြမ်းဖျင်းတွက်ခြေအရမူ မူလတပ်အင်အား ၁၂၀၀၀၀ အနက် ဟန်နိုအား လွှဲအပ်လိုက်သော စစ်သည် ၁၀၀၀၀ တို့ကို နုတ်လိုက်လျှင် စစ်သည် ၈၁၀၀၀ မျှ ကျန်ဦးမည် ဖြစ်သည်။ သို့ရှိလင့်ကစား ပေါလီးဗီးယပ်၏ မှတ်တမ်းတွင် ဟန်နီဗောတို့ ပီးရနီးတောင်တန်းကို ဖြတ်ကျော်ရာ၌ ခြေသည် ၅၀၀၀၀၊ မြင်းသည် ၉၀၀၀ မျှသာ ပါရှိတော့သည်ဟု ဆိုရပေရာ အကယ်၍သာ ပေါလီးဗီးရပ်၏ ဂဏန်းများသာ မှန်ကန်ခဲ့လျှင် လူ ၂၂၀၀၀ ခန့် စာရင်းပျောက်နေလေသည်။ ဤအချက်ကပင် စပိန်စစ်ဆင်ရေးတွင် ဟန်နီဗောဘက်မှ ကျဆုံးမှုမှာ လွန်စွာ မြင့်မားသည်ဟု ဆိုရဖွယ်ရှိလေသည်။ သို့မဟုတ်မူလည်း လီဗီနှင့် ပေါလီးဗီးရပ်တို့ ဝန်ခံခြင်းမပြုသော တပ်ပြေးများနှင့် အိမ်ပြန်သူ အရေအတွက် များပြား၍လည်း ဖြစ်တန်ရာပေသည်။ ယခုသော် ပီးရနီးတောင်တန်း၏ တောင်ဘက်ဒေသကို ဟန်နိုက စစ်သည် အင်အား ၁၁၀၀၀ ဖြင့် ထိန်းချုပ်ထားနိုင်ပြီဖြစ်၍ ဟန်နီဗောသည် စောစောက သူလိုက်ခဲ့သော ပင်လယ်ကမ်းရိုးတန်းလမ်းအတိုင်း ဆက်လိုက်ခဲ့ပြန်လေသည်။ ယင်းသို့ လိုက်ခဲ့ရင်း တာရာဂိုနာနှင့် ဘာဆီလိုနားမြို့တို့ကို ထိုးဖောက်ဖြတ်ကျော်ခဲ့သည်။ ယင်းမြို့တို့သည် ပင်လယ်နှင့် တောင်တန်း၏ ကြားတွင်ရှိသော မြို့များပင် ဖြစ်လေသည်။

mgyoe.com

mgyoe.com

စပိန်ပြည်တွင် ဟန္နီဗော မည်သည့်လမ်းက ဖြတ်သန်းခဲ့သည်ကို အတိအကျ ဖော်ပြရန် ခက်ခဲသော်လည်း ဟန္နီဗော အသေအချာ ရောက်ခဲ့သည်ကို သမိုင်းအထောက်အအထားပြနိုင်သော နေရာတချို့ ရှိခဲ့ပါ၏။ ယင်းမြေနေရာများအနက် အင်ပိုရီယင်မြို့လည်း တစ်မြို့ ပါဝင်သည်။ ရှေးခေတ် အင်ပိုရီယင်မြို့သည် ဂရိကိုလိုနီဖြစ်ပြီး ရောမနှင့် မဟာမိတ်ဖွဲ့ကာ တရင်းတနှီး အဆက်အဆံပြုခဲ့သည့် မြို့တစ်မြို့ ဖြစ်သည်။ ယင်းမြို့သည် ပင်လယ်ကမ်းရိုးတန်းပေါ်ရှိရာနှင့် ဖစ်ဝွေးရပ်မြို့ နှစ်မြို့ကြားတွင် တည်ရှိလေသည်။

ဟန္နီဗော၏ ကာသေတပ်ကြီးသည် အင်ပိုရီယင်မြို့၏ ရှေ့မျက်နှာစာရှိ ပင်လယ်ကမ်းခြေနှင့် မနီးမဝေးတွင် စခန်းချခဲ့ဖွယ် ရှိလေသည်။ ဝန်းကျင်ပတ်ချာ၌လည်း စပျစ်ခြံနှင့် ပြောင်းခင်းတို့ရှိကြပြီး ထင်းရှူးတောသည် ကမ်းစပ်ရောက်လုနီးပါးအထိ ပေါက်ရောက်နေသည်။ မြေဩဇာကောင်းသော မြေပြန့်ဖြစ်၍ နျူမီဒီယန် မြင်းသည်များအဖို့ မိမိတို့ မြင်းများကို စိတ်ကြိုက်လွှတ်ထားနိုင်ကြသည်။ အီဗာရီးယန်း ခြေသည်တို့ကလည်း မိမိတို့ ဓား၊ လှံများနှင့် ခေတ္တခွဲခွာကာ ပင်လယ်ကမ်းစပ်ဆီသို့ ပြေးဆင်း၍ ရေချိုးကြမည်မှာ အမှန်ပင်။ ရေချိုးသူများတွင် ဟန္နီဗောလည်း ပါဝင်ကောင်း ပါဝင်ပေလိမ့်မည်။ ဟန္နီဗောသည် ရေကူးသန်သူ တစ်ဦးလည်း ဖြစ်သည်။ စိတ်ကြံ့ခိုင်ရေးကိုသာမက ခန္ဓာကိုယ် ကြံ့ခိုင်ရေးကိုပါ နေ့စဉ်လေ့ကျင့်ရန် ဆုံးမသည့် ဂရိပညာရေး ကျောထောက်နောက်ခံရှိသူလည်း ဖြစ်ပေသည်။

ဟန္နီဗော ရေကူးသန်သူတစ်ဦးအဖြစ် ကြေညာခြင်းနှင့် ပတ်သက်၍ လီဗီ၏ မှတ်တမ်းတွင် ရန်သူ အခြိမ်းအခြောက်ခံနေရသော မိမိတပ် တစ်တပ်ကို အကူအညီပေးရန်အတွက် ရေလျှံနေသည့် မြစ်ကို ဟန္နီဗောကိုယ်တိုင် ဖြတ်ကူးလျက် သူ့စစ်သည်များအား သူ့စံနမူနာကို ယူစေကာ သူ့နောက်မှ လိုက်ကူးစေခဲ့သည်ဟု ရေးသားဖော်ပြထားလေသည်။

ဟန္နီဗောသည် ရေမိုးသန့်စင်ပြီးသည်နှင့် ခံ့ညားသော ဝတ်စုံကို ဝတ်ဆင်ကာ အင်ပိုရီယင်မြို့ထဲသို့ ဝင်ခဲ့ရာ မြို့၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အကြီးအကဲများက ကြိုဆိုဧည့်ခံခဲ့ကြသည်။

mgyoe.com

mgyoe.com


စင်စစ် ဟန်နီဗောသည် အင်ပိုရီယင်မြို့ကို ကိုယ်တိုင် သိမ်းပိုက်ခဲ့သည် မဟုတ်ချေ။ သိမ်းပိုက်ရန်လည်း မလိုအပ်ခဲ့ချေ။ ရှေးမဆွကပင် ဟန်နိုသည် သူ့တပ်အင်အား ၁၁၀၀၀ ကို ပြလျက် ဂရိကိုလိုနီ အင်ပိုရီယင်ကို ယဉ်ပါးစေခဲ့ပြီး ဖြစ်သည်။

အမှန်မူလည်း အင်ပိုရီယင်မြို့သည် စီးပွားကုန်သွယ်မှု အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည့်အားလျော်စွာ မြို့နေလူထုသည်လည်း မိဘမျိုးရိုးအလိုက် ကုန်သည်များသာ ဖြစ်ကြသည်။ စစ်သည်များ မဟုတ်ကြချေ။ ရောမ၏ အစောင့်အရှောက်ကို ခံယူနေသည် မှန်သော်လည်း အင်ပိုရီယင်သည် ကာသေ၏ အင်အားကိုလည်း လေးစားခန့်ညားရန် လိုအပ်ပေသေးသည်။ ဤအခြေအနေတွင် ဟန်နို၏ တပ်ကြီးကလည်း အနီးကပ် စောင့်ကြပ်ကြည့်ရှုနေသည်ကို မြင်ရသောအခါ ကြားနေဝါဒကို မရှောင်မလွှဲသာ ကျင့်သုံးလာရတော့သည်။

ဂရိဘာသာစကားကို ချေင်သော ဟန်နီဗောသည် အင်ပိုရီယင်မြို့၏ အကြီးအကဲတို့နှင့် တွေ့ဆုံရာတွင် ဂရိဘာသာစကားဖြင့်ပင် ပြောဆို ဆက်ဆံခဲ့မည်မှာ သံသယဖြစ်ဖွယ် မရှိပြီ။

အင်ပိုရီယင်မြို့ရှိ ဘုရားဝတ် ကျောင်းတော်များကို လှည့်လည်ကြည့်ရှုရင်း လူယဉ်ကျေးတစ်ဦး ဖြစ်ကြောင်း စာဆို ဟိုးမား၏ စာများနှင့် တွေးခေါ်မြော်မြင်ရှင် ပလေတို၏ ဒဿန ကောက်နုတ်ချက်များကိုလည်း အခါအခွင့်သင့်တိုင်း စကားညှပ်၍ သုံးနှုန်းပြကောင်း ပြသွားပေလိမ့်မည်။ ဟန်နီဗော ဆိုက်ရောက်ချိန်တွင် အင်ပိုရီယင်သည် မြို့တည် သက်တမ်းမှာ ၂၅၀ ခန့်မျှပင် ရှည်ကြာခဲ့ပြီး ဖြစ်လေသည်။

ဘာဘေးရီးယန်း လူရိုင်းတို့၏ မြေပေါ်ဝယ် ပန္နက်ချ တည်ဆောက်ခဲ့သော ဂရိမြို့ပြဖြစ်၍ အင်ပိုရီယင်ကို ဂရိယဉ်ကျေးမှု၏ ပြတင်းတစ်ပေါက်ဟူ၍လည်း တင်စားနိုင်အံ့ ထင်သည်။ ယင်းပြတင်းမှ ထွက်ပြူခဲ့သည့် ယဉ်ကျေးမှု အလင်းရောင်သည် အနောက် ဥရောပ၏ အမှောင်ထု တစ်စိတ်တစ်ဒေသကို ခွင်းနိုင်ခဲ့သည်တော့ အမှန်ပင်။

နေ့တစ်နေ့၏ အရုဏ်ဦးဝယ် ကာသေတပ်စခန်းကြီးသည် နိစ္စဂူဝ နေ့စဉ်ပြုမှုနေကျနှင့် ဆန့်ကျင်သော နိုးကြားခြင်းမျိုးဖြင့် နိုးကြားလာသည်
mgyoe.com

mgyoe.com


ကို အင်ပိုရီယင်မြို့ရိုးပေါ်ရှိ အစောင့်အနေတို့က သတိထားမိလာကြသည်။ မိုးကုပ်စက်ဝိုင်းသည်ပင် ပန်းနုရောင် မသန်းသေး။ ကြက်တွန်သံပင် မစဲတတ်သေး။ ဆင်အော်သံ၊ မြင်းဟီသံ၊ တံပိုးခရာမှုတ်သံ၊ လူသံတို့နှင့် မြေပြန့်လွင်ပြင်တစ်လျှောက် လှိုင်းထလျက် လိမ့်ဆင်းသွားလေသည်။

ပင်လယ်မျက်နှာပြင်အဆုံးမှ နေဝန်းနီတက်စပြုလာချိန်မှ ကာသေစစ်ကြောင်းသည် အင်ပိုရီယင်မြို့ရိုးကိုပတ်လျက် အနောက်အရပ်သို့ ဦးတည်နေသော လမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ရာ စစ်သည်တို့၏ သံမဏိချပ်ဝတ်တန်ဆာနှင့် လှံသွားတို့သည် တက်သစ်စနေမင်း၏ အလင်းရောင်အောက်ဝယ် ပြိုးပြိုးပြက်ပြက် လင်းလက်နေလေသည်။ စစ်ကြောင်းမှာ ရှည်လျားလွန်းရကား မြို့ကိုပတ်၍ ထွက်ခွာခဲ့သော စစ်ကြောင်း၏ ခြေသံသည် မြို့ရိုးကို နာရီပေါင်းများစွာ တုန်ခါနေစေခဲ့လေသည်။ ဟန္နီဗောသည် ကာသေတပ်ကြီးအား ပီးရနီးတောင်တန်းဆီသို့ ဦးဆောင်၍ ခေါ်ငင်သွားချေပြီတည်း။

ဟန္နီဗောသည် ကမ်းရိုးတန်းအတိုင်း မလိုက်ဘဲ ကုန်းတွင်းပိုင်းသို့ဝင်ကာ ဖစ်ဂွီရပ်မြို့ကို ဖြတ်ကျော်လျက် ဂျွန်ကွီးရပ်(စ်)နှင့် ပါးသပ်စ်မြို့ကြားရှိ တောင်ကြားလမ်းမှ နယ်ခြားကို ဖြတ်ကျော်ခဲ့သည်။ ထိုနယ်ခြားမှ စတင်ကာ လမ်းသည် အကွေ့အကောက်များစွာဖြင့် ဆင်ခြေလျှော ဆင်းလာခဲ့သည်မှာ လီဆူလိုသို့ တိုင်ခဲ့လေသည်။ ယင်းနောက် ထိုလမ်းသည် ပါဝင်ဂနန်သို့တိုင် တစ်ဖြောင့်တည်း ပြေးသွားလေသည်။ လမ်းတစ်လျှောက်တွင် ဂျုံ၊ ပြောင်း၊ သံလွင်ချုံနှင့် စပျစ်ပင်ပျိုးများကို လည်းကောင်း၊ ရူစီလိုင်ယွန်မြို့၏ မြေနီများကို လည်းကောင်း တွေ့ရှိရလေသည်။ ဤသည်မှာ မြေထဲပင်လယ်၏ သဘာဝရှုခင်းများပင် ဖြစ်လေသည်။

ဤသို့ဖြင့် ဟန္နီဗောတပ်ကြီးသည် နာဗွန်းနှင့် ဗိဇိယာမြို့တို့ကို ဖြတ်ကျော်ခဲ့ပြီး မောင့်ပဲလ်လာယားတောင်နှင့် ရုန်းမြစ်အနီးသို့ တစ်စတစ်စ ချဉ်းကပ်လာခဲ့သည်။ ထိုမြို့နှစ်မြို့၏ အရှေ့အရပ်တွင် ဆားအိုင်ကြီးတစ်အိုင် ရှိနေသဖြင့် ထိုဆားအိုင်ကြီးကို ကွင်းတက်ခဲ့ပြီး ရွှံ့နွံထူထပ်သည့် မြေနိမ့်ပိုင်းရှိ ကာမကွေးမှတစ်ဆင့် ရုန်းမြစ်၏ အနောက်ဘက် မြစ်လက်တက်သို့ တိုးဝင်ခဲ့ပြန်လေသည်။ ထိုအချိန်တွင် ဟက်(စ်)ဒရူးဗောက ကာသေ

mgyoe.com

mgyoe.com


ရှိ အိမ်စောင့်တပ်ကို ကွပ်ကဲ၍ လည်းကောင်း၊ ဟန်နိုက ပီးရနီး တောင်ကြားလမ်းများနှင့် အင်ပိုရီယင်မြို့ကို စောင့်ကြပ်၍ လည်းကောင်း ရှိနေကြရာ နောက်ပိုင်း ဆက်သွယ်ရေး လမ်းကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ ပူပင်ဖွယ် မရှိတော့ချေ။ ထို့ကြောင့် ဟန္နီဗောသည် ဂေါလနယ်မြေအတွင်းသို့ ဝင်ကာ ဂေါလခေါင်းဆောင်တို့အား တံစိုးလက်ဆောင်ပေး၍ ရန်ပြေငြိမ်းစေလိုက်သည်။ ဤသို့ ဂေါလမင်းသားတို့ကလည်း ဟန္နီဗောအား အကြည်အသာ ဆက်ဆံကာ ကာသေ့တပ်ကြီးအား ဂေါလနိုင်ငံကို ဖြတ်ကျော်ခွင့်ပြုလိုက်လေသည်။

ဤအချိန်တွင် ဟန္နီဗောအဖို့ ပူပင်စရာက တစ်ခုသာ ရှိတော့သည်။ ယင်းမှာ ကာသေ့တပ်၏ လှုပ်ရှားမှုကို ရောမတို့ ရိပ်စားမိသွားပြီလောဆိုသည့် သောကပင် ဖြစ်သည်။ အမှန်မူလည်း ကာသေ့တပ်ကြီး ရှန်းမြစ်၏ အနောက်လက်တက်သို့ တက်သွားပြီး မြစ်ကူးရန် နေရာကောင်း ရှာဖွေနေခိုက်မှာပင် ရောမဗိုလ်ချုပ် ပူးဗလီးယပ် ကော်နီးလီးယပ်ဆစ်ပီယို ဦးဆောင်သည့် လီဂျင်တပ်ကြီးသည် စစ်သင်္ဘော ၆၀ ဖြင့် မာဆီးလီးယား (ခေတ်သစ် မာဆေးလ်) အနီးသို့ ဆိုက်ရောက်နေနှင့်ပြီး ဖြစ်လေသည်။

■

mgyoe.com

mgyoe.com

# အခန်း (၅)
# ရေပေါ်သော ဆင်တပ်

ရန်းမြစ်၏ အနောက်ဘက် လက်တက်သည် အစ်ဝွေးမောတပ်မှ အာလက်(စ်)အနီးဝန်းကျင်ရှိ ပြင်သစ်နိုင်ငံ၏ လူနေအကျဲဆုံးဒေသကို ဖြတ်သန်းစီးဆင်းလျက် ရှိလေသည်။ ယင်းဒေသသည် နိုင်းလ်မြစ်ဝှမ်း ဒေသနှင့် ပထဝီအနေအထား တူညီပြီး စမ်းရေဖြင့် တောချုံပေါက်သည့် အရပ်ဒေသဖြစ်၍ စိမ့်ကျယ်စုံပြော ဇေးပျစ်တောဟုပင် တင်စားနိုင်လောက်သည်။

ဟန္နီဗော၏ တပ်ကြီးသည် ယင်းစိမ့်တောကြီးထဲသို့ တိုးဝင်ကာ ရန်းမြစ်လွှာရှိ အာလက်(စ်)ဘက်သို့ ဦးတည်ချီခဲ့သည်။ ယင်းအခိုက် ရောမ ဗိုလ်ချုပ် ဆစ်ပီယို ကွပ်ကဲသည့် လီဂျင်တပ်ကြီးသည် အာလက်(စ်)၏ အရှေ့စူးစူး မိုင် ၅၀ ခန့်တွင် တည်ရှိသည့် မာဆီးလီးယားမြို့တွင် ဆိုက်ရောက်နေပြီဖြစ်၍ ရေကြောင်းခရီးမှလာခဲ့သော လီဂျင်စစ်သည်များ လှိုင်းမူးပြေစပင်ပြုနေပြီ ဖြစ်၏။

ဤတွင် ရောမဗိုလ်ချုပ် ဆစ်ပီယိုသည် ဟန္နီဗောတပ်ကြီး ပီးရနီးတောင်တန်းကို မကျော်နိုင်သေးဟု ယူဆသည်က တစ်ကြောင်း၊ သူ့စစ်သည်များလည်း လုံလောက်အောင် အနားမရသေးဟု ယူဆသည်က တစ်ကြောင်းကြောင့် ရောမ မြင်းသည် ၃၀၀ ကို မာဆေးလ်လီးယန်း လမ်းပြများနှင့်တကွ ဂေါလ အရန် စစ်သည်များကိုပါ အားဖြည့်ကာ ရန်သူ့

mgyoe.com

ခြေရာကောက်နိုင်ရန် ကင်းထောက်လွှတ်လိုက်လေသည်။ ထိုခေတ်ကာလက လေကြောင်းကင်းထောက်မှု၊ ရေဒါစနစ်၊ ရေဒီယို ဆက်သွယ်ရေး စသည့် ပညာများ မထွန်းကားသေးရကား ဟန်နီဘော၏ စစ်သည်အင်အား ၅၉၀၀၀ မှာ မိုင် ၅၀ မျှ ကျယ်ဝန်းသော စိမ့်တောထဲသို့ တိုးဝင်ကာ ရန်သူမျက်စိအောက်မှ ကိုယ်ယောင်ဖျောက်သွားနိုင်သည်မှာ အံ့သြဖွယ် မဟုတ်ပါချေ။ ရောမကင်းထောက်တပ်ဖွဲ့ ကာသေ နောက်ရန်တပ်တို့ မီလာသော အချိန်တွင်မူ ကာသေတပ်မတော်ကြီးသည် လူ၊ မြင်း၊ လား၊ ဆင်နှင့် တကွ ရန်းမြစ်ကို ဖြတ်ကျော်ပြီးရုံမျှမက အနောက်အရပ်သို့ပင် ဦးတည်ချီတက်နေပြီ ဖြစ်လေသည်။

ရန်းမြစ်ကို ဟန်နီဘော ဖြတ်ကူးသည့်နေရာ အမှတ်အသားနှင့် ပတ်သက်၍ သမိုင်းပညာရှင်များအကြား အငြင်းပွားဖွယ်များ ရှိခဲ့သည်။ ပထဝီဝင်ပညာရှင် ဒီဘဲယားက ဟန်နီဘော ရန်းမြစ်ကို ဖြတ်ကူးခဲ့သည့်နေရာမှာ အာလက်(စ်)မြို့ (သို့မဟုတ်) အာလက်(စ်)မြို့၏ အနီးဝန်းကျင်မှ ရန်းမြစ်ကို ဖြတ်သည်ဟု ရေးသားပြီး ပေါ်လီးဗီးယပ်ကမူ ပင်လယ်မှ လေးရက်ခရီးအကွာရှိ ရန်းမြစ် လက်တက်ကျဉ်း တစ်ခုမှ ဖြတ်ကူးခဲ့သည်ဟု ဆိုလေသည်။

ပေါ်လီးဗီးယပ်၏ အဆိုအရ ဟန်နီဘောသည် ရန်းမြစ်အနီးသို့ ချဉ်းကပ်မိလျှင် ပင်လယ်မှ လေးရက် ခရီး အကွာအဝေးရှိ မြစ်လက်တက်ကျဉ်း တစ်နေရာမှ ဖြတ်ကူးရန် စတင် အားထုတ်တော့သည်။ တစ်ချိန်တည်းမှာပင် မိမိရောက်ရှိနေသော မြစ်ကမ်းရှိ နာနေလူမျိုးစုတို့ကို မိတ်ဖွဲ့ပြီးလျှင် ယင်းတို့၏ ကနူးလှေနှင့် အခြားလှေ အများအပြားကို ဝယ်ယူခဲ့သည်။ ဤသို့ လှေများကို လွယ်ကူစွာ ဝယ်ယူနိုင်ခဲ့ခြင်းမှာလည်း ယင်းကမ်းခြေရှိ ဌာနေလူမျိုးစုတို့မှာ ရေကြောင်းကုန်သွယ်မှုဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ ဖြစ်ခြင်းကြောင့်တည်း။ ထို့ပြင် ဟန်နီဘောသည် ဌာနေလူမျိုးစုများထံမှ လှေထွင်းစပ်ရန် သစ်လုံးများလည်း ရရှိပေရာ နှစ်ရက်အတွင်းမှာပင် တစ်ဖက်ကမ်းသို့ ကူးရန် လှေအလုံအလောက်ရရှိသည်ဟု ဆိုလေသည်။

လီဗီ၏ အဆိုအရလည်း လူအင်အားကောင်း၍ လက်သမား ကိရိယာ တန်ဆာပလာလည်း စုံလင်သည့်အပြင် စစ်သည်များကလည်း တစ်ဖက်

mgyoe.com

ကမ်းသို့ ကူးရန် စိတ်စောနေကြသဖြင့် လူစုံ ဝိုင်းဝန်း၍ လှေထွင်းခြင်း၊ လှေစပ်ခြင်း၊ ဖောင်ဖွဲ့ခြင်းတို့ကို တက်ညီလက်ညီ ပြုလုပ်ကြရာ တိုတောင်းသော ကာလအတွင်းမှာပင် တစ်ဖက်ကမ်းသို့ ကူးနိုင်ခဲ့ကြတော့သည်ဟု ဆိုလေသည်။

ဤတွင် ပြဿနာတစ်ရပ် ပေါ်ပေါက်လာသည်။ ယင်းမှာ ဟိုမှာဘက်ကမ်းတွင် နေထိုင်သည့် လူမျိုးစုတို့က ဓား၊ လှံ တဝင့်ဝင့်ဖြင့် ရန်မူမည့် အရိပ်လက္ခဏာများကို ပြလာခြင်းပင် ဖြစ်သည်။

ဤတွင် ဟန္နီဗောသည် သူ့လှေတပ်ကြီးကို စတင်ထွက်ခွာရန် အမိန့်ပေးလိုက်တော့သည်။ ဗိုလ်ချုပ်ဟန္နီဗော၏ အမိန့်ကို တစ်လှေမှသည် တစ်လှေသို့ နှုတ်ဆင့်ကမ်းလိုက်သည်ဖြစ်ရာ ခဏအတွင်းမှာပင် မိုင်ပေါင်းများစွာ ရှည်လျားသည့် လှေတန်းကြီး၏ အဆုံးသို့တိုင် ရောက်သွားလေတော့သည်။

ထိုတဒင်္ဂဝယ် လှေလှော်သားတို့၏ ညာသံနှင့်အတူ တက်ကို ရေနှင့် ယက်လိုက်သည့် အသံများပါ တစ်ပြိုင်နက် ထွက်ပေါ်လာလေသည်။

သည်အခါ ထောင်ပေါင်းများစွာသော လှေကြီး၊ လှေငယ်တို့သည် ကမ်းမှ ပြိုင်တူခွာကာ အပြောလည်း ကျယ်၊ ရေစီးသန်သော ရုန်းမြစ်ကို စတင် ဖြတ်ကူးနေကြတော့သည်။

ယင်းအခိုက်တွင် ဟိုမှာ တစ်ဖက်ကမ်းခြေ၌ရှိ ရန်လိုသော ဂေါလတို့ကလည်း စစ်ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်လျက် ဓား၊ လှံများကို ဝင့်ကာ ကာသေတပ်ကြီး ပစ်ကွင်းတစ်ကမ်းသို့ ရောက်ရှိလာမည့် အချိန်ကိုသာ စောင့်မျှော်နေကြလေသည်။

အကြီးစားဖောင်နှင့် လှေကြီးတို့သည် နျူမိဒီယန်မြင်းသည်များကို သယ်ဆောင်ကာ မြစ်ညာမှ ကူးခဲ့ကြသည်။ ကမ်းကပ်မိလျှင် လျှပ်တစ်ပြက် တက်ရောက် တိုက်ခိုက်နိုင်ရန်လည်း ကကြိုးစုံနှင့် မြင်းတို့ကို အသင့် သယ်ဆောင်လာခဲ့ကြလေသည်။ ကျန်မြင်းများကိုမူ ကြိုးဖြင့် ဖောင်နောက်မှ ဆွဲခဲ့ကြလေသည်။ ဤသို့ အကြီးစားဖောင်နှင့် လှေကြီးတို့ကို မြစ်ညာမှ ကူးစေခဲ့ခြင်းမှာလည်း ဟန္နီဗော၏ ဉာဏ်ကွန့်မြူးချက် တစ်ရပ်သာ ဖြစ်လေသည်။ ယင်းမှာ မြစ်ညာမှ အကြီးစားဖောင်မှ လှေကြီးများ ဖြတ်ကူးခိုက်

mgyoe.com

တွင် မြစ်ခြေ၌ ရေစီးအား ပျော့သွားမည်ဖြစ်ရာ ထိုအခွင့်ကောင်းကိုယူ၍ တိမ်းမှောက်လွယ်သော ရေယာဉ်ငယ်များ ဖြတ်ကူးနိုင်ရန် ဖြစ်လေသည်။

လှေများပေါ်မှ ကာသေစစ်သည်တို့သည် ရေစီးကို လှန်နိုင်ရန် တစ်လှေနှင့်တစ်လှေ အားပေးရင်း အပြိုင် လှော်ခတ်နေကြသည်။ ဟိုမှာ ဘက်ကမ်းမှ ဂေါလ စစ်သည်တို့ကလည်း တက်ဝံ့လျှင် တက်ခဲ့ကြလော့ဟု ကြိမ်းမောင်းစိန်ခေါ်နေကြခိုက်သည်မှာ တစ်ဖက်ကမ်းတွင် ကျန်ရစ်သည့် ကာသေစစ်သည်များကလည်း ကာသေ လှေတပ်ကြီး ဟိုမှာဘက်ကမ်းနှင့် နီးသွားလေ ဩဘာသံပေးလေ ရှိနေကြရာ ကြားက မြင်ရသူအဖို့ ရင်တမမ ရှိရမည့်ပုံပင်။

ယင်းအခိုက် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။ ဂေါလတို့သည် ပထမဆုံး ကမ်းကပ်လာသည့် ကာသေ လှေအသုတ်ကို ဆီးကြိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် လက်ယာဘက်ဆီမှ ရုတ်တရက် မိုးထစ်ချုန်းလိုက်သည့်အလား ထွက်ပေါ်လာသည့် စစ်ကြွေးကြော်သံများနှင့်အတူ ကဆုန်စိုင်းလာသော မြင်းခွာသံများကိုပါ ကြားလိုက်ရလေသည်။

ဤ၌ ဂေါလတပ်၏ ညာတောင်ပံသည် အသံများ ထွက်ပေါ်လာရာ ဘက်ဆီသို့ လှည့်ကြည့်ရန်ပင် အချိန်မရလိုက်ပါတော့ချေ။ ဟန်နို ဦးဆောင်သော န်ျူမီဒီယန် မြင်းသည်များသည် ဂေါလစစ်သည်များအား အတင်းဝင်၊ အတင်းတိုက်၊ အတင်း ထိုးခုတ်နေကြသည့် တစ်ချိန်တည်းမှာပင် ဂေါလတို့၏ စစ်တဲများဆီမှလည်း မီးခိုးလုံးကြီးများ၊ မီးတောက် မီးလျှံကြီးများ ပေါက်ကွဲပေါ်ထွက်လာလေသည်ကို တွေ့လိုက်ရတော့သည်။ ဤသည်မှာ နောက်ပိုင်းမှ ဝင်ရောက်လာသော န်ျူမီဒီယန် စစ်သည်တို့က ဂေါလ၏ စစ်တဲများကို မီးရှို့ဖျက်ဆီးလိုက်ခြင်း ဖြစ်ပါသတည်း။

သည်အခါ ဂေါလတို့သည် ရန်သူ၏ အငိုက်ဖမ်းခြင်းကို ခံလိုက်ရသဖြင့် ခြေမကိုင်မိ လက်မကိုင်မိရှိနေကြရာ သတိကောင်းသူ တချို့သာ မီးငြိမ်းသတ်ရန် စစ်တဲများဆီသို့ ပြေးသွားကြပြီး ကျန်သူများမှာမူ ရန်သူ့ တိုက်ခိုက်ခြင်းကို ကြောက်လန့်တကြား ခုခံကာကွယ်နေကြရတော့သည်။

ဤတွင် ဟန်နီဘောသည် သူ ကြိုတင်ထားသည့်အတိုင်း အကွက်ဝင်လာသည်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ရန်သူ့ကမ်းပေါ်သို့ ပထမဆုံး

mgyoe.com


ခြေချနိုင်သည့် သူ့စစ်သည်များကို ရဲဆေးတင်သည့် သဘောဖြင့် မိန့်ခွန်း အနည်းငယ် ခြွေလိုက်ပြီး ရန်သူများ စုဝေးရာ ကုန်းပေါ်သို့ ဦးဆောင် ချီတက်သွားတော့သည်။

မကြာပါချေ။ အငိုက်လည်း အဖမ်းခံရ၊ ဖွဲ့စည်းမှုလည်း ပျက်ယွင်း နေပြီဖြစ်သော ရန်သူ ဂေါလတို့သည် ကာသေတို့၏ တိုက်ခိုက်မှုဒဏ်ကို ကြာရှည်မခံနိုင်တော့ဘဲ ကစဉ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြရတော့ သည်။

ဤသို့ ကာသေတပ်ကြီး အရှေ့ဘက်ကမ်း၌ တံတားဦးတို့ နိုင်လိုက် ပြီဖြစ်၍ ဟန္နီဗောအဖို့ တစ်ဖက်ကမ်းမှ ကျန်တပ်သားများကို အရှေ့ဘက် ကမ်းသို့ ပို့ဆောင်ပေးရန် အလုပ်မှာ မခဲယဉ်းတော့ချေ။

သို့ရာတွင် ဆင်များကို တစ်ဖက်ကမ်းသို့ ပို့ရေးကိစ္စမှာမူ လိပ်ခဲ တည်းလည်း ဖြစ်နေပေသေးသည်။ ယင်းပြဿနာကိုလည်း ဟန္နီဗောသည် ဉာဏ်ကို လွှာ၍ပင် ဖြေရှင်းလိုက်လေသည်။

ဟန္နီဗောသည် အရှေ့ဘက်ကမ်းတွင် တစ်ည စခန်းချပြီးနောက် သည်ဘက်ကမ်းသို့ ကူးခဲ့ပြန်သည်။

ပြီး အလျားပေ ၂၀၀၊ အနံပေ ၅၀ ရှိသည့် သစ်လုံးဖောင်ကြီး များကို ဖွဲ့စေကာ ကမ်းဘေးတွင် ကြိုးဖြင့်ဆိုင်း၍ ကပ်ထားစေလေသည်။ ယင်းနောက် အလျားပေ ၁၀၀၊ အနံပေ ၅၀ ရှိသော ဖောင်များကို ထပ်မံ ဖွဲ့စေကာ ပထမဖောင်များနှင့် မြစ်လက်တက်မှ ဆက်စေပြန်သည်။ ဖောင် များကို ဆက်ရာတွင်လည်း ပထမဖောင်နှင့် ဒုတိယဖောင်တို့ကို တွဲထား သော ကြိုးတို့ကို အလွယ်တကူ ဖြုတ်နိုင်ရန် စီမံထားသည်။ ပြီးလျှင် ထိုဖောင်များပေါ်သို့ ဆင်များ တက်ဝံ့စေရန် ဖောင်ကြမ်းခင်း တစ်ပြင်လုံးကို မြေကြီးများဖြင့် ဖုံးအုပ်ထားစေသည်။

ထိုအစီအမံများ ပြီးစီး၍ ဆင်များကို ဖောင်ပေါ်သို့ တက်စေရာတွင် ဆင်မများကို ရှေ့မှ ဦးစွာ တက်စေခြင်းဖြင့် ဆင်ထီးများနောက်မှ အသာ တကြည် လိုက်တက်ရန် ဖြစ်လေသည်။ ဆင်မများ၏ ပျမ်းမျှအလေးချိန်မှာ ငါးတန်မျှ လေးပြီး ဆင်ထီးတစ်ကောင်၏ အလေးချိန်မှာ တစ်ကောင်လျှင် ခုနစ်တန်မျှပင် လေးလေသည်။

mgyoe.com

mgyoe.com

ဆင်များကို ဖောင်ပေါ်သို့ တင်ပြီးသည်နှင့် ဆိပ်ခံတံတားသဖွယ် အသုံးပြုထားသော ဖောင်မကြီးနှင့် မြစ်ပြင်ဘက်တွင် ဆက်ထားသော ဖောင်တို့ကို ကြိုးဖြုတ်လိုက်ရာ ဆင်များသည် မြစ်ပြင်ဘက်မှ ဖောင်များပေါ်တွင် ပါသွားတော့သည်။ ဖောင်ထွက်စတွင် ဆင်များသည် အထိတ်တလန့်ဖြင့် အော်သည့် ဆင်က အော်၊ ခြေဆောင့်သည့် ဆင်က ဆောင့်ရင်း ဖောင်ကို မှောက်ပစ်မည် တကဲကဲ ရှိနေကြလေသည်။ သို့ရာတွင် ဖောင်မှာ ကမ်းနှင့် အတန်လှမ်းသွားပြီဖြစ်၍ ရေပတ်လည် ဝိုင်းနေသည်ကို ဆင်များတွေ့ကြရသောအခါ အလိုအလျောက်ပင် ငြိမ်ကျသွားတော့သည်။ လက်ပြထဲ ဖောင်ပေါ်မှ ရေထဲသို့ ဆင်ဦးစီးနှင့် ရောၡ ကျသွားသော ဆင်များလည်း ရှိသေးသည်။ သို့စေကာမူ မသေကောင်း၊ မပျောက်ကောင်း တစ်ဖက်ကမ်းသို့ ကူးလိုက်လာနိုင်ခဲ့ကြလေသည်။

အရှေ့ဘက်ကမ်းတွင် ဆင်များ ချထားပြီးနောက် နောက်တစ်ကျော့သယ်ရန် ဖောင်များ ကူးသွားကြပြန်သည်။ ရေနစ်သေဆုံးသွားသော ဆင်ဦးစီး အနည်းငယ်မှအပ ဆင် ၃၆ ကောင်စလုံး တစ်ဖက်သို့ ချောမောစွာ ရောက်ရှိခဲ့ကြသည်။ ဆင်ဦးစီးတချို့ ရေနစ်သေဆုံးသွားရခြင်းမှာ ဟန်နီဗောအဖို့ ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ပင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဆင်ဦးစီး တစ်ယောက်ဖြစ်ရန် အချိန်ကာလ ရှည်ကြာစွာ လေ့ကျင့်ပေးရခြင်းကြောင့် ဖြစ်လေသည်။ ဆင်ဦးစီးတစ်ယောက် ရုတ်တရက် ဆုံးရှုံးလျှင် ချက်ချင်းအစားထိုးရန် ဆိုသည်မှာ လွယ်ကူသော ကိစ္စ မဟုတ်ချေ။

ဤအတောအတွင်း ဟန်နီဗောသည် သူ့တပ်အနီးဝန်းကျင်သို့ ရောမမိုလ်ချုပ် ကောနီးလီးယပ်စ်ဆစ်ပီယို ရောက်ရှိနေပြီဆိုသည့် သတင်းကို ကြားရသဖြင့် ရောမတပ်၏ အရိပ်အကဲကို လေ့လာရန် အခြေအနေပေးလျှင် ရန်သူ့ရည်ရွယ်ချက်နှင့် အင်အားကိုပါ ထောက်လှမ်းရန် နျူမီဒီယန်မြင်းသည် ၅၀၀ ကို ရန်းမြစ်ခြေပိုင်းဆီသို့ စေလွှတ်လိုက်လေသည်။ ဟန်နီဗော၏ နျူမီဒီယန်မြင်းသည်တို့သည် ကာသေတပ်ကို လိုက်လံရှာဖွေနေသည့် အင်အား ၃၀၀ ပါ ရောမ မြင်းတပ်နှင့် အာလက်စ်မြို့လွန်တွင် သွားရောက် ဆုံမိကြကာ တိုက်ပွဲ ပြင်းထန်စွာ ဖြစ်ပွားတော့သည်။ ထိုတိုက်ပွဲတွင် ရောမဘက်မှ ၁၆၀ ကျပြီး ကာသေဘက်မှ ရောမထက် အကျအဆုံး များခဲ့သည်။

mgyoe.com

mgyoe.com

ထိုတိုက်ပွဲ၌ အသက်မသေ၍ ကျန်ရစ်သူ စစ်သည်များက မိမိ သက်ဆိုင်ရာ မိခင်တပ်များသို့ ပြန်လည် သတင်းပို့ကြသောအခါ ရောမ ဗိုလ်ချုပ်သည် သူ၏ ပင်မတပ်ကြီးအား ချက်ချင်း စခန်းဖြုတ်စေပြီး ရုန်း မြစ်ညာသို့ ချီတက်စေသည်။ ရောမဗိုလ်ချုပ်၏ ရည်ရွယ်ချက်မှာ ဟန်နီဘော ရုန်းမြစ်ကို ဖြတ်ကူးစဉ် အငိုက်ဝင်ရောက်တိုက်ခိုက်ရန် ဖြစ်လေသည်။

ရုန်းမြစ်ကို ဟန်နီဘော ဖြတ်ကူးဖွယ်ရှိသည့်နေရာကို ခန့်မှန်းရာတွင် ကောနီးလီးယပ်စ်ဆစ်ပီယိုသည် မှန်မှန်ကန်ကန်ပင် ခန့်မှန်းနိုင်ခဲ့ပါ၏။ သို့ရာတွင် သူ ခန့်မှန်းသည့်နေရာ အနီးဝန်းကျင်မှပင် ဟန်နီဘော ရက်စော၍ ရုန်းမြစ်ကို ဖြတ်ကူးသွားပြီဆိုသည်ကိုကား မသိလိုက်ပါချေ။

ဤနေရာအရောက်တွင် ဟန်နီဘောသည် ကောနီးလီးယပ်စ်ဆစ်ပီယို ကို ပြန်လှည့်တိုက်ရမည်လော၊ သို့မဟုတ် မူလရည်ရွယ်ချက်အတိုင်း အီတလီ သို့ပင် ဆက်လက် ချီတက်ရမည်လော ဟူ၍ ချီတုံချတုံ ဖြစ်နေသေးသည် ဟု လီဗီက မှတ်တမ်းတင်ခဲ့သည်။

စာရေးသူ၏ အမြင်အရမူ ဟန်နီဘောသည် ကောနီးလီးယပ်စ်ဆစ်ပီ ယိုကို တိုက်လိုသောဆန္ဒမရှိ၍သာ မူလရည်ရွယ်ချက်အတိုင်း အီတလီသို့ ဆက်လက်ချီခဲ့ခြင်း ဖြစ်သည်ဟု ယူဆသည်။ အကယ်၍ ထိုအချိန်က ဆစ်ပီယိုကို တိုက်ရန် ဆန္ဒရှိလျှင် အချိန်ကို ဆိုင်းငံ့နေရန် မလိုဘဲ ချက်ချင်း လှည့်တိုက်လိုက်ရုံသာ ရှိသည်။ အဘယ်ကြောင့်ဆိုသော် မိမိအင်အားက ရန်သူအင်အားထက် အဆများစွာ သာလွန်နေပြီ ဖြစ်ကြောင်း အလွယ် တကူ ခန့်မှန်းနိုင်ခြင်းကြောင့် ဖြစ်သည်။

ဤသို့ ရန်သူကို တမင်ရှောင်လိုက်ခြင်းအားဖြင့်လည်း မိမိတပ်၏ ရည်ရွယ်ချက်ကို ရန်သူ အကဲခတ်ရန် ခက်ခဲသွားစေခဲ့သည်။ မည်သို့ရှိစေ ဟန်နီဘောသည် သူ့ကာသေတပ်ကြီး စခန်းမဖြုတ်မီ သူ အသုံးပြုနေကျ ဖြစ်သည့် စိတ်ပိုင်းဆိုင်ရာ မဟာဗျူဟာကို ထိရောက်စွာ အသုံးပြုသွားပေ သေးသည်။

အဲလ်ပတောင်တန်း၏ တစ်ဖက်တွင် မှီတင်းနေထိုင်သည့် 'ဘွိုင်' လူမျိုးစု သံတမန်တချို့ ဟန်နီဘော၏ တပ်စခန်းသို့ ဆိုက်ရောက်လာခဲ့ကြ သည်။ ယင်းလူမျိုးစုတို့သည် ရောမတို့နှင့် မကြာမီက စစ်ဖြစ်ပွားခဲ့ကြပြီး

mgyoe.com

mgyoe.com

ဂုင်းတို့ပိုင်နက်ရှိ ပလာဆင်းတီးယားနှင့် ကရီမိုနာမြို့တို့ကို ရောမတို့က အနိုင်အထက် ကိုလိုနီပြုကျင့်ထားခြင်းကြောင့် အခဲမကျေဖြစ်နေသူများ ဖြစ်သည်။ သံအဖွဲ့ လာရောက်ခြင်း ကိစ္စမှာ ကာသေတပ် အဲလ်ပတောင်တန်းကို ကျော်၍ အီတလီပြည်သို့ ဝင်နိုင်ရေးအတွက် လမ်းပြခေါ်ဆောင်သွားရန် ကမ်းလှမ်းလာခြင်း ဖြစ်သည်။

ထိုအချိန်တွင် ကာသေစစ်သည် အတော်များများမှာ အဲလ်ပတောင်တန်းကို ကျော်ရန် ဝန်လေးနေကြသဖြင့် တညည်းညည်း တညူညူ လုပ်နေကြရာ ဟန်နီဗောသည် 'ဘွိုင်' လူမျိုးစု သံအဖွဲ့ ရောက်လာသည်ကို အခွင့်ကောင်းယူကာ သူ့စစ်သည်များ စိတ်ဓာတ်တက်ကြွလာစေရန် ရဲရဲတောက် မိန့်ခွန်းတစ်ရပ်ဖြင့် တပ်လှန့်လိုက်လေသည်။

"အဘယ်ကြောင်းကြောင့် သင်တို့ ကြောက်ရွံ့နေကြပါသနည်း၊ သင်တို့သည် လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း အောင်ပွဲအလီလီ ဆင်နိုင်ခဲ့သည် မဟုတ်ပါလား၊ ငါတို့သည် ရည်မှန်းရာ ခရီး၏ သုံးပုံ နှစ်ပုံ ကျော်ကိုပင် ပေါက်မြောက်ခဲ့ပြီ၊ ပီးရနီးတောင်တန်းကြီးကိုလည်း ဖြတ်ကျော်နိုင်ခဲ့ပြီ၊ ထောင်ပေါင်းများစွာသော ဂေါလတို့၏ ခုခံမှုကြားမှ လွန်စွာ ရေစီးသန်သော ရုန်းမြစ်ကိုလည်း ဖြတ်ကူးနိုင်ခဲ့ပြီ၊ ယခုဆိုလျှင် အဲလ်ပတောင်တန်းကြီးသည် ငါတို့ မျက်စိရှေ့မှောက်သို့ပင် ရောက်ရှိနေပေပြီ၊ အဲလ်ပတောင်တန်း၏ တစ်ဖက်တွင် အီတလီနိုင်ငံ တည်ရှိနေသည်ကို သင်တို့အသိပင် ဖြစ်သည်၊ ဤသို့ ရန်သူ့မုခ်အနီးသို့ ရောက်နေပါလျက် သင်တို့ ခန္ဓာကိုယ်သည် ပင်ပန်းနွမ်းနယ်နေရအံ့လော၊ သင်တို့၏ ခြေလှမ်းတို့သည် နှေးကွေးလေးဖင့်နေရအံ့လော"

"အဲလ်ပတောင်တန်းကြီးသည် တောင်၏ သဘာဝထက် ပို၍ အမြင့်ဆောင်နေသည်ဟု သင်တို့က အထင်ရောက်နေကြပြီလော၊ သင်တို့ ထင်သကဲ့သို့ မြင့်သည် ဆိုစေဦး၊ ပီးရနီးတောင်တန်းကြီးထက် ပို၍ မြင့်မားနိုင်ပါမည်လော၊ ထို့ထက် မြင့်သည်ပင် ဆိုစေဦး၊ ဤမဟာပထဝီမြေကြီး၏ မည်သည့် အစိတ်အပိုင်းဖြစ်စေ၊ မိုးထိအောင် မမြင့်မားနိုင်သည်ကို သင်တို့ မသိကြပြီလော၊ လူမရောက်နိုင်သောတောင် ဟူ၍ ဤကမ္ဘာတွင် မရှိသည်ကို သင်တို့ မသိကြပြီလော"

mgyoe.com

"စင်စစ် အဲလ်ပတောင်တန်းကြီးသည် လူသားတို့နှင့် သူစိမ်းပြင်ပြင် မဟုတ်မူဘဲ လူသားတို့ မှီတင်းနေထိုင်ပြီးသားနေရာသာ ဖြစ်သည်။ လူသားတို့ စိုက်ပျိုးထွန်ယက်ပြီးသော မြေအစိတ်အပိုင်းမျှသာ ဖြစ်ပါသည်။ ဤတောင်တန်းကြီးသည် သီးနှံတို့ကို ထုတ်လုပ်လျက်ရှိပြီး သက်ရှိသတ္တဝါတို့ကို ကျွေးမွေးနေပါသည်"

"ထို့ကြောင့် ဤတောင်တန်းကြီးကို လူတချို့ပင် ဖြတ်သန်းနိုင်ပါလျက် အဘယ်အကြောင်းကြောင့် တပ်မတော်တို့သည် မဖြတ်သန်းနိုင်ရှိရအံ့နည်း"

ယင်းသို့ ပြောဆိုရင်း ဟန်နီဗောသည် နောက်ကျောတွင် ရပ်နေကြသည့် 'ဘွိုင်' လူမျိုးစု သံအဖွဲ့အား စစ်သည်ပရိသတ်နှင့် မိတ်ဆက်ပေးလိုက်သည်။

"ယခု သင်တို့ ရှေ့မှောက် ရောက်ရှိနေကြသည့် ဤသံတမန်တို့သည် အဲလ်ပတောင်တန်းကြီးကို ဖြတ်ကျော်လာခဲ့ကြသူများ ဖြစ်သည်။ ဤသံတမန်တို့သည် အတောင်တပ်၍ အဲလ်ပတောင်တန်းကြီးကို ပျံသန်းကျော်လွှားလာခဲ့ခြင်း မဟုတ်ပါ။ ထို့ပြင် သင်တို့ မှတ်သားအပ်သည်မှာ အမျိုးမြတ်သော မျိုးမျိုးဆက်နွယ်မှ ဆင်းသက်လာခဲ့ကြသည့် ဤသူကောင်းသားတို့သည် အီတလီနိုင်ငံတွင် မွေးဖွားခဲ့ကြသည့် အီတလီ တိုင်းရင်းသားမဟုတ်မူဘဲ ငါတို့ကဲ့သို့ပင် တိုင်းတစ်ပါးသားများ ဖြစ်ကြသည်၊ သူတို့သည် လူစုလူဝေးလိုက် သားမယားများကိုပါ ခေါ်ဆောင်ကာ အဲလ်ပတောင်တန်းကြီးကို ဖြတ်ကျော်၍ ရေကြည်ရာ မြက်နုရာ တောင်တန်းကြီး၏ တစ်ဖက်တွင် အခြေချနေထိုင်ခြင်းပြုသူများ ဖြစ်သည်၊ သင်တို့သည် စစ်သည်များသာ ဖြစ်ကြသည်၊ သင်တို့တွင် သယ်ဆောင်ရန် ဝန်ထုပ်ဝန်ပိုးဆို၍ သင်တို့၏ လက်နက်သာပါရှိသည် မဟုတ်ပါလော"

"မထိုးဖောက် မဖြတ်သန်းနိုင်သော နေရာဒေသ၊ မကျော်လွှားနိုင်သော အခက်အခဲဟူသည် အကယ်တိသာမျှ မဟုတ်၊ စဂွန်တမ်မြို့ကိုပင် ကြည့်ပါလေ၊ ငါတို့ လုပ်ကြံ၍ ရှစ်လအတွင်းပင် ကျခဲ့သည် မဟုတ်ပါလော"

"ငါတို့၏ ရည်မှန်းချက်သည် ရောမသာ ဖြစ်သည်၊ ရောမသည်

mgyoe.com

mgyoe.com


ဤကမ္ဘာကြီး၏ နေပြည်တော်လည်း ဖြစ်သည်၊ ထို့ကြောင့် အဘယ်မည်သော အန္တရာယ်ကို စိုးရွံ့၍ စိုးရိမ်နေရပါသနည်း"

"ဂေါလတို့ စွန့်စားဝံ့၍ တိုင်းနိုင်ငံတစ်ခုကို ပိုင်ဆိုင်နေသောအချိန်တွင် ကာသေတို့က အကြောက်လွန်ကာ ရန်သူ့နယ်မြေအနီးသို့ပင် မချဉ်းဝံ့ပြီဟု သူတကာ ကဲ့ရဲ့ရှုတ်ချခြင်းကို သင်တို့ ခံနေကြမည်လော၊ ဂေါလတို့က သင်တို့ထက် လူရည်လူသွေး ချွန်မွန်သည်ဟု သင်တို့ ဝန်ခံကြမည်လော၊ သို့မဟုတ် ငါ့နောက်လိုက်ကြမည်လော၊ သင်တို့ ကြိုက်ရာ လမ်းကို ရွေးချယ်ပါလော့"

လူတို့သည် ဆောင်ရွက်ဖွယ်ရှိသည့် အမှုကိစ္စတစ်ခုကိုပင် ပြီးမြောက်အောင် ကိုယ်စွမ်းဉာဏ်စွမ်း ပြတတ်ကြသည်မှာ လူ့သဘာဝပင်ဖြစ်သည်။ ဤနေရာ၌လည်း ဟန်နီဗောသည် သူ ပိုင်နိုင်သည့် စိတ်ပိုင်းဆိုင်ရာ မဟာဗျူဟာကို စနစ်တကျ အသုံးချလိုက်ခြင်းပင် ဖြစ်လေသည်။

ဟန်နီဗော မိန့်ခွန်းအဆုံးတွင် ထွက်ပေါ်လာသည့် စစ်သည်ဗိုလ်ပါတို့၏ သြဘာသံများသည် ရုန်းမြစ်ဝန်းကျင်ရှိ စိမ့်တောကြီး တစ်ခုလုံးကိုပါ လွှမ်းမိုးသွားလေတော့သည်။

ထိုအခြင်းအရာများ ဖြစ်ပွားပြီးနောက် ရက်အနည်းငယ်ခန့်အကြာတွင် ဗိုလ်ချုပ်ဆစ်ပီယို ဦးစီးသော ရောမတပ်ကြီး ဆိုက်ရောက်လာသောအခါ မကြာမီက ကာသေတပ် စခန်းချသွားသည့်နေရာ၌ မီးဖိုဟောင်းများနှင့် ကာသေတပ် ကျန်ရစ်သည့် ပစ္စည်းများနှင့် အတိုအစလေးများကို မြေလှန်ရှာဖွေနေကြသော ဌာနေလူမျိုး အနည်းငယ်တို့ကိုသာ တွေ့ရလေသည်။ ထိုလူစုကို မေးမြန်းစုံစမ်းကြည့်သောအခါတွင်ကား ဟန်နီဗော၏ ကာသေတပ်ကြီး ထိုစခန်းမှ ထွက်ခွာသွားသည်မှာ သုံးရက်ခန့်မျှပင် ကြာညောင်းပြီး ဖြစ်ကြောင်း သိလိုက်ရတော့သည်။

ထိုသတင်းကို ကြားရသောအခါ ဗိုလ်ချုပ် ဆစ်ပီယိုသည် အံ့အားအသင့်ကြီး သင့်သွားရလေသည်။ အဘယ့်ကြောင့်ဆိုသော် ဤလမ်းမှ အီတလီသို့သွားလျှင် အန္တရာယ်ထူပြောလှသည့်အပြင် လမ်းတစ်လျှောက်တွင်လည်း ရန်လိုသော လူမျိုးစုများ မှီတင်းနေထိုင်ကြသည်ဖြစ်၍ မည်သည့်နည်းနှင့်မျှ ဤလမ်းကို လိုက်လိမ့်မည်မဟုတ်ဟု ကံသေကံမ တွက်ချက်မိခြင်းကြောင့် ဖြစ်လေသည်။

mgyoe.com

mgyoe.com


ဤတွင် ဗိုလ်ချုပ်ကောနီးလီးယပ်ဆစ်ပီယိုသည် စပိန် စစ်ဆင်ရေးကို ညီဖြစ်သူအား လွှဲပြောင်းတာဝန်ပေးလိုက်ပြီး သူ့တပ်ကို အမြန်ပြန်ခေါက်ကာ စစ်သင်္ဘောများဖြင့် အီတလီသို့ စုန်ဆင်းခဲ့လေသည်။ ဆစ်ပီယို၏ ရည်ရွယ်ချက်မှာ အီတလီသို့ အမြန်ပြန်ပြီး ထရူးရီးယားမြို့မှ ဖြတ်ချိကာ ဟန်နီဗော ဆင်းလာမည့် အဲလ်ပတောင်ကြား လမ်းမသို့ ကြိုတင် ရောက်ရှိနေရန် ဖြစ်ပါ၏။

■

mgyoe.com

mgyoe.com

# အခန်း (၆)
# အဲလ်ပကို ကျော်ရာဝယ်

ကာသေဂျိုန (ကာသေ ဂိုနိုဗာ) မှ ရှန်းမြစ်အထိ စစ်ချီခဲ့သော ဟန္နီဗောဏ် ခရီးစဉ်နှင့် ပတ်သက်၍ ပညာရှင်များအကြား အငြင်းပွားဖွယ် တစ်စုံတစ်ရာ မပေါ်ပေါက်ခဲ့သော်လည်း အေဗစ်နွန်မြို့၏ မြောက်ဘက်မှ ဆက်ချီခဲ့သည့် ခရီးစဉ်တွင်မူ အကြိတ်အနယ် အငြင်းပွားခဲ့ရလေသည်။ တချို့ပညာရှင်များက ဟန္နီဗောသည် ရှန်းမြစ်၏ အရှေ့စူးစူးသို့ ဆက်ချီခဲ့ပြီးမှ အီတလီခရီးကို စတင်ခဲ့သည်ဟု ဆိုခဲ့ကြပြီး တချို့ကလည်း ဒရုန်းမြစ်နှင့် ရှန်းမြစ်ဆုံရာ မောင့်အယ်လီမာဗဲလင့်စ်မြို့ နှစ်မြို့ကြား ခရီးတစ်နေရာမှ စတင်ကာ အီတလီဘက်သို့ တပ်ဦးလှည့်ခဲ့သည်ဟု ဆိုကြသည်။

တချို့ကမူ အေဗစ်နွန်မြို့၏ မြောက်ဘက် အဇ္ဇရီမြစ်နှင့် ဒရုန်းမြစ်ဆုံရာအရပ်မှ အီတလီဘက်သို့ ဦးလှည့်ခဲ့သည်ဟု ဆိုခဲ့ကြသည်။ နောက်ဆုံး အဆိုကို ဦးဆောင်တင်သွင်းသူမှာ ပထဝီဝင်ပညာရှင် ဒီဘဲယားပင် ဖြစ်လေသည်။

ပေါ်လီးဗီးယပ်၏ အဆိုအရကား ဟန္နီဗောသည် ရှန်းမြစ်ကို ဖြတ်ကူးခဲ့သည့်နေရာမှ လေးရက်ခန့် ဆက်ချီခဲ့ရာ 'ကျွန်း' ဟု အမည်တွင်သော နယ်မြေတစ်ခုသို့ ဆိုက်ရောက်ခဲ့သည်။ ထိုနယ်မြေကို 'ကျွန်း' ဟု ခေါ်ရခြင်းမှာလည်း ထိုနယ်မြေ၏ သွင်ပြင်လက္ခဏာကို မှီ၍ ခေါ်တွင်ခြင်း ဖြစ်သည်ဟု ဆိုလေသည်။ ယင်းဒေသမှာ တြိဂံပုံစံရှိပြီး ဘေးအနားတစ်ဖက်မှာ

mgyoe.com

mgyoe.com

ဆခါရမြစ်ဖြစ်လျက် အခြေအနားမှာမူ လူကျော်၍မရသော တောင်များ ဖြစ်သည်။

တချို့ကလည်း ပေါ်လီးဗီးယပ် ပြောသည့် ဆခါရမြစ်ဆိုသည်မှာ အဒ္ဒရီမြစ် ဖြစ်တန်ရာသည်ဟု ယူဆကြသည်။ စင်စစ် ဆခါရမြစ် ဆိုသည်မှာ အောရင့်ဂျီမြို့၏ မြောက်ဘက်မှနေ၍ ရှန်းမြစ်ထဲသို့ စီးဝင်သော အေးဂက်စ်မြစ်ပင် ဖြစ်ပေသည်။ ထိုနေရာတွင် ပေါ်လီးဗီးယပ်စ် ပြောသကဲ့သို့ တြိဂံပုံစံ နယ်မြေတစ်ခုကို တွေ့ရသည်။ ထိုတြိဂံ ဘေးအနားတစ်ဖက်မှာ ရှန်းမြစ်၊ ကျန်အနားတစ်ဖက်မှာ အေးဂက်စ်မြစ်ဖြစ်ပြီး အခြေအနားအဖြစ် ဘဝွန်းနီးစ်တောင်များက မျဉ်းသားထားလေသည်။ ထိုတြိဂံပုံစံအလယ်တွင် မြေဆီသြဇာကောင်းသော မြေပြန့်လွင်ပြင်ရှိ၍ ဂျုံနှင့် စပျစ်များ ဖြစ်ထွန်းနေသည်ကို တွေ့ရလေသည်။

အေးဂက်စ်မြစ်သည် ရှေးရှေးအခါက ဆခါရမြစ် ဖြစ်ကြောင်းကိုလည်း ဘာသာဗေဒ အထောက်အထားအရ သိရှိရလေသည်။ ဟန္နီဗောသည် ရှန်းမြစ်မှ ဆက်ချီခဲ့ပြီး အီတလီသို့ မည်သည့်နေရာမှ တပ်ဦးလှည့်ခဲ့သည်ဆိုသည့် အငြင်းပွားချက်နှင့် ပတ်သက်၍ ပထဝီဝင်ပညာရှင် ဒီဘဲယား၏ အဆိုပြုချက်က ပိုမိုနီးစပ်နိုင်ဖွယ် ရှိလေသည်။

ထိုနယ်မြေကို လူမျိုးစုခေါင်းဆောင် ညီအစ်ကိုနှစ်ဦးက သူ ပိုင်ထိုက်သည်၊ ငါ ပိုင်ထိုက်သည်ဟု အငြင်းပွားနေကြရာ ဟန္နီဗောသည် ထိုညီနောင်နှစ်ဦးအနက် တစ်ဦးဖြစ်သည့် ဘရန်ကပ်စ်ဆိုသူနှင့် ပူးပေါင်းကာ ကျန်ညီနောင်တစ်ဦးကို တိုက်ခိုက် အနိုင်ယူလိုက်သည်။

ဤတွင် ဘရန်ကပ်စ်သည် ဟန္နီဗောအား ကျေးဇူးတင်သည့်အနေဖြင့် ဂျုံ၊ ပြောင်းနှင့်တကွ လိုအပ်သော အခြား ရိက္ခာတို့ကိုပါ ဖြည့်တင်းပေးလိုက်သည့်အပြင် ဟန္နီဗော၏ တပ်ကြီး တစ်တပ်လုံးအားလည်း လက်နက်အသစ်များဖြင့် လဲလှယ် တပ်ဆင်ပေးလိုက်ပြန်သည်ဟု ပေါ်လီးဗီးယပ်၏ မှတ်တမ်းများက ဆိုလေသည်။

ထိုမျှသာမကသေး တောင်ဘက်နိုင်ငံအတွက် အနွေးထည်များ၊ ခြေနင်းများကိုလည်း ဖြည့်ဆည်းပေးပြီးနောက် အဲလ်လိုထရိဂျက်စ်တို့ နေထိုင်ရာ ဒေသကို ဖြတ်သန်းနိုင်ရန်အတွက် လမ်းပြများနှင့် လက်နက်

mgyoe.com

mgyoe.com


အပြည့်အစုံ တပ်ဆင်ထားသော နောက်ရန်တပ်ကိုလည်း ကာသေတပ်နှင့် အတူ ထည့်ပေးလိုက်သေးသည်။ အဲလ်လိုထရိဂျက်စ် လူမျိုးစုမှာ ဂေါလ မျိုးနွယ်ဝင် လူမျိုးစုတစ်စုဖြစ်ပြီး ကာသေတို့အပေါ် မသက်ာရှိသူများလည်း ဖြစ်သည်။ ယင်းတို့သည် ပေါ်လီးဗီးယပ်စ် ပြောသော ကျွန်း၏ မြောက် ဘက် ရုန်းမြစ်နှင့် အဒ္ဒရီမြစ်ကြားတွင် နေထိုင်ကြသူများ ဖြစ်လေသည်။

ဤသို့ ရိက္ခာလည်း ဖြည့်ပြီး အနားလည်း ရယူပြီး လက်နက်အသစ် များလည်း တပ်ဆင်ထားပြီးသော ကာသေတပ်သည် စခန်းဖြုတ်ပြီး မြစ် ညာသို့ ဆက်တက်ခဲ့လေသည်။

ဟန်နီဗောသည် 'ကျွန်း' ဟု အမည်တွင်သော ဒေသမှ ထွက်ခွာခဲ့ပြီး ရုန်းမြစ်အတိုင်း မြောက်အရပ်သို့ ရှေးရှုချီတက်ခဲ့သည်ဟု ဆိုပေရာ ဤ နေရာ၌ ဟန်နီဗောသည် အီတလီရှိရာ အရှေ့စူးစူးသို့ အဘယ့်ကြောင့် ဦး မလှည့်ဘဲ ဤမျှ အချိန်ဆွဲထားပါသနည်းဟု မေးဖွယ်ရှိလေသည်။

စင်စစ် ဟန်နီဗောသည် ဤသို့ မြောက်အရပ်ဘက် ဆက်တက်နေ ခြင်းမှာ မိမိ ရည်ရွယ်ချက်အမှန်ကို ရန်သူမသိစေရန် ပုန်းကွယ်လို၍ ဖြစ် သည် ဟူ၍သာ အဖြေပေးရပေမည်။ ရန်သူကို ထိုအရပ်၊ ထိုဒေသတွင် မတိုက်လို၍ တမင်ရှောင်နေခြင်းလည်း ဖြစ်သည်။ ဟန်နီဗောသည် ရန်သူ၏ ပိုင်နက်တွင်သာ တိုက်ခိုက်လိုသည့်ဆန္ဒ ပြင်းပြနေလေသည်။ ရောမတပ်ကို ရောမမြေပေါ်တွင် တိုက်နိုင်မှလည်း ရုပ်ပိုင်းအရသာမက စိတ်ပိုင်းဆိုင်ရာ အရပါ အနိုင်ရရှိနိုင်မည် မဟုတ်ပါလော။ ဤ ရည်ရွယ်ချက်ဖြင့် ဟန်နီဗော သည် ရုန်းမြစ်ကို လက်ဝဲဘက်တွင်ထားပြီး မြောက်အရပ်သို့ ရှေးရှု ချီတက် နေခြင်းလည်း ဖြစ်ပေသည်။

ကာသေတပ်သည် တစ်နေ့လျှင် ၁၀ မိုင်နှုန်းဖြင့် မြစ်ကမ်းခြေရှိ စိမ့်တောထဲမှ ချီတက်နေပြီး အမှောင်သန်းမှပင် ရပ်နားလေ့ရှိသည်။ အရှေ့ အရပ်သို့ လှည့်ကြည့်လိုက်လျှင် အဲလ်ပတောင်တန်းကြီးကို အထင်းသား မြင်နေရသည်။ ထိုတောင်တန်းကြီးကို ကျော်လိုက်လျှင် အီတလီသို့ ရောက် မည် ဆိုသည်ကိုလည်း စစ်သည်တို့က သိနေကြသည်။ သို့သော်လည်း မိမိတို့ ဗိုလ်ချုပ်သည် အဘယ်ကြောင့် အရှေ့အရပ်သို့ ဦးတည် ချီတက်ရန် အမိန့်မပေးပါသေးသနည်း။ ဤမေးခွန်းကို စစ်သည်တော်များအကြား ညှ

mgyoe.com

mgyoe.com


တိုင်းမေး၍ နောက်တစ်နေ့နံနက် မိုးသောက်လျှင် မြောက်အရပ်သို့သာ ဆက်လက် ချီတက်မြဲ ချီတက်နေရသည်။

ဤသို့ဖြင့် တစ်ညနေတွင် ကာသေတပ်မတော်သည် ဒရုန်းမြစ်နှင့် ရုန်းမြစ်ဆုံရာ အမှတ်သို့ ရောက်လာသည်။ ထိုနေရာအရောက်၌ပင် ဟန္နီဗောသည် သူ့တပ်ကြီးအား အရှေ့အရပ်သို့ ကွေ့ချီရန် အမိန့်ပေးလိုက်တော့သည်။

အဲလ်ပတောင်တန်းကြီးသည် စိန်ခေါ်သူ ကာသေတပ်မတော်ကြီးအား မထိတရီဖြင့် ငုံ့ကြည့်နေယောင်တကား။

■

mgyoe.com

mgyoe.com

# အခန်း (၇)
# တောင်ဝင် လှျိုဝင်လမ်း

ကာသေတပ်ကြီး အဲလ်ပတောင်တက်ခရီးကို စတင်နေစဉ်မှာပင် ဆောင်းဥတုသည်လည်း နွေဥတုသို့ ကူးပြောင်းစပြုခဲ့သည်။ ဂေါလလူမျိုးစု ခေါင်းဆောင် ညီအစ်ကိုတစ်ဦးဖြစ်သည့် ဘရန်ကပ်စ် ထည့်ပေးလိုက်သော လက်နက်ကိုင် နောက်ရန်တပ်သည်လည်း ဌာနေသို့ ပြန်သွားခဲ့ပြီဖြစ်၍ ရန်လိုသော အဲလ်လိုဘရိုဂျက်စ်တို့ကလည်း ကာသေတပ်ကြီး မြေပြန့်တွင် ရှိနေသေးသမျှ ရန်မူရန် ဝန်လေးနေကြသေးသည်။ ဟန္နီဗောသည် တပ်ဦး အနီးမှ မြင်းစီးလျက် ချီရင်း အထက်တစ်ခိုရှိ တောင်စောင်း၊ တောင် နှာမောင်းများဆီသို့ မျက်ခြည်မပြတ် တကြည့်ကြည့် ကြည့်လာခဲ့သည်။ မကြာခဏဆိုသလိုလည်း ကင်းထောက် မြင်းသည်တော်တို့က တပ်ဦးရှေ့ ခပ်လှမ်းလှမ်း တောင်စောင်းများတွင် အဲလ်လိုဘရိုဂျက်စ်တို့ကို တွေ့ရ ကြောင်း သတင်းပို့နေကြသည်။ ယင်းသို့ရှိရာမှ ညဥ့်သို့ရောက်ခဲ့၍ တောင် ကြား တစ်နေရာတွင် တပ်စခန်းချလိုက်ကြသည်။ သို့ရာတွင် အစောင့်အနေ တို့မှာ အိပ်စက်ခွင့်ရကြသည် မဟုတ်။ ဝန်းကျင်ပတ်ချာလည်ရှိ တောင်နံရံ များဆီသို့သာ အာရုံစိုက် ကြည့်ရှုနေရသည်။ မကြာခဏဆိုသလို တပ်လှန့် သည့် တံပိုးခရာသံများကလည်း ပေါ်ထွက်လာတတ်ရာ ထိုတံပိုးခရာသံ များ တောင်နံရံနှင့် ရိုက်ခတ်ပြီး ဆင့်ကဲပဲ့တင် ထပ်သွားသည်မှာ တစ်တောင် လုံးပင် ညံသွားလေသည်။ ဤသို့ဖြင့် တစ်မိုးသောက်ခဲ့ပြီး ကာသေ တပ်မတော် သည်လည်း တောင်ထိပ်ဆီသို့ တိုးတက်မြဲ တက်ခဲ့သည်။

mgyoe.com

mgyoe.com

တစ်နေ့တွင် ရှန်းမြစ်တစ်ဖက်ကမ်းမှ အီတလီအရောက် လမ်းပြရန် တာဝန်ယူထားသည့် သံအဖွဲ့ဝင်တို့၏တပ်မှ ကင်းထောက် စစ်သည် တစ်ဦးသည် အရေးကြီးသော သတင်းတစ်ရပ်ကို ဟန္နီဗောထံ သတင်းပို့ လာသည်။ ထိုသတင်းမှာ အရေးကြီးသောသတင်းဖြစ်သဖြင့် ဟန္နီဗော သည် စစ်ကောင်စီအဖွဲ့ဝင်များအား ဆင့်ခေါ်လိုက်သည်။ ကင်းထောက် စစ်သည်၏ သတင်းပို့ချက်အရသော် ကာသေတပ်ကြီး မကြာခင် ဝင်ရောက် ရတော့မည့် လျှိုဝင်လမ်းမှာ ကျဉ်းမြောင်းလွန်းသဖြင့် လူ လေးယောက်ပင် ရင်ပေါင်တန်း မဝင်နိုင်ဟု ဆိုသည်။ လမ်းမှာ တစ်လျှောက်လုံး မတ်စောက် နေသည့်အပြင် ရန်လိုသော ဌာနေလူမျိုးစုများကလည်း လျှိုလမ်းကို သိမ်းပိုက် ထားကြပြီး စစ်ရေးအရ အချက်အချာ ကျသည့် တောင်စောင်း၊ တောင် နှာမောင်းတို့တွင် နေရာယူထားကြသည်ဟု ဆိုလေသည်။ ထိုလမ်းမှလွဲ၍ လည်း အခြား ရွေးချယ်ရန် လမ်းမရှိ။ ထို့ပြင် လျှိုဝင်လမ်းကို သိမ်းပိုက်ထား သည့် ရန်သူကို ကြိုတင်ရှင်းလင်းခြင်း မပြုနိုင်ပါက ကာသေတပ်ကြီး လျှိုဝင်လမ်းသို့ ဝင်ရောက်စဉ်တွင် ရန်သူက အခွင့်အရေးယူကာ တိုက်ခိုက် မည့် အခြေအနေတွင် ရှိနေသည်ဟု ဆိုလေသည်။ ယင်းသို့ အတိုက်ခံရ လျှင် လျှိုအနေအထား၏ ကျဉ်းမြောင်းမှုကြောင့် မြင်းတပ်အနေအထားဖြင့် တစ်စုံတစ်ရာ အကာအကွယ်ပေးနိုင်မည် မဟုတ်။ သို့ရာတွင် ကျန်ရှိသော မျှော်လင့်ချက်တစ်ခုမှာ ရန်သူသည် ထိုအချက်အချာကျသော နေရာများကို နေ့အခါတွင်သာ စောင့်ကြပ်ပြီး ညအခါများတွင် ၎င်းတို့၏ ရွာများသို့ ပြန်အိပ်လေ့ရှိသည်ဟု ဆိုသည့်အချက်ပင် ဖြစ်သည်။ ဤသည်မှာလည်း ဖမ်းဆီးရမိထားသော သုံ့ပန်းများကို စစ်ဆေးမေးမြန်းရာမှ ရရှိသော သတင်းဖြစ်သည်ဟု ဆိုလေသည်။

ဟန္နီဗောသည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပြီး စစ်ကောင်စီ အဖွဲ့ ဝင်များကို ပြန်လွှတ်လိုက်သည်။ နောက်တစ်နေ့တွင် ထုံးစံအတိုင်း စခန်း ဖြုတ်ပြီးနောက် ရန်သူ့မျက်စိအောက်မှ ပြောင်ပြောင်တင်းတင်း ချီတက်ခဲ့ သည်။ ပြီး ရန်သူ့မျက်စိအောက်၌ပင် စခန်းချ ရပ်နားလိုက်ပြန်သည်။ ညချမ်းရောက်သည်နှင့် ဟန္နီဗောသည် သူ့တပ်စခန်း တစ်ခုလုံးကို ပွဲတော် တမျှ မီးထိန်ထိန်ညီးအောင် ထွန်းရန် အမိန့်ပေးလိုက်သည်။ ဤသို့ ကာသေ

mgyoe.com

mgyoe.com

တပ်စခန်းတစ်ခုလုံး မီးထိန်ထိန်ညီးမှု ထွန်းညှိထားသည်ကို တွေ့ရသော အခါ ရန်သူ အဲလ်လိုဘရိုဂျက်စ်တို့သည် ယခုညတွင် ကာသေ တိုက်ခိုက်ဦးမည် မဟုတ်သေးဟု ယုံကြည်သည်က တစ်ကြောင်း၊ ယခု ညတွင်းချင်း လျှိုဝင်လမ်းမှ ဝင်လျှင်လည်း အရဏ်တက်သည်အထိ ခရီးဝေးဝေးလံလံ ရောက်နိုင်ဦးမည် မဟုတ်ဟု ယူဆကာ ထုံးစံအတိုင်း ၎င်းတို့၏ ရွာများဆီသို့ ပြန်သွားကြလေသည်။

သို့တစေ ကာသေ တပ်စခန်းအတွင်း လျှို့ဝှက်လှုပ်ရှားမှုတစ်ခု ရှိနေသည်ကိုမူ ရန်သူ အဲလ်လိုဘရိုဂျက်စ်တို့ မသိလိုက်ပါချေ။ ယင်းမှာ အခြားမဟုတ်။ ဗိုလ်ချုပ်ဟန်နီဘောသည် သူ့စစ်သည်များအနက်မှ အထူးတာဝန်ပေးရန် လက်ရွေးစင် စစ်သည်တစ်စုကို ရွေးချယ် စုစည်းလိုက်သည်။ လူရွေးပြီးလျှင် ထိုစစ်သည်များ၏ ကိုယ်ပေါ်မှ လေးလံသော သံကိုယ်ကျပ်တို့ကို ချွတ်စေပြီး အပေါ့ဆုံး လက်နက်နှင့် အမြန်ဆုံး မြင်းတို့ကို ပေးအပ်လိုက်သည်။ သူကိုယ်တိုင်လည်း မြင်းပေါ်သို့ တက်ကာ ထိုမြင်းသည်တို့ကို ဦးဆောင်လျက် အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

နောက်တစ်နေ့နံနက်တွင် ခြေမြန်ဆက်သားတို့သည် သတင်းကောင်းများကို သယ်ဆောင်ကာ တပ်စခန်းသို့ ရောက်ရှိလာကြသည်။ ယင်းသတင်းကောင်းများမှာ အခြားမဟုတ်။ ရန်သူ အဲလ်လိုဘရိုဂျက်စ်တို့ သိမ်းပိုက်ထားသည့် အချက်အချာကျသည့် နေရာမှန်သမျှကို ဟန်နီဘောနှင့် သူ့စစ်သည်များက သိမ်းပိုက်ထားနိုင်ပြီဆိုသည့် သတင်းပင် ဖြစ်လေသည်။ ထိုသတင်းကို ကြားရပြီး မကြာမီမှာပင် စစ်ချီရန် နှိုးဆော်လိုက်သည့် တံပိုးခရာသံများ ထွက်ပေါ်လာကာ ကာသေ စစ်ကြောင်းကြီးသည်လည်း စနစ်တကျ တန်းစီလျက် တစ်နေ့တာ ချီတက်ရမည့် ခရီးကို စတင်စပြုနေပြီ ဖြစ်လေသည်။

နောက်တစ်နေ့နံနက် အရဏ်တက်၍ အဲလ်လိုဘရိုဂျက်စ်တို့သည် သူတို့၏ လျှို့ဝှက်တောင်ပေါ် ဖြတ်လမ်းများမှ ဖြတ်သန်းသွားရောက်၍ သူတို့ နေ့အချိန်တွင် စောင့်ကြပ်လေ့ရှိသည့် နေရာများကို သွားရောက်ကြည့်ရှုသောအခါ ကာသေ စစ်သည်များက စောင့်ကြပ်နေသည်ကို တွေ့ရှိရလေသည်။ တစ်ချိန်တည်းမှာပင် လျှိုလမ်းကျဉ်းအတိုင်း တရွေ့ရွေ့

mgyoe.com

ချီတက်နေသော ကာသေစစ်သည် ၅၀၀၀၀၊ ဝန်တင်တိရစ္ဆာန်တို့နှင့် ဆင်များကိုပါ တွေ့ရှိလိုက်ရတော့သည်။

ယင်းသို့ အဲလ်လိုဘရိုဂျက်စ်တို့သည် ရန်သူ ကာသေတပ်ကြီး ဖြတ်သန်းသွားသည်ကို လက်မှိုင်ချ၍ ကြည့်နေရခိုက် ကုန်အပြည့် တင်ထားသည့် ဝန်တင်လားများ ကျဉ်းမြောင်းသည့် တောင်ခါးပတ် လမ်းတစ်လျှောက် တလှုပ်လှုပ် တက်ရောက်နေသည်ကို တွေ့ရသောအခါ လောဘသက္ကာရဝင်ပြီး လုယက်ရန် အားထုတ်ကြတော့သည်။ ၎င်းတို့သည် အုပ်စုငယ်ကလေးများ ဖွဲ့စည်းလိုက်ပြီး ၎င်းတို့ စိတ်ကြိုက်ပစ်မှတ်ကို ရွေးချယ်ကာ စစ်ကြေးကြော်သံများ ဟစ်ကြွေးလျက် ဝင်ရောက် တိုက်ခိုက်ကြတော့သည်။

ယင်းအခြင်းအရာကို တောင်မြင့်တစ်နေရာတွင် ရောက်နေသော ဟန္နီဗောက အပေါ်စီးမှ အတိုင်းသား မြင်နေရလေသည်။ သို့ရာတွင် ဟန္နီဗောအနေဖြင့် အတိုက်အခိုက်ခံနေရသော ဝန်တင်လားများနှင့် လားထိန်းတို့အတွက် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိပါချေ။ မြင်းဇက်ကြိုး ကိုင်ထားသော လက်ကို ဖြန့်ချည်ဆုပ်ချည် လုပ်နေခြင်းကပင် သူ့စိတ်မည်မျှ လှုပ်ရှားနေသည်ကို ဖော်ပြနေလေသည်။ ဤအဖြစ်မျိုးနှင့် ကြုံရမည်ကို သူ မျှော်လင့်မထား၍မဟုတ် မျှော်လင့်ထားပြီး ဖြစ်သည်။ ထို့ကြောင့်လည်း ဤသို့ မဖြစ်ပါစေရန် အကြိမ်ကြိမ် ဆန္ဒပြုမိသည်။ တစ်ဖက်တွင် တောင်နံရံ၊ တစ်ဖက်တွင် ချောက်ကမ်းပါးရှိသည့် တောင်ခါးပတ်လမ်းကျဉ်းတွင် တိရစ္ဆာန်များ ဖြတ်သန်းခိုက် တိရစ္ဆာန်များ ထိတ်လန့်စေရန် အကြောင်း တစ်စုံတစ်ရာ ပေါ်ပေါက်လျှင် တိရစ္ဆာန်ရော ပစ္စည်းပါ ဆုံးရှုံးမည်ကို ကြိုတင်တွက်ချက်ထားပြီး ဖြစ်သည်။ တိုက်ခိုက်လာသော ရန်သူကို ဝင်ရောက်ဟန့်တားလျှင် တောင်ခါးပတ်လမ်းကျဉ်း တစ်လျှောက် အခြေအနေ ပိုမိုရှုပ်ထွေးသွားနိုင်ပြီး မိမိဘက်မှ အကျအဆုံးလည်း များပေမည်။ ထို့ကြောင့် အကူအညီမပေးနိုင်ဘဲ လက်ပိုက်ကြည့်နေရခြင်း ဖြစ်လေသည်။

ဤသို့ ကျဉ်းမြောင်းသည့် လမ်းပေါ်တွင် ထောင့်စုံဘက်စုံမှ အတိုက်ခိုက်ခံနေရသဖြင့် လားထိန်းနှင့် လားများ ချောက်ထဲသို့ တဗုန်းဗုန်း ကျနေ

mgyoe.com

mgyoe.com


ကြတော့သည်။ ထိုကျသွားသော လူနှင့်လားတို့အနက် တချို့မှာ အောက်မှ တက်လာသော စစ်ကြောင်းပေါ်သို့ကျသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်နေကြတော့သည်။ ဟန်နီဗောအနီးတွင် ဝန်းရံနေသော စစ်သည်တို့သည် အောက်ခြေတွင် ဖြစ်ပျက်နေသော အခြင်းအရာကို တစ်လှည့်၊ ဟန်နီဗော၏ မျက်နှာကို တစ်လှည့် ကြည့်နေကြတော့သည်။ သူတို့သည် ဟန်နီဗောထံ အမိန့်ခံနေခြင်း ဖြစ်သည်။ သို့တစေ ဟန်နီဗောသည် တစ်စုံတစ်ရာ အမိန့်မပေး၊ အချက်မပြဘဲ ဆိတ်ဆိတ်နေမြဲသာ နေသည်။ ယင်းအခိုက်တွင်လည်း လူ၊ လားနှင့် မြင်းတို့သည် အရုပ်ကလေးများသဖွယ် ချောက်ထဲသို့ တဖြုတ်ဖြုတ် ကျနေကြပြီး တောင်အောက်စစ်ကြောင်းရှိ စစ်သည်များကလည်း တောင်ခါးပတ်လမ်းမှ ဖြစ်အင်ကို ကြည့်ရင်း အကူအညီပေးရန် အားမလို အားမရ ဖြစ်နေကြတော့သည်။ လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေအရ ရိက္ခာနှင့် ဝန်တင်လားများ ဆုံးရှုံးသွားရလျှင် ကာသေတပ်ကြီးအဖို့ ယခု ရင်ဆိုင်နေရသော အကျပ်အတည်းမှ လွတ်မြောက်သည့်တိုင် သက်ဆိုးရှည်နိုင်မည် မဟုတ်ချေ။

ထိုတဒင်္ဂမှာပင် ဟန်နီဗောသည် ခါးမှ ဓားကို ဆွဲထုတ်လိုက်သည်။ ထို့နောက် နှုတ်မှ အမိန့် တစ်စုံတစ်ရာ ပေးလိုက်သည်။ တစ်ဆက်တည်းမှာပင် နျူမီဒီယန် မြင်းသည်တို့၏ စစ်ကြွေးကြော်သံများလည်း မိုးခြိမ်းသံအလား ထွက်ပေါ်လာတော့သည်။ ထိုပဲ့တင်သံ မစဲသေးမီမှာပင် ဟန်နီဗော ဦးဆောင်သော နျူမီဒီယန်မြင်းတပ်သည် ရုတ်ရုတ်သဲသဲ ဖြစ်နေသည့် တောင်ခါးပတ်လမ်းဆီသို့ မြင်းကို ကဆုန်စိုင်း ဆင်းသွားတော့သည်။ အချိန်အတန်ကြာလျှင် အခြေအနေ ရှုပ်ထွေးသွားပါ၏။ ရန်သူနှင့် မိတ်ဆွေကိုပင် ခွဲခြားမရနိုင်အောင် ရှိသည်။ ဂေါလတို့က ဖြက်ကြီးသည့် ဓားရှည်ကြီးများဖြင့် တိုက်ခိုက်ကြပြီး နျူမီဒီယန် မြင်းသည်တို့က လှံများဖြင့် တိုက်ခိုက်ကြသည်။ နျူမီဒီယန်မြင်းသည်တို့ လက်ချက်ဖြင့် ကျဆုံးသွားသော ဂေါလတို့၏ သွေးသည် အနီးဝန်းကျင်ရှိ ကျောက်တုံးများပေါ်တွင် မြင်မကောင်းအောင်ပင် ခြင်းခြင်းနီနေတော့သည်။

မကြာပါချေ။ တိုက်ပွဲ၏ မြင်ကွင်းသည် ရုတ်ခြည်းပင် ပြောင်းလဲသွားလေသည်။

mgyoe.com